www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ရေတစ်စက်နဲ့တော့ ရေခွက်ပြည့်လာမှာမဟုတ်ပါဘူး။
နေ့အထွက်မှာ ရေခွက်နဲ့ခံရုံနဲ့လည်း...
ရေတစ်စက်ရမှာမဟုတ်ပါဘူး။
ရေခွက်ပြည့်ချင်ရင်...ရေအတက်မှာ ရေခွက်နဲ့သာခပ်ယူပါ။

- အတွေးရှိသော်လည်း စိတ်ကူးမကောင်းသောသူမှာ
အတောင်ရှိသော်လည်း မပျံနိုင်သောငှက်ကဲ့သို့
ရွံ့နွံ၌သာ အစာရှာဖွေရတတ်ပေ၏။

- စိတ်ကူးကောင်းလေးတစ်ခုသည်
အရာအားလုံးကိုပြီးမြောက်နိုင်စေသည်။
စိတ်ကူးကို ဝီရိယနှင့်
ပံ့ပိုးအကောင်အထည်ဖော်ပေးရသည်။

BURMESE CLASSIC

# ဒဿနလက်ဆောင်

- လေးရှိသော်လည်း မြှားမရှိလျှင်သော်လည်းကောင်း
မြှားရှိသော်လည်း လေးမရှိလျှင်သော်လည်းကောင်း
လိုရာအဝေးသို့ မရောက်နိုင်ပေ။
စိတ်ကူးနှင့်ဝီရိယသည် လေးနှင့်မြှားကဲ့သို့ပင်တူလေသည်။

- ရှုံးနိမ့်ခြင်းသည်
အောင်မြင်မှုသဘာဝကို မသိသောကြောင့်ဖြစ်သည်။
အောင်မြင်မှုဥပဒေသမှာ
ဘဝ၏အောင်မြင်တိုးတက်အောင်
နည်းစံနစ်ကျကျကြိုးစားခြင်းဖြစ်၏

- ဘုရားလောင်းသည် ဒုက္ခဟရိယာကျင့်သောကြောင့်
ဘုရားအဖြစ်သို့ရောက်ခဲ့သည်။
ဒုက္ခသည်အောင်မြင်ခြင်းအတွက်
ဦးစွာကျော်ဖြတ်ရသော အခက်အခဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ချစ်သူပြောသောစကားကို နှစ်သက်ယုံကြည်ခြင်းသည်
  ချစ်သူကိုချစ်သောကြောင့်ဖြစ်သည်။
  အချစ်ပျက်လျှင်တော့
  စကားကိုပင် နှစ်သက်မှုမရှိတော့ပေ။

- သစ္စာတရားကိုအလေးထားပါ။ အများကိုခွင့်လွှတ်ပေးပါ။
  ဒါဆိုရင် ချစ်ခြင်းမေတ္တာရဲ့ လှပတဲ့အဆုံးသတ်ခြင်းကို
  သင့်ရရှိနိုင်ပါလိမ့်မယ်။

- အချစ်ရဲ့အစပိုင်းကိုသာ စိတ်ဝင်စားသူများကြပါတယ်။
  ပျော်ရွှင်စရာစိတ်လှုပ်ရှားစရာ
  များသောကြောင့်ဖြစ်ပါတယ်။
  အဆုံးသတ်ပိုင်းမှာတော့
  မမျှော်လင့်တဲ့စိတ်လှုပ်ရှားစရာတွေ အများကြီးရှိပါတယ်

BURMESE CLASSIC

# ဒဿနလက်ဆောင်

- မသိခြင်းကိုသိနေခြင်းသည်
  ဘဝအတွက် အန္တရာယ်မဖြစ်သေးပေ။
  မသိခြင်းကိုသိတယ်ထင်လျှင်တော့
  အန္တရာယ်များလှပေသည်။

- နေရောင်လာမှပွင့်သော နေကြာပန်းသည်
  လရောင်နှင့်တွေ့သော်လည်းမပွင့်ပေ။
  လရောင်နှင့်တွေ့မှပွင့်သော ကုမုဒြာသည်လည်း
  နေရောင်နှင့်မပွင့်ပေ။
  ချစ်ခြင်းမေတ္တာသည် ထိုအတိုင်းပင်ဖြစ်ပေသည်။

- ပင်လယ်ပြင်၏အလှကိုကြည့်လိုလျှင်
  ကမ်းပေါ်ကကြည့်ပါ။ ပင်လယ်တွင်းမသွားပါနှင့်။
  အလှ၏နောက်မှာ အန္တရာယ်များစွာတို့
  ရှိနေသောကြောင့်ပင် ဖြစ်လေသည်။

www.burmeseclassic.com


www.burmeseclassic.com

# ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း (၁) လူတစ်ပိုင်းကျားတစ်ပိုင်းဖြစ်နေသည့်အလောင်း
အခန်း (၂) စာခြောက်ရုပ်သရဲ
အခန်း (၃) မဟာကာသို့မဟုတ်သစ်မွှေးပင်အကြောင်း
အခန်း (၄) တောနက်ထဲမှပန်းပုထုနေသူ
အခန်း (၅) ကျားသည်းခြေနှင်ကျောက်သွေးဆီ
အခန်း (၆) ရှင်အဇ္ဇဂေါဏ၏ရွှေဖြစ်နည်းများ
အခန်း (၇) သိဒ္ဓိရှိသောအမြုတေများ
အခန်း (၈) ပေတလူနှင့်တွေ့ကြုံရခြင်း
အခန်း (၉) တမန်းနက်သချိုင်း
အခန်း (၁၀) ဖုတ်ဝင်သောသမန်းကျား
အခန်း (၁၁) ပဟေဠိဆန်သောချစ်သူ
အခန်း (၁၂) တောတောင်မာယာနှင့်လှည့်စားမှုများ
အခန်း (၁၃) သာဂရနှင့်သူ၏အကြံအစည်များ
အခန်း (၁၄) ကြွေလွင့်ခဲ့ရသောပန်းတစ်ပွင့်
အခန်း (၁၅) နာကျည်းချက်များနှင့်အတူ
အခန်း (၁၆) သိင်္ဂါရအလှနှင့်ဘဝချစ်သူ


BURMESE CLASSIC





## အခန်း [ ၁ ]

## လူတစ်ပိုင်းကျားတစ်ပိုင်း ဖြစ်နေသောအလောင်း

မြန်မာနိုင်ငံအတွင်းမှာ ထင်ရှားသောနေရာအတော်များများ ရှိကြသည်။ လူသိများသော နေရာများလည်း အတော်များများ ရှိကြသည်။ အချို့ထင်ရှားသော်လည်း လူများများမသိသောနေရာ၊ လူများများမသိသော်လည်း (လူသိနည်းသော်လည်း) ထင်ရှားသော နေရာမျိုးလည်းရှိကြပေ၏။ အများအားဖြင့်တော့ ထင်ရှားသော စေတီ၊ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် လူသိများကြခြင်းဖြစ်သည်။

စေတီဘုရားမရှိသော်လည်း ထူးခြားသော နေရာများကြောင့် လူသိများသောနေရာအချို့လည်း ရှိကြသည်။ ကချင်ပြည်နယ်ဘက်တွင် မြစ်ဆုံ၊ ခါကာဘိုရာဇီတောင် စသည်တို့ကို လူသိများသည်။ အင်းတော်ကြီး၊ ကျောက်စိမ်းတူးဖော်ရရှိသည့် ဖားကန့်မြေတို့မှာ လူသိများပါသည်။

ကယားပြည်နယ်ဘက်တွင် ငွေတောင်ဆည်၊ ကရင်ပြည်နယ်ဘက်တွင် သာမညတောင်၊ ဆဒ္ဒန်ဂူ၊ ဇွဲကပင်တောင်တို့ကို လူသိများသည်။ ချင်းတောင်တန်း ဘက်မှာတော့ မြင့်မားသောတောင်တန်းကြီးများနှင့် စိတ်ဝင်စားဖွယ်ကောင်းသော ချင်းတို့၏ ဓလေ့ထုံးစံများရှိသည်။

ချင်းတို့၏ 'လူသေရွာ'နှင့်ပတ်သက်သည့် ယုံကြည်မှုများမှာ လူသိနည်းသော်လည်း ဂမ္ဘီရဆန်လှသောအကြောင်းအရာမျိုးဖြစ်သည်။ (လူသေရွာ အမည်ဖြင့် လုံချင်းရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပေသည်။)

စစ်ကိုင်းတိုင်းအတွင်းမှာတော့ ထင်ရှားသော ဘုရား၊ စေတီတို့အပြင် အလောင်းတော်ကဿပမထေရ်မြတ်ကြီး ရုပ်ပွားတော်ကိန်းဝပ်စံပယ်တော်မူသည့် မဟာမြိုင်တောကြီးနှင့် လူမှကျားအသွင်ပြောင်းလဲနိုင်သည့် အယူစွဲလန်းမှုမျိုးရှိကြသည့် ထမဆီတော၊ ထမံသီရွာတို့ ဖြစ်ကြသည်။

ထမံသီတောကြီးမှာ သစ်မွှေးနှင့်ပတ်သက်သော





အဓိကနေရာလည်း ဖြစ်ခဲ့လေသည်။

တနင်္သာရီဘက်ရောက်တော့ မောင်းမကန်နှင့် မြိတ်ကျွန်းစုများကြောင့် လူသိများသလို ပုလဲနှင့်ငှက်သိုက်ထွက်ရာအရပ်အဖြစ်လည်း ထင်ရှားပေသည်။

ပဲခူးနယ်ရောက်တော့ ရွှေမော်ဓောစေတီကြီးကို သိကြသလို သိုက်နန်းရှင်များပေါများလှသော ဒေးစွန်ပါနယ်မြေအကြောင်းကိုလည်း စိတ်ဝင်စားမှုရှိကြသည်။ မကွေးနယ်ဘက်ရောက်တော့ စက်တော်ရာနှစ်ဆူကြောင့် လူသိများကြသည်။ မန္တလေးမှာတော့ မဟာမြတ်မုနိဘုရားနှင့် ပုပ္ပားတောင်အကြောင်းကို စိတ်ဝင်စားကြသည်။

မွန်ပြည်နယ်အကြောင်းကိုပြောလျှင် ကျိုက်ထီးရိုးစေတီတော်မှာ ရှေ့ဆုံးမှပါဝင်လေသည်။ မြန်မာနိုင်ငံတွင် လူသိအများဆုံးနှင့် ဘုရားဖူးသွားလာသူ အများဆုံးလည်းဖြစ်သည်။

ရခိုင်ပြည်နယ်ဘက်မှာတော့ မြောက်ဦးမှာရှိသော စေတီပုဟောင်းများနှင့် မဟာမြတ်မုနိ(ကျောက်တော်)အကြောင်းကိုစိတ်ဝင်စားကြသည်။

ရန်ကုန်ကတော့ ရွှေတိဂုံစေတီတော်မြတ်ကြီးကြောင့် ကမ္ဘာကပါ စိတ်ဝင်စားသောနေရာဖြစ်သည်။ ရှမ်းပြည်နယ်မှာတော့ အင်းလေးကန်ကြောင့် ကမ္ဘာကသိသောနေရာတစ်ခု ဖြစ်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီတိုင်းဒေသကြီးကိုတော့ မော်တင်စွန်းဘုရား၊ ဆန်စပါး၊ ငပိငခြောက် အထွက်များရာဒေသအဖြစ် သူ့နေရာနှင့်သူ သူဒေသနှင့်သူ လူသိများကြသည်။

ချောင်းသာ၊ ငွေဆောင်စသောနေရာများမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာပါသော်လည်း သီးခြားနေရာတစ်ခုလို လူသိများသောနေရာဖြစ်သည်။

ပုဂံ-ညောင်ဦးမှာ မန္တလေးတိုင်းဒေသကြီး နယ်နိမိတ်အတွင်းမှာပါဝင်သော်လည်း သီးခြားဒေသတစ်ခုကဲ့သို့ လူသိများသောနေရာမျိုးဖြစ်သည်။

မကွေးတိုင်းဒေသကြီးအတွင်းမှာပါဝင်သော မဟာမြိုင်တော၊ ထမံသီရွာ၊ ထမံသီတောတို့မှာ သီးခြားဒေသများအဖြစ် လူသိများကြလေသည်။

မဟာမြိုင်တောမှာ ပိဿနိုးမယ်တော်ကြောင့်သော်လည်းကောင်း၊ အလောင်းတော်ကဿပလိုက်ဂူတော် ရှိသောကြောင့် လူသိများလှသည်။

ထမံသီရွာ ထမံသီနယ်မြေမှာ အထက်ပိုင်းချင်းတွင်းမြစ်ကမ်းတစ်နေရာ၌ရှိပြီး သမန်းကျား၊ ထမန်ကျားနှင့် ပတ်သက်သော အယူအဆများကြောင့် မြန်မာတစ်ပြည်လုံးမှ သိနေကြသော နေရာဖြစ်သည်။

ရှေးအခါက ထမန်းလူမျိုးတို့လာရောက်နေထိုင်ကြသည့် နေရာတစ်နေရာလည်းဖြစ်သည်။ ထမန်းလူမျိုးသည်





တိဗက်မြန်မာအစုဝင်၊ သက်အုပ်စုခွဲတွင်ပါဝင်၍ မြန်မာနိုင်ငံအထက်ပိုင်း ချင်းတွင်ခရိုင်၏မြောက်ဘက် ရှမ်း၊ ကချင်နှင့် ချင်းနယ်မြေတို့ဆုံရာဒေ၌ နေထိုင်ကြသည်။ ဝင်ရောက်နေထိုင်စဉ်ကာလက လူဦးရေမများလှသော်လည်း နောက်ပိုင်းမှာတော့ တဖြည်းဖြည်း တိုးတက်များပြားလာကြလေသည်။

တမန်းလူမျိုးတို့ ပြောဆိုသောစကားမှာ ကချင်၊ နာဂတို့သုံးသောစကားနှင့် ဆက်စပ်မှုရှိသည်။ နယ်မြေဒေသချင်းနီးသော ကဒူးကနန်းဒေသမှ စကား၊ ရှမ်း၊ ချင်းတို့ပြောဆိုသော စကားတို့နှင့်လည်း ဆင်တူပေသည်။

လူမျိုးဆက်နွယ်မှုနီးစပ်ပုံမှာ ကဒူးကနန်းဒေသမှ လူများနှင့် ပိုပြီးနီးစပ်မှု ရှိကြသည်။

၎င်းလူမျိုးစုံမှာ နည်းပါးလှသောကြောင့် အခြားနေရာဒေသတို့တွင် တွေ့ရလေ့မရှိပဲ နာဂတောင်တန်းခရိုင် ဟုမ္မလင်းနယ်တွင် ထမံသီတစ်ရွာတည်း၌သာရှိကြပြီး၊ အခြားနေရာဒေသများမှာတော့ မတွေ့ရသလောက် နည်းပါလှသည်။

ချင်းတွင်းမြစ် အထက်ပိုင်းဒေသများတွင် တောတောင်ထူထပ်သောကြောင့် လူနေထိုင်သောရွာများ မရှိသလောက် နည်းလှသည်။

အချို့နေရာများမှာတော့ အိမ်ခြေအနည်းငယ်သာရှိသော ရွာကလေးများရှိကြပြီး ထိုရွာများမှာတော့ ထမန်း



www.burmeseclassic.com

www.burmeseclassic.com



လူမျိုး အနည်းငယ်တွေ့ရတတ်သည်။

'၁၉၀၈' ခုနှစ်လောက်က အထက်ချင်းတွင်းခရိုင်ဝန် အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ 'မစ္စတာဂရန့်ဗရောင်း' ဆိုသူက မှတ်တမ်းစာအုပ် ရေးသားထုတ်ဝေခဲ့ဖူးသည်။

၄င်းရေးသားသော မှတ်တမ်းစာအုပ်တွင် ထမံသီ ရွာမှ ထမန်းလူမျိုးများအကြောင်းလည်း ပါဝင်လေသည်။ လူမှ ကျားအသွင်ပြောင်းကာ သားကောင်ဖမ်းဆီးခြင်း၊ မိမိကို ဒုက္ခပေးသူတို့အား ပြန်လည်ကလဲ့စားချေတတ်ပုံများအကြောင်းနှင့် မည်သို့မည်ပုံ ကျားအသွင်ပြောင်းလဲပုံများအကြောင်းကို ရေးသားဖော်ပြထားလေသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာက ထမံသီရွာတွင် လူမှ ကျားအသွင်ပြောင်းနိုင်သော မျိုးနွယ်စုအချို့ရှိခဲ့ကြသည်။

(လူမှ ကျားအသွင်ပြောင်းလဲနိုင်သော ဒေါ်မင်းရေး အကြောင်းနှင့် လူမှကျားအသွင် ပြောင်းလဲပုံများအကြောင်းကို ရေးသားခဲ့ပြီးသော လုံးချင်းစာအုပ်များ၌ အတန်အသင့် ရေးသားခဲ့ပြီးဖြစ်၍။)

နောက်ပိုင်းခေတ်ကာလရောက်တော့ နေထိုင်သူတို့ မှာလည်း အသိဉာဏ်ပွင့်လင်းလာကြသည်။ တဖြည်းဖြည်း နှင့် အယူအဆစွဲများ ပပျောက်လာသည်နှင့်အမျှ သမန်းကျား အယူအဆတို့မှာလည်း မှေးမှိန်ကွယ်ပျောက်ခဲ့ရပြီ ဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့ပြီး နောက်ပိုင်းမှာပင်





အယူအဆများ ပြောင်းလဲသွားခဲ့ကြလေပြီ။ နောက်ပိုင်းမှာ တော့ ယခင်က ထမန်းလူမျိုးတို့သာ နေထိုင်ကြသော ထမံသီ ရွာသို့ အခြားဒေသမှ လူမျိုးများလာရောက်နေထိုင်သော ကြောင့် တဖြည်းဖြည်းနှင့် လူဦးရေတိုးတက်များပြားလာလေ သည်။

ချင်းတွင်းမြစ်ကမ်းနံဘေးတွင် ခမ်းတင်လျက်ရှိနေ သော ထမံသီရွာမှာ နာဂတောင်တန်းဘက်သို့ သွားရောက် လိုသူတို့အတွက် စခန်းထောက်ရွာတစ်ရွာပင် ဖြစ်ပေသည်။

ထမန်းလူမျိုးများအကြောင်းကို ရေးသားခဲ့သော မစ္စတာဂရန့်ဗရောင်း၏ မှတ်တမ်းတွင် သမန်းကျားနှင့်ပတ် သက်သော အကြောင်းအရာတစ်ခုကိုလည်း တွေ့ရလေ သည်။

၄င်းသည် အထက်ချင်းတွင်းခရိုင်ဝန်အဖြစ် တာဝန် ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရာ အတွေ့အကြုံလည်းအတော်ပင် များလေသည်။ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာလည်း သင်္ဘောဖြင့် အစုန်အဆန်သွားလာခဲ့သူဖြစ်သည်။

ထို့ပြင် ထိုဒေသတစ်လျှောက်မှာရှိကြသော မြို့ရွာ များမှာဖြစ်ပွားခဲ့သော အမှုအခင်းများကိုလည်း ကြားနာ စစ်ဆေးကာ ဆုံးဖြတ်ပေးရသည်မျိုးလည်းရှိသည်။

တစ်ခါတွင် ဟုမ္မလင်းမြို့ တရားရုံးတွင် ဆန်းကြယ် သောအမှုအခင်းတစ်ခု ဖြစ်ပွားကာ တရားခံအချို့ကိုဖမ်းဆီး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်လာကြသည်။

ပုလိပ်များ၏ ထွက်ချက်များအရ ထိုလူစုမှာ တောထဲ၌ လူတစ်ယောက်ကို သတ်ဖြတ်ထားသည်ကို လက်ပူးလက်ကြပ် မိခဲ့သည်ဟုဆိုသည်။

ထိုဒေသ၌ တာဝန်ကျနေကြသော တောအုပ်တောခေါင်းတစ်စုသည် သစ်တောများအတွင်း လှည့်လည်ကာကြည့်ရှုစစ်ဆေးနေကြစဉ် တောတွင်းမှ စူးစူးဝါးဝါးအော်သံကို ကြားကြရလေသည်။ ထို့ကြောင့် သေနတ်များကိုပြင်ပြီး အသံကြားသောနေရာဘက်သို့ သွားကြလေသည်။

သူတို့စိတ်ထဲတွင် သစ်တောအလုပ်သမားတစ်ယောက် အသက်ဘေးအန္တရာယ်ဖြင့် ကြုံတွေ့နေရပြီ ထင်သောကြောင့် အကူအညီပေးရန် သွားကြခြင်းဖြစ်သည်။

သစ်တောထဲမှာ သွားလာရသည်မှာ မြေပြန့်မှာသွားရသကဲ့သို့ မလွယ်ကူလှပေ။

သစ်ပင်နှင့်ချုံနွယ်ပိတ်ပေါင်းတို့က ထူထပ်လှသောကြောင့် ခက်ခဲစွာသွားလာကြရပေရာ အချိန်အတော်ကြာမှ အသံကြားသောနေရာသို့ ရောက်သွားကြလေသည်။

ထိုနေရာသို့ရောက်သွားတော့ မြင်ကွင်းကမကောင်းလှပေ။ သစ်ပင်ချုံနွယ်များ ဝန်းရံနေသောနေရာတွင် လူတစ်ယောက်လဲကျနေကာ တစ်ကိုယ်လုံး သွေးများစွန်းပေနေသည်။ နံဘေးမှာတော့ လူသုံးယောက်က မဟ်တပ်ရပ်ကြည့်





နေကြလေသည်။ သုံးယောက်စလုံး အင်္ကျီမပါပဲ နံငယ်ပိုင်းများသာ ဝတ်ဆင်ထားကြလေသည်။

တောအုပ်တောခေါင်းများရောက်လာတော့ ထိတ်လန့်တကြားဖြင့် လှည့်ကြည့်ကြသည်။

တောအုပ်က လဲကျနေသောသူကို စစ်ဆေးကြည့်တော့ သေဆုံးနေပေပြီ။ လည်းပင်းတစ်ဝိုက်တွင် ကိုက်ဖြတ်ထားသော ဒဏ်ရာများရှိပြီး ဖာက်ကျိုးကျကာ သေဆုံးနေခြင်းဖြစ်၏။ ထိုနေရာတစ်ဝိုက်မှာတော့ သွေးများက နီရဲနေပြီး သွေးညှီနံ့များမှာလည်း စူးစူးဝါးဝါးရှိလှသည်။

"မင်းတို့သုံးယောက် သူ့ကို သတ်လိုက်တာလား"

"မဟုတ်ဘူး သူဖာသာသေနေတာကို ကြည့်နေကြတာ"

ဟုတစ်ယောက်က လေသံဝဲဝဲဖြင့်ပြောသည်။

တောအုပ်က သုံးယောက်စလုံးကို သေသေချာချာစစ်ဆေးကြည့်တော့ တစ်ယောက်၏ ပါးစပ်မှာ လောလောဆယ်စွန်းပေနေသော သွေးများကိုတွေ့ရလေသည်။

"မင်းသူ့ကိုသတ်လိုက်တာ မဟုတ်လား"

ထိုလူကတော့ 'မဟုတ်ဘူး' ဟူသောစကားဖြင့်သာငြင်းနေသောကြောင့် သုံးယောက်စလုံးကို ကြိုးဖြင့်တုပ်ကာ သစ်တောစခန်းသို့ ခေါ်ဆောင်လာခဲ့လေသည်။ နောက်တော့ ထိုတရားခံသုံးယောက်တို့အား ဟုမ္မလင်းဂါတ်သို့ လွှဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပေးလိုက်သည်။

ထိုအမှုကိုစစ်ဆေးသောအခါ ပထမတော့ ငြင်းကြသည်။ အတော်ကြာမှ တစ်ယောက်က ဝန်ခံလေသည်။

"ဟုတ်တယ်. . သူ့ကို ကျုပ်သတ်ခဲ့တာ"

"ဘာကြောင့် သတ်တာလဲ"

"ကျုပ်တို့မိသားစုကို မျက်ရည်ပေါက်ကြီးငယ်ကျအောင် လုပ်ခဲ့လို့ ကလဲစားချေတဲ့အနေနဲ့ ကိုက်သတ်ခဲ့တာ"

ဟုပြောသည်။

"ဘယ်လို. . ကိုက်သတ်တာလဲ"

"လူကနေ သမန်းကျားအဖြစ်ပြောင်းပြီးတော့ ကိုက်သတ်ခဲ့တာ၊ ဒါကြောင့် ကျုပ်မှာအပြစ်မရှိဘူး၊ သူ့ကို ကျုပ်သတ်ခဲ့တာမဟုတ်ဘူး သမန်းကျားက သတ်ခဲ့တာ၊ ဒါကြောင့် သမန်းကျားမှာပဲ အပြစ်ရှိတယ်၊ ကျုပ်မှာအပြစ်မရှိဘူး"

ထိုသို့ပြောသဖြင့် အမှုမှာ ပို၍ရှုပ်ထွေးသွားသောကြောင့် ခရိုင်ရုံးအထိ ရောက်လာရပေတော့သည်။

ထိုအမှုကို ခရိုင်ဝန် ဂရန့်ဗရောင်းကိုယ်တိုင် ကြားနာစစ်ဆေးပြီး လူသတ်ခဲ့သည်မှာ ထင်ရှားသောကြောင့် ကြီးလေးသောအပြစ်ဒဏ်ချမှတ်ကာ ထောင်သို့ပို့လိုက်လေသည်။

သို့သော်. . . ပြဿနာက ထိုမှာပင်ပြီးမသွားခဲ့ပေ။ နောက်ပိုင်း တောများ၊ နယ်များသို့ ခရိုင်ဝန်လှည့်လည်သော





အခါ နောက်ယောင်ခံကာ လိုက်လံချောင်းမြောင်းသူအချို့ ရှိလာလေသည်။ ပထမတော့ မသိသာသော်လည်း နောက်ပိုင်းတော့ သတိပြုမိခဲ့ပေသည်။

ထို့ကြောင့် ပုလိပ်များကို သတိဝီရိယဖြင့် စောင့်ကြပ်ရန် မှာကြားရလေသည်။

တစ်နေ့တော့ ကျွန်းသစ်ကိစ္စများပေါ်ပေါက်သောကြောင့် ထမံသီသစ်တောများဘက်သို့ ခရီးထွက်ရလေသည်။ သစ်တောတွင်းရောက်ပြီး လှည့်လည်စစ်ဆေးကြသောအခါမှာလည်း ထူးခြားမှုများ ရှိနေသည်ကို တွေ့ကြရသည်။ သတိပြုမိကြသည်။

အခြားမဟုတ်ပေ။

သူတို့သွားလေရာနောက်သို့ တကောက်ကောက်လိုက်ကာ ချောင်းမြောင်းနေသူများ ရှိနေခြင်းပင်ဖြစ်ပေသည်။

တစ်ကြိမ်မှာတော့ သူတို့ရောက်နေသော နေရာနှင့် မနီးမဝေးနေရာမှာ ကျားဟိန်းသံကြားရသဖြင့် သေနတ်များကို ပြင်ဆင်ကာ ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြရာ တစ်နေရာအရောက်တွင် နောက်မှာ ကျန်နေသောလူတစ်ယောက်ကို ကျားတစ်ကောင်က ခုန်အုပ်ကာ သတ်ဖြတ်ရန် ကြိုးစားလေသည်။

သို့သော် အနားမှာရှိနေသူများက သေနတ်ဖြင့်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ်ကြရာ လူသတ်ရန်ကြိုးစားနေသော ကျားကို ကျည်ဆံထိမှန်ကာ တောတွင်းသို့ဝင်ပြေးသွားလေသည်။ သို့ကြောင့် ပုလိပ်နှင့် သစ်တောဝန်ထမ်းများက လိုက်လံရှာဖွေသောအခါ တစ်နေရာရောက်တော့ လူတစ်ယောက်၏ ငြီးငြူသံ ကြားရလေသည်။

ထို့ကြောင့် ထိုနေရာသို့သွားကြည့်ကြရာ တစ်နေရာရောက်တော့ မမျှော်လင့်သောမြင်ကွင်းကို တွေ့မြင်ကြရလေသည်။

သစ်ချုံများနံဘေးနားမှာ လူတစ်ယောက်လဲကာနေလေသည်။ တစ်ကိုယ်လုံးသွေးများနီရဲနေပြီး အသက်ငင်နေလေသည်။ တအင်းအင်းနှင့် ငြီးငြူနေသည်။

ခါးအထက်ပိုင်းက လူသားတစ်ယောက်ဖြစ်နေသော်လည်း ခါးအောက်ပိုင်းက ကျားတစ်ကောင်အသွင်နှင့်ပင် ရှိနေသေးသည်။

"ဟင်. . ဘယ်လိုသတ္တဝါမျိုးလဲ"

ခရိုင်ဝန်ကမေးသောအခါ ဒေသခံဝန်ထမ်းတစ်ဦးက ပြောပြလေသည်။

"ဒါ သမန်းကျားလို့ခေါ်ပါတယ် ဝန်မင်း"

"လူတစ်ပိုင်း ကျားတစ်ပိုင်းဆိုတော့ လူက ကျားဖြစ်တာလား၊ ကျားက လူဖြစ်တာလား"

"လူကနေ ကျားအသွင် ပြောင်းလဲတာပါ၊ ကျားအသွင် ပြောင်းပြီးတော့မှ သေနတ်ထိတော့ လူအသွင် ပြန်မရောက်နိုင်တော့ပဲ သေတော့မှာပါ. . ."





"တော်တော်ဆန်းကြယ်တာပဲ"

ခရိုင်ဝန်က များစွာအံ့ဩသဖြင့် ရေရွတ်ပြောဆိုလိုက်လေသည်။

"ဒီနယ်ဘက်မှာ ဆန်းကြယ်တာတွေ အများကြီးရှိသေးတယ် ဝန်မင်း၊ သမန်းကျားတွေ ရန်သူ့လက်ချက်နဲ့ သေကြရင် သာမန်လူတွေမြှုပ်တဲ့ သချိုင်းဂူမှာ မမြှုပ်ကြဘူး"

"ဘယ်နေရာမှာ မြှုပ်တာလဲ"

"ထမန်းလူမျိုးတွေ သေရင်မြှုပ်တဲ့ သချိုင်းနေရာက သပ်သပ်ရှိတယ်၊ လူသူမသိနိုင်တဲ့နေရာမှာရှိတယ်၊ အဲဒီ သချိုင်းဂူထဲမှာ လူကနေကျားအသွင်ပြောင်းနိုင်တဲ့ ပေပရိုဒ်တွေလည်း ရှိတယ်လို့ ပြောသံကြားရတယ်"

"ဒါထက် ဒီလူတစ်ပိုင်း ကျားတစ်ပိုင်းဖြစ်နေတဲ့ အလောင်းကိုရော ဘယ်လိုလုပ်မလဲ၊ ထူးထူးဆန်းဆန်းဖြစ်အောင် မြို့ကိုသယ်ယူသွားရရင် ပိုမကောင်းဘူးလား"

"မလုပ်နဲ့ဝန်မင်း၊ ဒီလိုလုပ်ရင် အန္တရာယ်တွေ တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး ရောက်လာလိမ့်မယ်၊ ထမန်းလူမျိုးတွေက သူတို့မျိုးနွယ်တွေရဲ့အလောင်းကို ဖျက်ဆီးတာ မကြိုက်ကြဘူး၊ အဲဒီလိုလုပ်တဲ့သူကိုလည်း ဘယ်နေရာရောက်ရောက် လိုက်ပြီးအန္တရာယ်ပေးတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com




ထိုသို့ပြောဆိုနေစဉ်မှာ သူတို့ရောက်နေသော ပတ်ဝန်းကျင်မှ ကျားဟိန်းသောအသံများကို အဆက်မပြတ်ကြားလာကြရသည်။

မစ္စတာဂရန့်ဗရောင်းက ထိုအကြောင်းများကို အယုံအကြည်မရှိသဖြင့် မကြောက်ရွံ့ကြသော်ညီး ဒေသခံများကတော့ အတော်ပင်ကြောက်ရွံ့တုန်လှုပ်နေကြပေပြီ။

အတန်ကြာသောအခါမှာတော့ ကြားနေရသော ကျားဟိန်းသံများက တဖြည်းဖြည်းနီးလာပြီး ပိုမိုများပြားလာလေသည်။ ထို့ကြောင့် ဂရန့်ဗရောင်းကိုယ်တိုင် ထိုနေရာမှာ မနေဝံ့တော့သဖြင့် လူတစ်ပိုင်း ကျားတစ်ပိုင်းဖြစ်ကာ သေဆုံးနေသောအလောင်းကို ထိုနေရာမှာပင် ဒီအတိုင်းထားခဲ့ပြီး သင်္ဘောဆိပ်ရှိရာသို့ ပြန်ဆင်းခဲ့ကြပေတော့သည်။







# အခန်း ( ၂ )
# စာအြောက်ရုပ်သရဲ

ချင်းတွင်းမြစ်အောက်ပိုင်းဒေသများမှာ မုံရွာကဲ့သို့ မြို့ကြီးများဖြင့် စည်ကားလှသော်လည်း ချင်းတွင်းမြစ်အထက်ပိုင်း ဒေသများမှာတော့ လူနေထိုင်မှု အတော်ပင်နည်းလေသည်။

မြန်မာနိုင်ငံအား အင်္ဂလိပ်များ အုပ်စိုးထားသော အချိန်ကာလတွင် အောက်ပိုင်းတွင် အလုံ၊ မုံရွာစသောနေရာ



www.burmeseclassic.com

www.burmeseclassic.com



များတွင် စည်းကားမှုများပြီး အထက်ပိုင်းမှာတော့ ဟုမ္မလင်းလောက်သာ အစိုးရရုံးစိုက်ရာမြို့ ရှိပေတော့သည်။

ထိုကြားထဲမှာတော့ မြို့မကျ တောမကျ ဆိုလောက်သည့် ရွာကြီးများရှိကြသေးသည်။

ဟုမ္မလင်းအထက်ပိုင်းမှာတော့ ခန္တီးမြို့ရောက်သည်အထိ မြို့မရှိတော့ပေ။ ဟုမ္မလင်းနှင့် ခန္တီးအလယ်နေရာလောက်မှာတော့ စခန်းထောက်ရွာကြီးတစ်ရွာရှိသည်။

ထမံသီရွာပင်ဖြစ်ပေသည်။

ချင်းတွင်းမြစ်ကမ်းကို မေးတင်လျက်တည်ထားသော ရွာကြီးတစ်ရွာဖြစ်သည်။ အင်္ဂလိပ်လက်ထက်ကပင် သစ်မွှေးနှင့်ပတ်သက်ပြီး အရောင်းအဝယ်သမားတို့ လာရောက်ကြသော ရွာဖြစ်သည်။ နယ်စပ်ဘက်မှ ကုန်သည်များ တကူးတက လာရောက်ပြီး သစ်မွှေးစသောဒေသထွက်ပစ္စည်းများကို ဝယ်ယူကြသေးသည်။ ကလေး၊ တမူး စသော နယ်စပ်ဒေသမြို့များမှ ကုန်သည်များပင် တကူးတက လာရောက်ကြသည်။

တမံသီရွာသည် အင်္ဂလိပ်များ အုပ်ချုပ်နေသော ကာလကပင် အိမ်ခြေတစ်ရာကျော်ခန့်ရှိခဲ့ပြီး နောက်ပိုင်းရောက်လာသောအခါ တဖြည်းဖြည်းနှင့် အိမ်ခြေနှင့် လူဦးရေ တိုးတက်များပြားလာခဲ့လေသည်။

ထိုရွာတွင် ထမန်းမျိုးနွယ်များအပြင် ရခိုင်၊ နာဂနှင့်





မြန်မာအချို့ နေထိုင်ကြလေသည်။

ရွာမှာ နေထိုင်ကြသူများမှာ ဆန်စပါး၊ လက်ဖက်၊ မုန်ညင်း၊ ကွမ်းသီး ၊ လိမ္မော်သီးနှင့် အခြားအသီးအနှံများ စိုက်ပျိုးစားသောက်ကြသည်။

ထို့ပြင် ချင်းတွင်းမြစ်ထဲသို့ သားငါးရှာဖွေခြင်း၊ တောထဲဝင်၍ အမဲလိုက်ခြင်းစသော အလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့လည်းရှိသည်။

အချို့ကျတော့လည်း တောနက်ထဲသို့သွားရောက်ကာ သစ်မွှေးရှာဖွေသောအလုပ်လုပ်ကာ စီးပွားရှာကြသည်။

ဒေသတွင် သစ်မွှေးရှာဖွေသောအလုပ်မှာ ကံကောင်းထောက်မလျှင် နေ့ချင်းညချင်း ကြီးပွားနိုင်သောအလုပ်မျိုး ဖြစ်သည်။

ကျောက်တူးသူ၊ ရွှေရှာသူတို့ကဲ့သို့ပင် ကံတရားရှိမှ ရှာဖွေရနိုင်သော သစ်တောထွက်ရတနာတစ်မျိုး ဖြစ်လေသည်။

တမံသီရွာကို စီမံအုပ်ချုပ်နေသော ရွာလူကြီးမှာ ဦးထန်ဖုန်းရှိန်ဖြစ်သည်။ ဦးထန်ဖုန်းရှိန်မှာ ချင်းလူမျိုးတစ်ဦးဖြစ်ကာ သဘောမနောကောင်းသူတစ်ဦးဖြစ်သည်။

ဦးထန်ဖုန်းရှိန်ကို ရွာလူကြီးတင်မြှောက်ထားရခြင်းမှာ ဒေါ်မင်းရေးနှင့် ဆွေမျိုးသားချင်းမကင်းသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မင်းရေးမရှိတော့သော်လည်း ၎င်း၏ဆွေမျိုးသားချင်းအဆက်အနွယ်တို့ကို ရွာသူရွာသား နယ်သူနယ်သားတို့က ကြောက်ရွံ့လေးစားကြရဆဲပင် ရှိသေး၏။

ဒေါ်မင်းရေးမှာ ထမံသီရွာမှာ နေထိုင်ခဲ့သော ထမန်းမျိုးနွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။

၎င်းကို ကျားမျိုးနွယ်တို့၏ အဆက်အနွယ်အကြီးအကဲဟုလည်း အသိမှတ်ပြုထားခဲ့ကြလေသည်။

အဘယ်ကြောင့်ဆိုသော် လူမှကျားအသွင် ပြောင်းလဲနိုင်သည့်ပညာများ တတ်မြောက်သောကြောင့်ပင် ဖြစ်ပေသည်။ ထမံသီရွာတွင် ဒေါ်မင်းရေးနှင့် ပတ်သက်သည့် နောက်ထပ်အဆက်အနွယ်အချို့လည်း ရှိကြသေးသည်။

အခြားတော့မဟုတ်ပေ။

ဒေါ်မင်းဇာနှင့် မြေးဖြစ်သူ မြလေးတင်တို့ပင် ဖြစ်ကြလေသည်။ ဒေါ်မင်းဇာက အသက်(၆၀)ကျော်အရွယ်ခန့် ရှိနေပြီး မြလေးတင်ကတော့ (၂၅)နှစ်အရွယ်ခန့်သာ ရှိပေသေးသည်။ သူတို့မြေးအဖွားနှစ်ယောက်က အိမ်တစ်လုံးဖြင့် သီးခြားနေထိုင်ကြလေသည်။

သို့သော်လည်း ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ဘဝမျိုးတော့ မဟုတ်ပေ။ ကြီးမားသောအိမ်ကြီးနှင့်နေပြီး စီးပွားဥစ္စာလည်း ပြည့်စုံကြလေသည်။

အိမ်ကြီးမှာ ရှေးကတည်းက ကျွန်းသစ်များဖြင့် အ





ခိုင်အမာတည်ဆောက်ထားပြီး ဓရန့်ချေးများ သုပ်ထားသောကြောင့် တစ်အိမ်လုံးမည်းမှောင်လျက်ရှိသည်။

မြလေးတင်၏မိဘများ ရှိကြစဉ်က လယ်ယာလုပ်ငန်းများအပြင် အခြားစီးပွားရေးများလည်း ကောင်းခဲ့သောကြောင့် စုမိဆောင်းမိရှိခဲ့ရာ ယခု သူတို့မရှိကြတော့သည့် နောက်ပိုင်းမှာလည်း မြေးအဖွားနှစ်ယောက် အခြေအနေမပျက် တင့်တောင့်တင့်တယ် နေနိုင်ခဲ့ကြပေသည်။

မြလေးတင်အရွယ်ရောက်လာတော့ ရုပ်ရည်ကချောမောလှပသည်။ ထို့ကြောင့် ထမံသီရွာမှသာမကပဲ အနီးပတ်ဝန်းကျင်ရွာများမှ လူပျိုကာလသားများကပါ နှစ်သက်ခြင်းရှိကြသည်။

သို့သော် အဆိပ်ရှိသောပန်းတစ်ပွင့်ကဲ့သို့ မထိဝံ့မလှမ်းဝံ့ကြပေ။ မြလေးတင်က ရုပ်ရည်ချောသလောက် စိတ်ကြီးသည်။ မာနကြီးသည်။ တော်ရုံယောက် ေားလောက်တော့ အထင်ကြီးတတ်သူ မဟုတ်ပေ။ ဘာ့ သိပ

အချို့ကလည်း ထိုအကြောင်းကို မှာဖူးတယ်" တ်ဝင်စားကြသည်။ ရုပ်ကလည်းချော၊ ငွေကြေးဂ ည့်စုံသဖြင့် သွေးတိုးစမ်းသည်သဘောဖြင့် လာ‌ရောမာရှုဉ်းကပ်ကြသည်မျိုးလည်း ရှိသည်။

တစ်ခါက လင်းဖာရွာမှ လူပျိုကာလသားတစ်ယောက်နှင့်တွေ့ပြီး ချစ်ရေးဆိုခြင်း ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက လင်းဖာရွာကပါ၊ ငါ့နာမည်က ထွန်းမြိုင်လို့ ခေါ်တယ်၊ ငါ နင့်ကိုသဘောကျတယ်"

မြလေးတင်က တစ်ချက်ကြည့်လိုက်သည်။

ထိုသို့ကြည့်လိုက်စဉ်မှာ မျက်လုံးမှာ မီးဝင်းဝင်း တောက်နေသကဲ့သို့ဖြစ်နေသည်။ ထိုမျက်လုံးကိုမြင်တော့ ထွန်းမြိုင်ပင် လန့်သွားသည်။

နောက်တော့ မြလေးတင်က စိတ်ကိုလျှော့လိုက်ဟန် ဖြင့် တစ်ချက်ပြုံးလိုက်လေသည်။ ထိုသို့ပြုံးလိုက်တော့မှ မျက် လုံးမှ တောက်ပနေသည့်အရောင်များလည်း လျော့သွားပေ တော့သည်။

"နင်က ငါ့ကို တကယ်မေတ္တာရှိတာရော ဟုတ်ရဲ့ လား၊ နင်နဲ့ငါနဲ့က အခုမှတွေ့ကြတာ. ."

"ဒါပေမယ့် နင့်အကြောင်းကို သိနေ၊ သတင်းကြား နေတာတွေ့ခဲ့အတော်ကြာပါပြီ၊ အခွင့်အရေးမသာလို့ အခုမှ ဖွင့်ပြောမြလေးရ!"

ဟု သူတို့မြွေးမြိုင်ကပြောလေသည်။

ခုနထိုင်ကြဖယ်ဘက်တွင် သစ်မွှေးထွက်သော 'အကျော် ပင်' များရှိသေ၏။ သစ်မွှေးပင်အစ ထမံသီနယ်ဘက်ကဟုပင် ပြောစမှတ်ပြုကြလေသည်။ သစ်မွှေးပင်၏အရွက်သည် ကံကော်ရွက်နှင့် ပုံသဏ္ဌာန်တူပြီး အလယ်မှဆွဲဖြတ်လိုက် ပါက အရွက်ပြတ်သွားသော်လည်း အရွက်မှထွက်သော





အစေးကြောင့် တွဲနေတတ်သည်။ လက်လွှတ်လိုက်သည်နှင့် သူ့အလိုလို ပြန်ဆက်သွားတတ်ကြပေသည်။

ထို့ကြောင့် ထမံသီနယ်မှ မိန်းကလေးများ ချစ်သူ ရည်စားတွေ့ပါက ထိုသို့မေးလေ့ရှိကြသည်။

"အကျော်ပင်လို တော်,တကယ်ခင်တာ ဟုတ်ရဲ့ လား"

"အကျော်ရွက်လို တော်,တစ်သက်လုံး လက်တွဲသွား နိုင်ပါ့မလား"

ထိုသို့မေးလျှင် ယောကျ်ားလေးက ယုံလောက်အောင် ပြောပြီး အဆင်ပြေဖို့ သာရှိပေတော့သည်။

ယခု ထွန်းမြိုင်ကပြောတော့ မြလေးတင်က ထိုသို့ မပြောပေ။

"နင်က ငါ့ကိုစိတ်ဝင်စားနေတာဆိုတော့ ငါ့အ ကြောင်းတွေကိုရော ဘာတွေသိသလဲ"

"ဟို. . အင်း. . သိတန်သလောက်တော့ သိပါတယ်၊ နင်က ထမန်းမျိုးနွယ်ဆိုလား ပြောသံကြားဖူးတယ်"

"နင်မကြောက်ဘူးဘား"

"မကြောက်ပါဘူး၊ ဒီလောက်ချောမောလှပနေတဲ့ မိန်းကလေးကို ကြောက်ရမှာလား"

"သမန်းကျားဖြစ်တာရေ . . နင်မယုံဘူးလား"

"အင်း. . ဒါတွေက ဟိုအရင်ကရှိခဲ့တာတွေ ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ အခုတော့ ဒါတွေပြောသံမကြားရတော့သလောက်ပါပဲ”

ထိုစကားကြောင့် မြလေးတင်က တစ်ချက်ပြုံးလိုက်လေသည်။

“ကောင်းပြီလေ. . နက်ဖြန်လကွယ်ညကျရင် နင် ငါ့အိမ်နောက်က တောစပ်မှာလာစောင့်နေ၊ ငါထွက်လာခဲ့မယ်၊ အဲဒီအချိန်တွေ့တော့မှပဲ နင်ပြောချင်ရာပြောပေါ့။ ခုတော့ ငါသွားတော့မယ်”

ဟု ပြောကာ မြလေးတင်က ထိုနေရာမှ လှည့်ထွက်သွားလေသည်။ ထိုအခြေအနေကြောင့် ထွန်းမြိုင်မှာ ဝမ်းသာသွားလေသည်။

ရွာသို့ပြန်ရောက်လာပြီး ထိုအကြောင်းကို ၎င်း၏အဖော်နှစ်ယောက်ကို ပြန်ပြောပြသောအခါ နှစ်ယောက်စလုံး ကြောက်လန့်တကြား ဖြစ်သွားကြလေသည်။

“မင်းတော့ ကိုယ့်သေတွင်းကိုယ်တူးသလိုမျိုး ဖြစ်တော့မှာပဲ၊ ကြိုက်စရာမိန်းမရှားလို့ ထမံသီက မြလေးတင်ကို ရွေးကြိုက်ရသတဲ့လားကွာ”

“ဒါထက် မေးရဦးမယ် ထမံသီရွာနဲ့ ငါတို့ရွာက ဝေးကြတာမှမဟုတ်တာ မင်းက မြလေးတင်အကြောင်းကို နည်းနည်းမှတောင် မကြားမိဘူးလား”

“သူက လူကနေကျားဖြစ်တယ်ဆိုတဲ့ ထမန်းမျိုးနွယ်က မိန်းကလေးတစ်ယောက်ဆိုတာလား”





“ဟုတ်တယ်လေ. .”

“ငါက အဲဒါတွေ အယုံအကြည်မရှိဘူး၊ နောက်ပြီး ငါကြားဖူးတာက ထမန်းမျိုးနွယ်တွေဆိုတာ သူတို့ကို မျက်ရည်ပေါက်ကြီးငယ်ကျတဲ့အထိ နှိပ်စက်တဲ့သူမှ ပြန်ပြီးကလဲ့စားချေတတ်တယ်လို့ ပြောသံကြားပါတယ်၊

အခုငါက သူ့ကိုအရှက်တကွဲအကျိုးနည်းဖြစ်အောင်လုပ်တာလည်းမဟုတ်၊ မျက်ရည်ပေါက်ကြီးငယ်ကျအောင်လုပ်တာမှ မဟုတ်တာ၊ သူလက်ခံရင် တင့်တောင့်တင့်တယ်တောင်းရမ်းယူမှာပါ”

ဟု ထွန်းမြိုင်ကပြောသည်။

ထွန်းမြိုင်တို့ မိသားစုမှာ အတန်အသင့် ချောင်လည်ကြသဖြင့် အလုပ်ကိုလက်ကြောတင်းအောင် လုပ်လေ့မရှိပဲ အပေါင်းအသင်းများနှင့် အပျော်အပါးလိုက်စားမှုသာ အာရုံများသူဖြစ်ပေသည်။ ကျန်အဖော်နှစ်ယောက်တို့မှာလည်း ကျွေးမွေးပေးကမ်းထားသူများ ဖြစ်ကြလေသည်။

“မနက်ဖြန် သူချိန်းထားတဲ့အတိုင်း ငါသွားမယ်၊ မင်းတို့နှစ်ယောက် အဖော်လိုက်ခဲ့ကြ”

ဟုပြောလေရာ ကျန်နှစ်ယောက်မှာ ကြောက်ရွံ့သော်လည်း ထွေထွေထူးထူးတော့ ပြန်မပြောရဲကြတော့ပေ။

နောက်တစ်နေ့ နေဝင်ချိန်နီးတော့ အဖော်နှစ်ယောက်ဖြစ်တဲ့ မှတ်ကြီးနဲ့တူးတို့နှစ်ယောက်ကို အဖော်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ကာ ထွန်းမြိုင်မှာ တက်ကြွသောစိတ်ဖြင့် ထမံသီရွာဘက်သို့ သွားလေသည်။

ရွာချင်းမဝေးလှသော်လည်း တစ်ရွာနှင့်တစ်ရွာကြား မှာ သီးခြားနေထိုင်သူများမရှိပဲ စပါးစိုက်သောကွင်းအချို့နှင့် တောများသာရှိပေသည်။

ထိုဒေသမှာ ကျားနှင့်ပတ်သက်ပြီး နာမည်ကြီးလှသလို တောကောင်တို့လည်း ပေါလှသဖြင့် တဲတစ်တဲချင်း၊ လူနည်းစုဖြင့် သီးခြားမနေဝံ့ကြပေ။

နေ့လည်ဘက်တွင်သာ လယ်များ၊ ယာများတွင် သွားရောက်လုပ်ကိုင်ကြပြီး ညနေစောင်းသည်နှင့် ရွာများသို့ ပြန်ကြရလေသည်။ နေဝင်သွားသည်နှင့် အကြောင်းကြီးငယ် မရှိပဲ အပြင်ဘက်သို့ သွားလာခြင်းမပြုကြပေ။

ယခု ထွန်းမြိုင်တို့သုံးယောက် လာသောအချိန်မှာ နေဝင်ချိန်နီးနေပြီဖြစ်သောကြောင့် လမ်းတလျှောက်တွင် လူသွားလူလာ ရှင်းလင်းနေပြီဖြစ်၏။

သို့သော်လည်း လမ်းတလျှောက်လုံးမှာတော့ ဘေးအန္တရာယ်များနှင့် မတွေ့ကြရပေ. .။

ထမံသီရွာရောက်တော့ ရွာအစွန်ဘက်မှာရှိသော မြလေးတင်တို့မြေးအဖွားနေသောအိမ်သို့ သွားကြလေသည်။ အိမ်မှာ အတော်ကြီးသော်လည်း ရေနံချေးများတစ်အိမ်လုံး သုပ်ထားသောကြောင့် နက်မှောင်နေသည်။





မှောင်ရီသမ်းနေသည့်အချိန် အဝေးမှလှမ်းကြည့်သောအခါ မည်းမည်းသဏ္ဌာန်ကြီး အမှောင်ထဲမှာ ထိုင်နေသကဲ့သို့ရှိလေသည်။

၎င်းတို့နေသောအိမ်နှင့် နီးသောပတ်ဝန်းကျင်၌ အခြားအိမ်များမရှိပဲ သစ်ပင်သစ်တောများသာရှိနေသည်။

ထိုသစ်ပင်သစ်တောများက တောဘက်မှလာသော သစ်ပင်များနှင့် တစ်ဆက်တည်းဖြစ်နေသည်။

ထို့ပြင် ထမံသီရွာသုသာန်နှင့်လည်း မဝေးလှတော့ပေ။

သုံးယောက်သား အိမ်ကြီးနှင့်မနီးမဝေးရောက်တော့ အခြေအနေကြည့်ကြသည်။ တစ်အိမ်လုံး မီးရောင်မရှိပဲ မည်းမှောင်နေကာ တိတ်ဆိတ်ငြိမ်သက်နေသည်။

"ထွန်းမြိုင် မင်းကောင်မလေးကဘယ်မှာလဲ၊ ဒီနေရာ လာဖို့ချိန်းထားတာရော သေချာရဲ့လား"

"သေချာပါတယ်ကွာ သူ သေသေချာချာ ပြောလိုက်တာပဲ"

"သိပ်ညဥ့်နက်အောင်တော့ ဒီနေရာမှာ နေလို့မကောင်းဘူးနော်၊ သရဲကြောက်ရတာတစ်မျိုး၊ ကျားကြောက်ရတာတစ်မျိုးနဲ့"

မှတ်ကြီးနှင့်ငတူးတို့က လေသံတိုးတိုးဖြင့် ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေကြစဉ် အိမ်ကြီးရှိသော နေရာဘက်မှ လူတစ်ယောက်ထွက်လာလေသည်။ တစ်ကိုယ်လုံး အဝတ်နက်ကြီးကို ခေါင်းမြီးခြုံထားသော မိန်းကလေးတစ်ယောက် ဖြစ်ပေသည်။

"ဟော. . ဟိုမှာ သူထွက်လာပြီ"

ထွန်းမြိုင်က ဝမ်းသာအားရ ပြောလိုက်သည်။

ထိုအချိန်မှာပင် အိမ်တွင်းမှထွက်လာသော မိန်းကလေးက တောစပ်သို့လျှောက်သွားနေသည်ကို လှမ်းမြင်ကြရသည်။

"သူ တောစပ်ကိုသွားနေတယ်. . . လိုက်သွားကြရအောင်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . တောစပ်ရောက်ရင် မင်းတို့အပြင်ကသာစောင့်နေ. . ငါတစ်ယောက်တည်းသွားပါ့မယ်"

ဟုပြောကာ သုံးယောက်သား နောက်မှလိုက်သွားကြလေသည်။ လကွယ်ညဖြစ်သောကြောင့် လရောင်ကမရှိပေ။

ထို့ပြင် မြူနှင်းများက ကျဆင်းနေသောကြောင့် အမှောင်ရိပ်များက ပတ်ဝန်းကျင်တစ်ခုလုံး ဖုံးအုပ်ထားသကဲ့သို့ ဖြစ်နေလေသည်။

တောစပ်ရောက်တော့ ကျန်နှစ်ယောက်ကို တောစပ်





မှာထားခဲ့ပြီး ထွန်းမြိုင်တစ်ယောက်တည်း တောတွင်းသို့ဝင်သွားလေသည်။ သူဝင်သွားပြီး မရှေးမနှောင်းမှာပင် မနီးမဝေးနေရာမှ ကျားတစ်ကောင်မာန်ဖီလိုက်သည့် အသံမြည်ပေါ်ထွက်လာလေသည်။

မှတ်ကြီးနှင့် တေးတို့နှစ်ယောက်မှာ ထွန်းမြိုင်အတွက် စိတ်ပူသွားကြသော်လည်း သူတို့လည်း ဘာမှမတတ်နိုင်တော့ပေ။ အတန်ကြာတော့ တောတွင်းမှ ကိုးတောင်ကျားကြီးတစ်ကောင် ထွက်လာသည်ကို တွေ့မြင်ရသောကြောင့် အပြင်ဘက်မှာစောင့်နေကြသူနှစ်ယောက်လည်း ထွက်ပြေးကြရပေသည်။

တောတွင်းသို့ဝင်လိုက်သွားသော ထွန်းမြိုင်မှာ ကျားဟိန်းသံလည်း မကြားရ၊ ကျားကိုလည်း မတွေ့ရပေ။

သူဝင်သွားတော့ မနီးမဝေးသစ်ပင်တစ်ပင်အောက်မှာထိုင်နေသော မိန်းကလေးကိုသာတွေ့ရသည်။

"မြ. . မြလေးတင်လား"

"ဟုတ်ပါတယ်"

"ပြောတဲ့အတိုင်းလာတာ သိပ်ပြီးဝမ်းသာတာပဲ၊ ငါ့မေတ္တာကိုလက်ခံပြီပေါ့နော်"

"လက်ခံလို့သာ အခုလို တစ်ယောက်တည်းလာတာပေါ့"

"ဝမ်းသာလိုက်တာ၊ တစ်ခါတည်း လိုက်ခဲ့မှာဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"လိုက်တာကတော့ဟုတ်ပါပြီ တကယ်ချစ်တာရော ဟုတ်ရဲ့လား"

"ချစ်တာပေါ့ မြလေးတင်ရယ်၊ ချစ်လို့သာ ကျားပေါ်တဲ့တောကို အချိန်မတော်လာခဲ့တာပေါ့"

ဟုပြောကာ အနားတိုးသွားလေသည်။ ပြီးလျှင် အနားမှာကပ်ကာ ထိုင်ချလိုက်သည်။

"လူတွေက ကျွန်မတို့ကို ထမန်းကျားမျိုးနွယ်တွေဆိုပြီး ကြောက်ကြတယ်၊ ရှင်ကရော မကြောက်ဘူးလား"

"မင်းသာရမယ်ဆိုရင် ကျားလည်းမကြောက်၊ ဆင်လည်းမကြောက်ပါဘူး"

ဟုပြောပြောဆိုဆို နှင့် မြလေးတင်ကိုယ်ကို နောက်မှသိုင်းဖက်လိုက်ရာစိတ်ထဲ၌ အံ့သြသွားလေသည်။

"ဟင်. . မင်းကိုယ်ကလည်း အရိုးချည်းပါလား"

ဟုပြောကာ ခေါင်းပေါ်မှာဖုံးထားသောအဝတ်ကို ဖယ်ချလိုက်ရာ သစ်ကိုင်းခြောက်၊ အိုးခြမ်းကွဲ၊ အဝတ်စုတ်တို့ဖြင့်ပြုလုပ်ထားသော စာခြောက်ရုပ်ကြီး ဖြစ်နေသည်ကို တွေ့ရလေသည်။

ဝါးလုံး၊ သစ်ကိုင်းခြောက်၊ အဝတ်စုတ်များဖြင့် ခြေထောက်လက်ထောက်ပါသော လူသဏ္ဌာန်ပြုလုပ်ထားပြီး ဦးခေါင်းနေရာမှာတော့ မြေအိုးပဲ့တစ်လုံး စွပ်ထားသည်။





အမည်းရောင်အိုးပေါ်မှာ မျက်လုံး၊ ပါးစပ်ပေါက်များ ရေးထားရာ သရဲမျက်နှာဖြစ်နေတော့သည်။

ကြောက်စရာမျက်နှာဖြစ်နေသော စာခြောက်ရုပ်က လူတစ်ယောက်ကဲ့သို့ အသက်ဝင်ကာ စကားပြောနေခြင်းဖြစ်၏။

"အောင်မယ်လေးဗျ လုပ်ကြပါဦး၊ စာခြောက်ရုပ်သရဲကြီးဗျာ. . ကယ်ကြပါဦး"

ဟုအော်ဟစ်ကာ နေရာမှထပြေးရာ စာခြောက်ရုပ်သရဲ၏လက်တစ်ဖက်က နောက်မှလှမ်းဆွဲလိုက်ရာ အဝတ်နှင့်ငြိပြီး နောက်မှဒရွတ်တိုက်ပါလာလေသည်။

ကြောက်ကြောက်လန့်လန့် ထွက်ပြေးတော့မှ စာခြောက်ရုပ်က သစ်ပင်သစ်ကိုင်းများနှင့် ငြိကာကျန်ခဲ့ပြီး လက်ပြတ်တစ်ဖက်ကသာ သူ့နောက်မှပါလာလေတော့သည်။

ထိုညက သွေးရူးသွေးတန်းဖြင့် ထွက်ပြေးရာ ထွန်းမြိုင်တစ်ယောက် အသက်မသေသော်လည်း သွေးပျက်သကဲ့သို့ ဖြစ်နေသောကြောင့် ဆေးဆရာနှင့် ဆေးကုရပေသည်။ နောက်တော့ ထမံသီရွာရှိရာဘက်သို့ ခြေဦးပင်မလှည့်ဝံ့တော့ပါချေ. . ။






www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၃ )

# မဟာကာ သို့မဟုတ် သစ်မွှေးပင်အကြောင်း

**ချင်း**တွင်းမြစ်ကမ်းတစ်လျှောက်တွင် ထမံသီရှာကြီး စည်ကားတိုးတက်စပြုလာသောအခါ ပတ်ဝန်းကျင်တစ်ဝိုက် နေရာများမှာလည်း သူ့နေရာနှင့်သူ သူ့အစုနှင့်သူ ရပ်တည်ပြီးနေထိုင်ကြရာ ရွာငယ်ကလေးများ ပေါ်ပေါက်လာကြလေသည်။ အချို့လည်း ရွာငယ်ကလေးများမှ အိမ်ခြေတိုး



www.burmeseclassic.com

www.burmeseclassic.com



ပွားလာသောကြောင့် ရွာကြီးများသဖွယ် ဖြစ်လာကြလေသည်။

နမ်းစဖီးရွာ၊ ခင်းဖာရွာ၊ တဇုန်းရွာ၊ ဟူးလောင်ရွာ၊ အုန်းပက်ရွာ၊ မိုင်းဝယ်ရွာ၊ နောင်ပင်ရွာ၊ ထမန်းတောရွာနှင့် ထမံသီရွာစသည်တို့ဖြစ်သည်။

အချိန်ကာလမှာ (၁၉၃၀)ပြည့်နှစ် (၁၂၉၂)ကာလဖြစ်သော မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်များသိမ်းပိုက်အုပ်ချုပ်ထားကြသော အချိန်ကာလဖြစ်ပေရာ အထက်ဖော်ပြသော ရွာကလေးများမှာ သာမန်ရွာငယ်ကလေးများအဆင့်လောက်သာ ရှိကြပေသေးသည်။

ထိုရွာများတွင် ထမံသီရွာက အကြီးဆုံးနှင့် အစည်ကားဆုံးဖြစ်ကာ သူကြီးအုပ်ချုပ်သောရွာဖြစ်သည်။ ထိုရွာကို အုပ်ချုပ်နေသောရွာသူကြီး ဦးထန်ဖုန်းရှိန်မှာ တစ်နယ်လုံးကို အုပ်ချုပ်ရသော တိုက်နယ်သူကြီးလည်းဖြစ်ပေသည်။ အခြားရွာများမှာတော့ ၎င်းမှတာဝန်ပေးထားသော ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်းနှင့် ရွာအုပ်စသည်တို့က စီမံအုပ်ချုပ်ရသည်။

ထမံသီရွာ နယ်နိမိတ်ဝန်းကျင်တစ်ဝိုက်တွင် ရှိကြသည့် ရွာများတွင် ထမန်းတောရွာလည်း တစ်ရွာအပါအဝင်ဖြစ်ပေသည်။ အိမ်ခြေတစ်ရာကျော်ခန့်ရှိကာ ထမံသီရွာပြီးလျှင် ထိုဒေသတွင် ဒုတိယအကြီးဆုံးရွာလည်း ဖြစ်ပေသည်။





ထိုရွာကို ရွာခေါင်းတစ်ဦးက စီမံအုပ်ချုပ်ရာ အမည်မှာ ဇမုန်းထန်ဖြစ်ပေသည်။ ဇမုန်းထန်က အသက်(၅၀)ကျော်ခန့်ရှိကာ ထမန်းလူမျိုးတစ်ဦးဖြစ်၏။

ထမန်းတောရွာတွင် နီမောင်တို့ မိသားစုနေထိုင်ကြလေသည်။ မိသားစုလေးယောက်ရှိကြပြီး မိခင်ဖခင်တို့မှာ ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ဖြစ်ကာ ညီမဖြစ်သူနှင်းမေမှာ (၁၈)နှစ်အရွယ်ခန့်သာ ရှိပေသေးသည်။

နီမောင်တို့က အထက်ချင်းတွင်းဒေသခံများတော့မဟုတ်ကြပေ။ မြစ်ဝကျွန်းပေါ်ဒေသများတွင် နယ်မြေများမအေးချမ်းတော့သည်ကတစ်ကြောင်း၊ စီးပွားရေးကျပ်တည်းမှုများနှင့် ကြုံတွေ့ကြသဖြင့်. . . အသိအကျွမ်းများရှိသော အထက်ပိုင်းဒေသများသို့ တစ်နေရာပြီး ရွှေ့ပြောင်းနေထိုင်ကြရင်းမှ ယခုနောက်ဆုံး ထမန်းတောရွာသို့ ရောက်လာကြခြင်းဖြစ်လေသည်။

ထိုရွာမှာတော့ သူတို့နှင့်သိကျွမ်းခဲ့ဖူးသော အသိမိတ်ဆွေအချို့ရှိကြသည်။ ထိုအထဲတွင် ဆေးဆရာကြီး ဦးဗန်ကောင်းလည်း အပါအဝင်ဖြစ်ပေသည်။

ဦးဗန်ကောင်းမှာ အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး တစ်ကိုယ်တည်းဘဝဖြင့် နေရာအနှံ့သွားလာနေသူဖြစ်ရာ ယခု နီမောင်တို့ရောက်လာသဖြင့် ထမန်းတောရွာသို့ ရွှေ့ပြောင်းလာသူဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးဇန်ကောင်းမှာ ဆေးပညာ၊ အဂ္ဂိရတ်ပညာနှင့် အစီအရင်ပညာ စသည်တို့ကို များစွာကျွမ်းကျင်သူဖြစ်ပေသည်။ နီမောင်တို့ သိကျွမ်းစကာလကပင် သူဆေးကု၍ရသမျှ ငွေကြေးမှန်သမျှ ဖိုထိုးရင်းဖြင့် ကုန်တာများပေသည်။

ယခု ထမန်းတောရွာရောက်တော့လည်း တဲတစ်လုံးဖြင့် တစ်ယောက်တည်းနေထိုင်ကာ ဖိုထိုးသောအခန်းကိုတော့ နံဘေးမှာ ပြုလုပ်ထားလေသည်။

ထမန်းတောရွာတွင် နီမောင်တို့နှင့် ရင်းနှီးခင်မင်သော သူအချို့လည်းရှိကြသေးသည်။ အခြားမဟုတ်ပေ။ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ပင်ဖြစ်၏။ ၎င်းတို့နှစ်ယောက်မှာ ယခင်က မြစ်ဝကျွန်းပေါ်ဘက်ရှိ သစ်တောများတွင် လာရောက်အလုပ်လုပ်ကြသူ များဖြစ်သည်။

နောက်ပိုင်း မြစ်ဝကျွန်းပေါ်ဘက်ဒေသများ၌ မအေးချမ်းတော့မှ နေရပ်သို့ပြန်သွားကြခြင်းဖြစ်သည်။

ယခုတော့ နီမောင်တို့မိသားစုမှာ အောက်ဖက်ဒေသများတွင်လုပ်ကိုင်ရတာ အဆင်မပြေဖြစ်လာသောအခါ ရွှေ့ရင်းပြောင်းရင်းနှင့် စောထီးနှင့် ငမဲအောင်တို့ရှိသည့် ထမန်းတောရွာသို့ ရောက်လာခဲ့ကြခြင်းပင်ဖြစ်ပေသည်။

"သုံးရွာပြောင်း၊ သုံးစလောင်းပင်မကျန်" ဟူသော စကားရှိသည့်အတိုင်း တစ်နေရာတည်းမှာ အတည်တကျ





မနေနိုင်ပဲ မကြာခဏရွှေ့ပြောင်းနေကြရသဖြင့် စီးပွားဥစ္စာလည်း မစုမိကြတော့ပေ။

ထမန်းတောရွာရောက်လာတော့ တစ်နေ့လုပ်တစ်နေ့စား အခြေအနေမျိုးသာရှိကြပေတော့သည်။

"ငါတို့နှစ်ယောက် အဆင်မပြေလို့ မင်းတို့ဆီရောက်လာတုန်းက မင်းတို့မိသားစုတွေ အကူအညီပေးခဲ့ကြတယ်၊ အခု မင်းတို့အဆင်မပြေလို့ ငါတို့ဆီရောက်လာတော့လည်း ငါတို့က တစ်လှည့်ပြန်ပြီး အကူအညီပေးရမှာပေါ့၊ ဘာမှစိတ်မပူနဲ့၊ ငါတို့ တတ်နိုင်သလောက် မင်းတို့ကို ကူညီပေးမယ်"

ဟုပြောလေသည်။

"အခုလိုကြားရတာ ဝမ်းသာပါတယ်ကွာ၊ ဒါထက် ဒီမှာ ဘာတွေလုပ်ကိုင်စားသောက်လို့ရနိုင်သလဲ"

"အများကြီးပေါ့၊ မြေကွက်ရှိရင် စပါးစိုက်လို့ရတယ်၊ လက်ဖက်စိုက်လို့ရတယ်၊ မြစ်ထဲဆင်းပြီး ငါးရှာလို့ရတယ်၊ တောထဲဝင်ပြီး အမဲလိုက်လို့ရတယ်"

"တယ်ဟုတ်ပါလား"

"ကြီးပွားချမ်းသာချင်ရင်တော့ တောထဲဝင်ပြီး သစ်မွှေးရှာပေါ့"

"သစ်မွှေးဆိုတာ ဘာကိုပြောတာလဲ၊ နံ့သာဖြူ နံ့သာနီ၊ ကရမက်လို အပင်မျိုးတွေလား"

"အဲဒီအပင်တွေကရှာတွေ့ဖို့မလွယ်ပါဘူး၊ သစ်မွှေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ အကျော်ပင်ကရတဲ့ သစ်မွှေးကိုပြောတာ. . .”

“ထားပါတော့ အဲဒီသစ်မွှေးက ဘယ်လောက်တန်ဖိုး ရှိလို့လဲ”

“ရွှေထက်တန်ဖိုးကြီးတယ်၊ ရွှေဒင်္ဂါးတစ်ပြားကို (၁၅) ကျပ်၊ (၁၆)ကျပ်လောက်ပဲ ဈေးပေးရပေမယ့် သစ်မွှေးတစ် ပိဿာကို လေးငါးဆယ်ရတယ်”

“ဟင်. . မနည်းပါလား”

(၁၉၃၀)ပြည့်နှစ်လောက်က တစ်ပြား၊ နှစ်ပြား၊ တစ်မူး၊ တစ်ပဲ သုံးစွဲသောခေတ်ဖြစ်ရာ ဆန်တစ်ပြည် တစ်မတ်၊ ငါးတစ်ပိဿာ၊ အမဲတစ်ပိဿာ တစ်မတ်ထက်ပိုမပေးရပေ။ ငွေတစ်ကျပ် ရှိလျှင်ပင် အတော်ပင်လောက်လောက်ငှငှ စား သောက်နိုင်သော အခြေအနေမျိုးဖြစ်သည်။

ရေနံဆီတစ်ပုလင်း တစ်ပြား၊ ဆီတစ်ပိဿာ တစ်မတ်၊ လုံချည်တစ်ကွင်း တစ်ကျပ်၊ အင်္ကျီတစ်ထည် ငါးမူး၊ သုံးမတ်၊ ရွှေတစ်ကျပ်သားမှ (၁၅)ကျပ်ထက် ပိုမပေးရသော အခြေနေအချိန်အခါမျိုး ဖြစ်သည်။

ထိုခေတ်က ငွေတစ်ရာနှစ်ရာ ကိုင်သုံးနိုင်သူမှာတော့ သူဌေးဖြစ်ပေသည်။

သို့ကြောင့် သစ်မွှေးတစ်ပိဿာ လေးငါးဆယ်အထိ ရသည်ဆိုသောအခါ အံ့သြသွားခြင်းပင်ဖြစ်ပေသည်။

“မင်း ပြောတာနဲ့ ငါတောင် စိတ်ဝင်စားလာပြီ၊ အဲဒီ





သစ်မွှေးအကြောင်းကို မင်းတို့သိသလောက် ငါ့ကိုပြောပြပေး ပါဦး”

ထိုအခါ စောထီးနှင့် ငမဲအောင်တို့က ၎င်းတို့ဒေသမှ ထွက်သော သစ်မွှေးအကြောင်းကို သိသမျှ ပြန်ပြောကြလေ သည်။

ရှေးအခါက သစ်မွှေးရှိမှန်းလည်းမသိ၊ တန်ဖိုးရှိမှန်း လည်းမသိ၊ ဆေးဖက်ဝင်မှန်းလည်းမသိ၊ ရောင်းချစားသောက် ရမှန်းလည်းမသိခဲ့ကြပေ။

သစ်မွှေးရရှိသောအပင်မှာ ‘အကျော်ပင်’ ဖြစ်၏။ နံ့သာဖြူ၊ နံ့သာနီ၊ အကျော်၊ ကရမက် ဆိုပြီး နံ့သာစာရင်းဝင် သစ်ပင်မျိုးဖြစ်သည်။ သို့သော်လည်း သစ်မွှေးပင်ဟုသာ ခေါ်ဝေါ်ကြသည်။

သစ်မွှေးပင်က နေရာအနှံ့မှာ ပေါက်လေ့မရှိသည့် အပြင် ရှားပါးသောသစ်ပင်မျိုးလည်းဖြစ်သည်။

မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာ သစ်မွှေးပင်ရှိမှန်း သိသဖြင့် နယ်ခြားဘက်မှာ မှောင်ခိုကုန်သည်များ ဝင်ရောက် ရှာဖွေကြရာ ဦးစွာစတင်တွေ့ရသော အရပ်ဒေသမှာ ထမံသီ ဒေသပင်ဖြစ်သည်။

ကျားနှင့် တောတိရစ္ဆာန်များပေါသဖြင့် လူသူမဝင်ဝံ့ သော တောနက်ကြီးများထဲမှာမှ သစ်မွှေးပင်ကရှိသည်၊ သစ်မွှေးပင်ကို လိုက်လံရှာဖွေကြစဉ်မှာ စတင်တွေ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ အထက်ချင်းတွင်းခရိုင် ဟုမ္မလင်းနယ် ထမံသီရဲ့ အထက်ဖက် (၈)မိုင်လောက်ဝေးသော နမ့်ပကွန်ချောင်းဟု ခေါ်သည့် ရေကတက်ချောင်းများ၌ ဖြစ်သည်။ ထိုနေရာမှာ နမ်းစဖီးရွာနှင့် မဝေးလှပေ။

ထိုနေရာတစ်ဝိုက်တွင် သစ်မွှေးရမှန်း သိသဖြင့် လိုက်လံ ရှာဖွေကြရာ ထမံသီရွာနှင့် (၁၆)မိုင်ခန့်ဝေးသော နမ့်ဘီဆူးချောင်းဖျားတစ်လျှောက်မှာ သစ်မွှေးရနိုင်သည့် အပင်တို့ကို တွေ့ကြရသည်။

နောက်ပိုင်း တဇုန်း၊ ဟူးလောင်၊ အုံးပက်၊ မိုင်းဝယ်၊ နောင်ပင် စသောရွာများမှာ နေကြသူတို့မှာသစ်မွှေး ဈေးကောင်းရသဖြင့်၊ သစ်မွှေးရလျှင် ချမ်းသာနိုင်သည်ဟူသော တောနက်ထဲများအထိ သွားရောက်ကာ သစ်မွှေးရှာဖွေကြလေသည်။

ရှေးအခါက ထမံသီတော၊ ဟူးကောင်းလွင်ပြင်၊ ရွှေလီမြစ်ရိုးမှာရှိသော သစ်တောကြီးများမှာ သာမန်မဟုတ်ကြပေ။ လူသူအရောက်အပေါက်နည်းလှသည့် အထိကရ သစ်တောကြီးများဖြစ်ကြလေသည်။

ထိုတောများထဲတွင် အန္တရာယ်ပေးနိုင်သော လူဝံ၊ မျောက်ဝံ၊ ဆင်၊ ကျား၊ ကျားသစ်၊ မြွေ၊ ဝက်ဝံ၊ ပြောင်း၊ ကြံ့ စသော တောတိရစ္ဆာန်တို့လည်း မြောက်များစွာရှိကြလေသည်။ သစ်မွှေးရှာဖွေသူတို့မှာ ထိုတိရစ္ဆာန်တို့၏ တိုက်ခိုက်





မှုကြောင့် သေကြေပျက်စီးမှုမျိုး ကြုံကြရသည်လည်း ရှိသည်။ အများအားဖြင့်တော့ ကိုးတောင်ကျားကြီးများ အဆွဲခံရသဖြင့် သေကြရခြင်းဖြစ်သည်။

ထိုအချိန်က လူသူအရောက်နည်းသော တောများထဲတွင် ကျားများမှာ အိမ်မွေးကြောင်များကဲ့သို့ပင် ပေါများလှသည်။

သစ်မွှေးရှာဖွေသူတို့မှာ လူသူမရောက်သော တောနက်ကြီးများအထိ ဝင်ရောက်ရှာဖွေခြင်းဖြစ်ရာ အများအားဖြင့် ကိုးတောင်ကျားကြီးများ၏ အန္တရာယ်နှင့် အများဆုံးတွေ့ကြရခြင်းဖြစ်ပေသည်။

သို့ကြောင့် စားဝတ်နေရေးအတွက် ရှာဖွေကြရာ အန္တရာယ်ရှိသော်လည်း သွားကြရသည်။ ထိုသို့သွားရာမှာလည်း တစ်ယောက်ချင်းနှစ်ယောက်ချင်း မသွားဝံ့ပဲ ကိုယ့်အဖွဲ့နှင့်ကိုယ် လူစုပြီး သွားကြရသည်။

သစ်မွှေးရရှိပုံက စိတ်ဝင်စားစရာကောင်းလှပါသည်။ ထို့ပြင် ကံတရားနှင့်လည်း အတော်ပင် သက်ဆိုင်မှုရှိသည်။ တောပိုင်တောင်ပိုင်တို့ စောင့်ရှောက်ပေးမှုလည်းပါသည်။ ယုံကြည်ကိုးကွယ်ရာ နတ်တို့၏ အကူအညီပေးမှုများလည်း ပါဝင်လေသည်။ မယုံကြည်၍မရပေ။ ဥပေက္ခာပြုထား၍လည်း မဖြစ်ပြန်ပေ။

သစ်မွှေးဆိုတာ ပုလဲကဲ့သို့ အမြုတေဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဘက်မှာရှိသော ကမာကောင်တိုင်းမှာ ပုလဲမရှိပေ။ အမြုတေဘဝရောက်မှ ပုလဲဖြစ်သည်။ ပုလဲလုံးဘဝရောက်လျှင်လည်း ကမာကောင်ထက် တန်ဖိုးရှိသည်။

(ပုလဲဖြစ်ပုံအကြောင်းကိုတော့ မသက်ဆိုင်သဖြင့် မရေးတော့ပဲ သစ်မွှေးအမြုတေအကြောင်းကိုသာ ရေးသားဖော်ပြပေးပါမည်)

သစ်မွှေးရနိုင်သောအပင်က အင်၊ ကညင်ပင်ကြီးများကဲ့သို့ အပင်ကြီး၊ အပင်စောက်မျိုး ဖြစ်သည်။ အကျော်ပင် အုပ်စုဝင်အပင်မျိုးလည်း ဖြစ်သည်။

သို့သော်လည်း အင်၊ ကညင်အသားကဲ့သို့ မာကျောကျစ်လစ်ခြင်းမရှိဘဲ လဲပင်၊ လက်ပံပင်၊ ကသစ်ပင်ကဲ့သို့ အပင်ကြီးသော်လည်း အသားပွသောအပင်မျိုးလည်း ဖြစ်သည်။

အရွက်က ကံ့ကော်ရွက်နှင့်တူပြီး အလယ်ကနှစ်ပိုင်းဖြတ်လိုက်က ရုတ်တရက်ပြတ်မသွားပေ။ အရွက်ထဲမှာရှိသည့်အကြောကလေးတွေက ကြက်ပေါင်းစေးလို အစေးရည်များထွက်လာပြီး အမျှင်တန်းနေသည်။ လက်လွှတ်လိုက်တာနှင့်ပြန်ဆက်သွားတတ်ကြသည်။

တစ်ချိန်တစ်ခါက ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် ရေးသားသည့် 'သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင်' ဟူသောစာအုပ်တွင် ချစ်သူတို့၏ သံယောဇဉ်ကို စွယ်တော်ရွက်ဖြင့်တင်စားရေးခဲ့ဖူးသည်။





အကယ်၍ ထိုအချိန်ကသာ သစ်မွှေးပင်များ ပေါပေါများများတွေ့ရပါက သံယောဇဉ်အမျှင်တန်းပုံများကို သစ်မွှေးရွက်များနှင့် တင်စားရေးသားမည်လား မပြောတတ်ပေ။

သစ်မွှေးရွက်က ဖြတ်သော်လည်း မပြတ်သော သစ်ရွက်မျိုးဖြစ်သည်။

သစ်မွှေးရရှိနိုင်သာ နေရာများက စိမ့်မြိုင်ကောင်းသော သင်ပင်၊ စလူပင်၊ ရုန်းပင်တွေ ပေါက်သောနေရာများမှာ ပေါက်လေ့ရှိသည်။ စိမ့်မြေကောင်းသည့် ချောင်းနှင့်နီးသောနေရာ၊ ချောင်းများ စိမ့်မြေများ၌ ပေါက်လေ့ရှိသည်။

ထိုနေရာများတွင် တောကောင်ကြီးများလည်းပေါလှသည်။ သစ်မွှေးပင် (အကျော်ပင်) တစ်ပင်လုံးမှာ သစ်မွှေးရှိသည်တော့ မဟုတ်ပေ။ အချို့အပင်မှာ သစ်မွှေးရရှိနိုင်ပြီး အချို့အပင်တို့တွင် မရှိပေ။

ကမာကောင်တိုင်းမှာ ပုလဲမရှိသလိုမျိုး ဖြစ်သည်။ သစ်မွှေးအမြုတေ ဖြစ်ပေါ်ပုံမှာ ဤသို့ဖြစ်သည်။ တစ်ကိုယ်လုံး အနီရောင်ဖြစ်ပြီး ဆူးမွှေးကလေးများပါသော သစ်စားပိုးခူကောင်တစ်မျိုးက အသားပွသော သစ်ပင်ကိုဖောက်ပြီး အတွင်းသို့ဝင်သွားသည်။

ထိုပိုးကောင် သစ်ပင်ကြီးအတွင်းရောက်တော့ ပြန်မထွက်နိုင်ခင်မှာ သစ်ပင်အစေးငွေ့ကြောင့် သေသွားသော အစိုင်အခဲဘဝ ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာလာတော့ ထိုအနီရောင်အစိုင်အခဲက အမြုတေလို ဖြစ်လာပြီး အူကြောင်းတစ်ဝိုက်မှာ အနီရောင်အနှစ်သား ဖြစ်လာရပေသည်။ ထိုအနှစ်သား အစိုင်အခဲမှာ မွှေးသောရနံ့ရှိသည့် သစ်မွှေးပင်ဖြစ်ပေသည်။

သို့ကြောင့် ရှေ့မှာရေးခဲ့သည့်အတိုင်း ကမာကောင်ကိုယ်ထဲ၌ ပုလဲဖြစ်ပေါ်ပုံနှင့်တူကြောင်း ရေးသားခဲ့ခြင်းဖြစ်၏။

သစ်မွှေးအမြုတေက အပင်တိုင်းမှာမရှိပေ။ လုံးပတ်နှစ်ပေသုံးပေသာရှိသေးသော အပင်ငယ်ကလေးများမှ လူလက်တစ်ဖက်၊ နှစ်ဖက်မျှကြီးသော သစ်ပင်ကြီးများအထိ ရှာဖွေနိုင်သည်။ သစ်ပင်ကြီးတာ၊ ငယ်တာ၊ နုတာ၊ ရင့်တာနှင့် မဆိုင်ပေ။

သစ်မွှေးရှာသူတို့က သစ်မွှေးရနိုင်မည့် အကျော်ပင်ကို အရင်တွေ့အောင်ရှာဖွေရသည်။ တွေ့သည်နှင့် အပင်သေးလျှင်တော့ ငါးမန်းစွယ်ဟုခေါ်သော နှစ်ဖက်ဆွဲလွှဖြင့် ဖြတ်လှဲရသည်။ သစ်ပင်ငယ်လျှင် အန္တရာယ်မများသော်လည်း သစ်ပင်သိပ်ကြီးပါက မလှဲတတ်ပါက အန္တရာယ်များသည်။

အကျော်အုပ်စုဝင် 'မဟာကာပင်' ဟုခေါ်သော သစ်မွှေးရနိုင်သောအပင်ကြီးများမှာ အချို့က သင်ပင်၊ လက်ပံပင်ကြီးများကဲ့သို့ ကြီးမားသောအပင်မျိုး ဖြစ်ပေသည်။





သစ်ပင်လဲကျသွားလျှင် သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ အပိုင်းပိုင်းအတစ်တစ် တုံးများဖြတ်တောက်ရသည်။ အဖြူရောင်အသားတွင် သစ်မွှေးရှိနေပါက ကနစို အနှစ်သားကဲ့သို့ အနီရောင်သမ်းနေသည်ကို တွေ့ရသည်။

မရှိလျှင် မတွေ့ရပေ။

သစ်ပင်ကြီးသော်လည်း တွေ့ချင်မှ တွေ့ရတတ်ပြီး လုံးပတ်တစ်ပေနှစ်ပေလောက်သာရှိသေးသော အပင်ငယ်မှ သစ်မွှေးအစိုင်အခဲများစွာ ရသည်မျိုးလည်းရှိသည်။ ထို့ကြောင့် အထက်မှာရေးသားခဲ့သည့်အတိုင်း ကျောက်တူးသူ၊ ပတ္တမြားရှာဖွေသူနှင့် တူသည်ဟုဆိုရခြင်း ဖြစ်ပေသည်။

ကံရှိလျှင် နည်းနည်းရှာရုံနှင့် များများရတတ်ပြီး ကံမရှိပါက များများရှာဖွေသော်လည်း နည်းနည်းမှ မရသည်မျိုးလည်း ရှိတတ်ကြသည်။

သစ်ပင်ကြီးပေါင်းမြောက်များစွာ လှဲဖြတ်ရှာဖွေပါသော်လည်း သစ်မွှေးတစ်ဆစ်လောက်မှမရပဲ သစ်ပင်တစ်ပင်နှစ်ပင်လှဲကြည့်ရုံနှင့် သစ်မွှေးအမြောက်အများ ရသူတွေလည်း ရှိကြသည်။

အချို့လည်း လေမိုးဒဏ်ကြောင့် သစ်မွှေးပင်ကြီးများက သူ့ဖာသာလဲကျသွားရာမှ ဆွေးမြေ့သွားသောအခါ အတွင်းမှာရှိနေသော သစ်မွှေးအမြုတေကို အဆင်သင့်ရကြသည်မျိုးလည်း ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်က အသားပွသဖြင့် မကြာခင် ဆွေးမြေ့သွားသော်လည်း သစ်မွှေးအမြုတေကတော့ ဘယ်သောအခါမှ မဆွေးပေ။

သစ်မွှေးရှာသူတို့က သစ်မွှေးပင်များကို လှဲပြီးပါက အပိုင်းလိုက်အတစ်လိုက်ဖြတ်တောက်ပြီး အထဲမှာ သစ်မွှေးရှိမရှိ ရှာကြည့်ကြရသည်။ တွေ့သည်နှင့် အပေါ်ယံအကာသားများကို ဓား၊ ကပ်ပါး၊ စူးဆောက်တို့ အသုံးပြုကာ တဖြည်းဖြည်းဖွဲ့ချပြီးမှ သစ်မွှေးကို ရယူကြသည်။

သစ်မွှေးကို တန်ဖိုးဖြတ်ရာမှာလည်း သူ့အတန်းအစားအလိုက် ရှိပေသည်။

ဆောလစ်(Solid)လို့ခေါ်တဲ့ အစိုင်အခဲအတုံးကြီးမျိုး ရလျှင်တော့ ဈေးအကောင်းဆုံးပေးဝယ်ကြသည်။

ဒုတိယတန်းစားကတော့ လက်ဝါးလက်ဖီဟုခေါ်သော အပိုင်းအစများဖြစ်သည်။ ထိုအမျိုးအစားက ဈေးတစ်မျိုးရသည်။ တတိယတန်းစားကတော့ ဓားစာ၊ ဆောက်စာ အပိုင်းအစကလေးများ ဖြစ်သည်။

ထို့ကြောင့် သစ်မွှေးရှာဖွေသူတို့က သစ်မွှေးရှိသောတုံးကို တွေ့ပါက တောထဲမှာပင် မရှာတော့ပဲ အတုံးလိုက် မိမိနေရာရောက်သည်အထိ ထမ်းယူလာကြသည်။

အိမ်ရောက်တော့မှ ဓားစာ၊ ဆောက်စာ မကျန် အလေအလွင့်မရှိအောင် ခုတ်ထစ်ဖယ်ရှားပြီး သစ်မွှေးထုတ်





ယူကြသည်။

သစ်မွှေးက ဒေသခံများ ဆေးဝါးအဖြစ်သုံးကြရာမှာလည်း အတော်ပင်စုံလင်လှသည်။

မူးမော်နေလျှင် သစ်မွှေးကိုရှူရှုံနှင့် ပျောက်ကင်းနိုင်သည်။ ရင်ကြပ်၊ ချောင်းဆိုး၊ ပန်းနာရောဂါသည်ကို သစ်မွှေးအနည်းငယ်သွေးတိုက်ရုံနှင့် သက်သာပျောက်ကင်းစေသည်။ ခွေး၊ ခွေးရူးကိုက်ခံရရင် ဒဏ်ရာကို သစ်မွှေးသွေးလိမ်းပေးရင် အဆိပ်မတက်ပဲ ပျောက်နိုင်သည်။ အဆိပ်မိသောသူကို သစ်မွှေးသွေးပြီး ရေဖြင့်ရောတိုက်ပါက အဆိပ်ပြေစေသည်။

လေဖြတ်ခြင်း၊ လေဖြန်းခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်းကို သစ်မွှေးသွေး၍ ရသောရေဖြင့် လိမ်းပေးပြီး ရောဂါဖြစ်သောနေရာကို နှိပ်နယ်ပေးပါက သက်သာပျောက်ကင်းစေသည်။ သစ်မွှေးနှင့်ပတ်သက်ပြီး ရောနှောဖော်စပ်ကာ အသုံးပြုသော ဆေးနည်းပေါင်းများစွာတို့လည်း ရှိကြသေးသည်။

သစ်မွှေးက ရနံ့မွှေးသည်။ အရသာခါးသည်။ ပူသောဓာတ်ရှိသဖြင့် များများသောက်မိပါက သေစေနိုင်သည်။

အင်္ဂလိပ်များ အုပ်ချုပ်နေစဉ်က သစ်မွှေးအရောင်းအဝယ်လုပ်ငန်းမှာ ယခုကာလလောက် လောဘတကြီးသဲကြီးမဲကြီး မလုပ်ကြသေးသော်လည်း တမူးဘက်မှ ဝင်ရောက်လာသော မှောင်ခိုသမားများကတော့ ရောက်လာပြီး ဝယ်ယူနေကြပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ ယခုအခါမှာတော့ သစ်မွှေးကမတွေ့ရသလောက်ဖြစ်သွားပြီး တစ်ပိဿာဈေးနှုန်းမှာလည်း သိန်းနှင့်ချီပြီးပေးရပြီ ဖြစ်၏။ (၁၉၇၀-၈၀) ဝန်းကျင်လောက်ကပင် ဆောလစ်ဟုခေါ်သော ပထမတန်းစား သစ်မွှေး တစ်ပိဿာကို ခန္တီးမြို့တွင် လေးငါးသောင်းပေါက်ဈေးရှိခဲ့ပေ၏။

အထက်ပါ အကြောင်းအရာအချို့မှာ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က နီမောင်အား ပြန်ပြောပြသည့် အကြောင်းအရာများဖြစ်ပေသည်။

"ဒါထက် မေးရဦးမယ်၊ ဒီလောက်တန်ဖိုးရှိနေတဲ့ သစ်မွှေးက ဘာတွေအသုံးဝင်သတဲ့လဲ"

နီမောင်ကမေးလိုက်တော့ ကျန်နှစ်ယောက်မှာ မျက်လုံးပြူးသွားကြသည်။

"ငါတို့တော့ ဘယ်သိပ့်မလဲကွာ. ."

"ဘယ်သူတွေက လာဝယ်တာလဲ"

"အိန္ဒိယဘက်က မှောင်ခိုကုန်သည်တွေပေါ့၊ ဒီဘက်က အရောင်းအဝယ်သမားတွေက ခန္တီး၊ တမူးလောက်အထိ သွားရောင်းကြတယ်၊ ဟိုဘက်က မှောင်ခိုကုန်သည်တွေက အဲဒီနေရာအထိ ဆင်းဝယ်ကြတယ်"

"အဲဒီလိုလာဝယ်တော့ အင်္ဂလိပ်အစိုးရက မဖမ်းဘူး





သား"

"မဖမ်းပါဘူး၊ ဒီလိုပဲ ကြည့်နေကြတာပါပဲ"

တစ်ဖက်နိုင်ငံမှ သစ်မွှေးလာဝယ်သူတို့တွင် ဝယ်ယူခွင့်လိုင်စင်ရှိသည်ဟု ပြောသည်။

၎င်းတို့က သစ်မွှေးဈေးချဝယ်ချင်လျှင် အကြောင်းအမျိုးမျိုးပြကြသည်။

"အစ်ကာလနီးသဖြင့် ဝါရှောင်၊ ဥပုသ်စောင့်နေလို့ သစ်မွှေးမဝယ်သေးပါ"

"သစ်မွှေးစက်ရုံပြုပြင်နေလို့ မဝယ်သေးပါ"

"အခြားနိုင်ငံမှ သစ်မွှေးဝယ်သူများ မလာကြသဖြင့် မဝယ်သေးပါ"

ဟုအကြောင်းအမျိုးမျိုးပြကာ ဈေးနှိမ်ကြလေသည်။ ဒီဘက်က သစ်မွှေးရှာဖွေသူများကတော့ ထိုအကြောင်းများကို မသိကြပေ။ ကုန်သည်များပြောသည့် ပါးစပ်ပေါက်ဈေးဖြင့်သာ လွယ်လွယ်ကူကူ ရောင်းလိုက်ကြသည်။

အဘယ်ကြောင့်ဆိုသော် ပိုက်ဆံဖြင့်ဝယ်ယူလာရခြင်းမဟုတ်ပဲ တောထဲမှ အလကားရှာဖွေရလာသောကြောင့်ပင် ဖြစ်ပေသည်။

လူရည်လည်ကုန်သည်များ ပြောပြသဖြင့်လည်း သစ်မွှေးအသုံးဝင်ပုံကို သိတန်သလောက်သိကြရသည်။

ဒီဘက်မှဝယ်ယူသွားသော သစ်မွှေးကို အိန္ဒိယနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ တန်ဖိုးကြီးကြီးဖြင့်ရောင်းသော ရေမွှေးနှင့် အမွှေးတိုင်များ ပြုလုပ်ရောင်းချသည်။


ရောဂါပျောက်ဆေးများ၊ ခွန်အားအတွက်ဖော်စပ်သော ဆေးဝါးများတွင် ထည့်သွင်းဖော်စပ်သဖြင့် အိန္ဒိယနိုင်ငံသာမကပဲ အာရပ်နိုင်ငံများကပါ ဈေးကြီးပေး၍ ဝယ်ယူကြသည်။ သစ်မွှေးက လူအတွက်သာမကပဲ ၎င်းတို့အသုံးပြုသည့် ကုလားအုပ်ကြီးများတွက် များစွာအသုံးဝင်ပေသည်။ သစ်မွှေးပါသော အစာကိုကျွေးလျှင် ရက်ပေါင်းများစွာ အလုပ်လုပ်ပေးနိုင်ကြသည်ဟုလည်း ဆိုသည်။

အမိက အသုံးပြုခြင်းကတော့ ဆေးဝါးဖော်စပ်ခြင်းနှင့် ရေမွှေးထုတ်လုပ်ရာတွင် အသုံးပြုကြသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဈေးကောင်းပေးကာ ဝယ်ယူနေကြခြင်းဖြစ်ပေသည်။

အကျော်ပင်အုပ်စုတွင် စာရင်းဝင်သည့် 'မဟာကာ' ပင်ဟုခေါ်သော သစ်မွှေးပင်အကြောင်းကို အတော်အတန်သိရပြီးသောအခါ နီမောင်လည်း စိတ်ပါလာသောကြောင့် စောထီး၊ ငမဲအောင်တို့ နှစ်ယောက်နှင့်တွဲကာ သစ်မွှေးရှာဖွေသောအလုပ်လုပ်ရန် ဆုံးဖြတ်လိုက်လေတော့သည်။







# အခန်း [ ၄ ]

# တောနက်ထဲမှ ပန်းပုထုနေသူ

နီမောင်တို့မိသားစုမှာ ထမန်းတောရွာသို့ ရွှေ့ပြောင်းလာခဲ့ကြပြီး အတော်အသင့် အခြေအနေကျပြီးသောအခါမှာတော့ စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရလေသည်။ နှင်းမေက မိန်းကလေးဖြစ်သည်ကတစ်ကြောင်း၊ ထိုရွာတွင် အသိအကျွမ်းမရှိသေးသည်ကတစ်ကြောင်းကြောင့် အပြင်ထွက်ပြီး အလုပ်လုပ်၍မဖြစ်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်မှုကိစ္စများသာလုပ်ကိုင်ရပေသည်။ တစ်အိမ်လုံးအတွက် စားဝတ်နေရေးတာဝန်ကိုတော့ နီမောင်ကပင် တာဝန်ယူကာ လုပ်ကိုင်ဆောင်ရွက်ပေးရလေသည်။

ထိုရွာတွင် စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ရှိနေသောကြောင့် သူ့အတွက် အကူအညီရနေသည်။

နောက်ပိုင်းရက်များမှာတော့ တခြားအလုပ်များလည်း လုပ်ကိုင်စရာရှိသေးသောကြောင့် စောထီးတို့နှစ်ယောက်နှင့်အတူ တောသို့သွားကာ သစ်မွှေးရှာဖွေသောအလုပ်ကို လုပ်လေသည်။

တောထဲရောက်တော့ စောထီးကပြောသည်။

"နီမောင်၊ မင်းက ဒီနယ်အတွက် လူသစ်ဖြစ်နေတော့ ပြောစရာရှိတာပြောပြီး အသိပေးစရာတွေကို ပေးထားရဦးမယ်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဒီနယ်တွေက တောနက်တွေများတယ်၊ တောကောင်တွေလည်းများတယ်၊ အထူးသဖြင့် တောကောင်(ကျား)တွေပေါ့၊ ဒီတောတွေမှာ သာမန်ကျားတွေရှိသလို သမန်းကျားတွေလည်း ရှိတယ်"

"သမန်ကျားဆိုတာ လူကနေကျားဖြစ်တာကိုပြောတာလား"

"ဟုတ်တယ်၊ ဒီနယ်မှာ လူကနေကျားအသွင် ပြောင်း





လဲနိုင်တဲ့ကျားမျိုးနွယ်တွေရှိတယ်၊ ထမန်းမျိုးနွယ်တွေပေါ့"

"ထမန်းမျိုးနွယ်တွေက ငါတို့နေတဲ့ ထမန်းတောရွာမှာရော ရှိတာပဲလား"

"ရှိတယ်၊ ထမန်းတောရွာတင်မကဘူး ထမံသီရွာမှာလည်းရှိတယ်၊ တခြားရွာတွေမှာလည်းရှိကြတယ်၊ ဒါပေမယ့် သူတို့ကလည်း သူလိုကိုယ်လိုပဲနေကြတာဆိုတော့ မသိနိုင်ကြဘူး"

"ဘယ်လိုသိနိုင်သလဲ"

"သူတို့ကိုသိဖို့က ကျားအသွင်ပြောင်းမှပဲသိရတယ်၊ နောက်တစ်ချက်က သူတို့မျိုးနွယ်တစ်ယောက်ယောက် သေဆုံးရင် သိရတယ်. ."

"ဘယ်လိုသိတာလဲ"

"ထမန်းမျိုးနွယ်တွေသေတဲ့အခါ သာမန်လူတွေမြှုပ်တဲ့ သုသာန်မှာ မမြှုပ်ဘူး၊ သူတို့မှာ သီးသန့်ထားတဲ့ သချိုင်းရှိတယ်၊ အဲဒီမှာသွားမြှုပ်တယ်"

"ဘယ်နေရာမှာလဲ"

"ငါတို့လည်းမသိဘူး၊ ထမန်းမျိုးနွယ်တစ်ယောက်ယောက် သေရင် ကျန်တဲ့လူတွေကို အသိမပေးဘူး၊ ကျားဘဝပြောင်းနိုင်တဲ့ သူတို့အချင်းချင်းသာသိကြပြီး နေဝင်ပြီတရောအချိန်ရောက်တော့ သချိုင်းရှိတဲ့နေရာကို သယ်ယူသွားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"သူတို့သချိုင်းရှိတဲ့နေရာကို လူသိမခံချင်လို့ ဖြစ်မှာပေါ့ကွာ၊ အဲဒီလိုမသာချတဲ့အခါ သူတို့အားလုံးကလည်း တစ်ကိုယ်လုံးအဝတ်နက်တွေခြုံထားတော့ တစ်ယောက်နဲ့တစ်ယောက်တောင် မမြင်ရ၊ မသိကြရဘူး"

"အံ့သြစရာပဲ. . ."

"သူတို့မသာချရင် နေဝင်ရီတရောအချိန်ရောက်တော့မှ အလောင်းကိုသယ်သွားကြတာဆိုတော့ ကျန်တဲ့လူတွေကလည်း မလိုက်ဝံ့ကြပါဘူးကွာ. ."

ဟု ငမဲအောင်ကပါ ပြောပြသည်။

"ဒီတောတွေထဲမှာ သာမန်တောကောင်တွေရှိကြသလို သမန်းကျားတွေလည်းရှိကြတယ်၊ သာမန်ကျားတွေက လူတွေကို အန္တရာယ်ပေးတတ်ကြပေမယ့် သမန်းကျားတွေကတော့ အကြောင်းမဲ့လူတွေကို အန္တရာယ် မပေးတတ်ကြပါဘူး၊ နောက်တစ်ချက်က တောကြီးတော့ နတ်ဆိုးတွေနဲ့ ပရလောကသားတွေလည်း ရှိကြတယ်"

"ဒါတွေကတော့ နေရာအနှံ့မှာ ရှိကြတာပါပဲကွာ၊ မြစ်ဝကျွန်းပေါ်ဘက်က သစ်တောတွေမှာရော ပဲခူးရိုးမကတောတွေမှာပါ ပရလောကသားတွေနဲ့ နတ်ဆိုးတွေကတော့ ရှိကြတာချည်းပါပဲ"

စောထီးက ခေါင်းညိတ်ပြသည်။





"ဟုတ်ပါတယ်၊ မင်းကတောတောင်တွေမှာ ကျွမ်းကျင်တဲ့သူဆိုတော့ သိပ်တောင်ပြောစရာမရှိပါဘူး၊ နောက်တစ်ခုကတော့ သစ်မွှေးရှာတဲ့ကိစ္စပဲ"

ထိုကိစ္စကိုတော့ သူမသိသေးသောကြောင့် နီမောင်က စိတ်ဝင်စားသည်။

"သစ်မွှေးရှာတာ ရဖို့မလွယ်ဘူး၊ တောစောင့်နတ်တောင်စောင့်နတ်တွေ ကူညီပေးမှရတာလည်းပါတယ်၊ ကိုယ့်ရဲ့ကံတရားကောင်းဖို့လည်းပါတယ်၊ ကုသိုလ်ကံကလည်း မကောင်းဘူး နတ်တွေကလည်း မစောင့်ရှောက်ဘူးဆိုရင် ဘယ်လောက်ပဲလိုက်ရှာရှာ မတွေ့ကြဘူး"

နီမောင်က ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"တချို့များ ဘယ်လောက်ကံကောင်းသလဲဆိုရင် တောထဲသွားရင်းနဲ့ သူဖာသာလဲကျနေတဲ့ သစ်မွှေးပင်ကဆွေးနေတော့ သစ်ဆွေးတုံးထဲက သစ်မွှေးအတုံးလိုက်ရတာမျိုးလည်း ရှိတယ်၊ တချို့ကျတော့လည်း သစ်မွှေးရှာတဲ့သူတွေက သစ်ပင်ကိုလှဲပြီး ပိုင်းတစ်ရှာပေမယ့် မတွေ့လို့ ဒီအတိုင်းထားခဲ့ကြတယ်၊ နောက်မှ ကံကောင်းတဲ့သူကရောက်လာပြီး သစ်တုံးတွေကိုကြည့်တော့ အဲဒီအထဲမှာ သစ်မွှေးတွေရှိနေလို့ မပင်ပန်းပဲ ရသွားတာမျိုးတွေလည်းရှိကြတယ်"

"ဒါကတော့ ကံတရားနဲ့ သက်ဆိုင်တာပဲဖြစ်မှာပေါ့"

သုံးယောက်သား စကားတပြောပြောနှင့် သွားကြရာ



www.burmeseclassic.com

www.burmeseclassic.com



တောထဲသို့ ရောက်သွားကြသည်။

ငှင်းတို့သုံးယောက်တွင် ငမန်းစွယ်ဟုခေါ်သော နှစ်ဖက်ဆွဲလွှ၊ ကပ်ပါး၊ ပေါက်ဆိန်၊ ဓား၊ သံသတ် စသည်တို့အပြင် အိမ်မှထည့်ပေးလိုက်သော ရေနှင့် စားနပ်ရိက္ခာများလည်း ပါကြလေသည်။

တောတွင်းရောက်တော့ ထုံးစံအတိုင်း တောပိုင်တောင်ပိုင်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို တင်မြှောက်ပသကြသည်။

ပြီးမှ တောထဲသို့ဝင်ကာ သစ်မွှေးပင်ရှာကြလေသည်။

အကျော်ပင်၊ တရင်ပင်၊ သစ်မွှေးပင်ဟုခေါ်သော မဟာကာပင်မှာ ရှားပါးသောသစ်ပင်မျိုးဖြစ်သည်။ ချောင်းဖျားချောင်းနား စလူပင်၊ သင်ပင်၊ ရုန်းပင်များပေါက်သော စိမ့်မြေ၌ ပေါက်လေ့ရှိသည်။

ထိုနေရာများတွင် လှဲဖြတ်ထားသော သစ်မွှေးပင်အချို့ကို တွေ့ကြရသည်။ သစ်တုံးများသာတုံးထားပြီး၊ ခွဲစိပ်ထားသော လက္ခဏာမျိုးမတွေ့ကြရသဖြင့် သစ်မွှေးရသွားကြဟန်တော့ မတူပေ။

နေရာအတော်များများတွင် လှဲဖြတ်ထားပြီးသော သစ်မွှေးပင်အချို့ကိုသာ တွေ့ကြရပြီး မလှဲမဖြတ်ရသေးသော သစ်မွှေးပင်တော့ မတွေ့ကြရပေ. . .။

အချိန်ကာလမှာ (၁၉၃၀)ခုနှစ် ဝန်းကျင်တစ်ပိုက် ဖြစ်





သည်။ ထိုအချိန်ကာလလောက်က သစ်မွှေးရှာဖွေသော အလုပ်ကို လုပ်ကြသည်ဆိုသော်လည်း ယခုအချိန်ကာလလောက်တော့ ဆိုးဆိုးဝါးဝါးမရှိလှပေ။

ယခုကာလကတော့ သစ်မွှေးကလည်း ဈေးကောင်း၊ ရှာဖွေသူတို့ကလည်း ထောင်နှင့်သောင်းနှင့် ဖြစ်နေလေရာ သစ်မွှေးပင်ဟူ၍ မရှိသလောက်ဖြစ်သွားခဲ့ချေပြီ။

မှောင်ခိုကုန်သည်တို့ကလည်း ပျားပန်းခတ်မျှ လာရောက်ဝယ်ယူနေရာ သစ်တောရှိသောနေရာတိုင်း ထိုသစ်မွှေးရှာဖွေသူတို့ရောက်ကြသလို သစ်မွှေးဝယ်ယူသော မှောင်ခိုကုန်သည်တို့လည်း ရောက်ကြပေတော့သည်။

ရှေးအခါကတော့ အိန္ဒိယနိုင်ငံဘက်မှ ကူးလာသော မှောင်ခိုကုန်သည်တို့မှာ ကလေး၊ တမူးစသော နေရာများလောက်အထိသာ ရောက်ကြကာ ထိုနေရာမှပင် စောင့်ဆိုင်းဝယ်ယူကြလေသည်။

ယခင်က သစ်မွှေးဝယ်သူများမှာ ဝယ်ယူခွင့်လိုင်စင်ဖြင့်သာဝယ်ယူခွင့်ရှိပြီး ၎င်းတို့ဝယ်ယူခွင့်ပြုသောနယ်နိမိတ်မှာလည်း ကလေး၊ တမူး၊ ခန္တီးလောက်အထိသာ ဖြစ်ပေသည်။ (၁၉၃၀)ပြည့်နှစ်လောက်က သစ်မွှေးရှာသူကလည်း မများကြသေးပေ၊ တစ်ခါသွားလျှင်လည်း ကိုးယောက်၊ ဆယ်ယောက်စုပြီးမှ သွားရှာဝံ့ကြသည်။

လူနည်း၍ မဖြစ်ပေ။ တောကလည်းနက်၊ ကျား



www.burmeseclassic.com

www.burmeseclassic.com



စသောတောကောင်တွေကလည်း ပေါများလှသဖြင့် လူနည်းနည်းနှင့် တောတွင်းသို့ဝင်သွားပါက ပြန်မလာနိုင်ကြသည်က များလေသည်။ ငါးယောက်သွားလျှင် နှစ်ယောက်သုံးယောက်လောက်သာ ရွာသို့ပြန်လာနိုင်ကြပြီး ကျန်လူများကတော့ တောတိရစ္ဆာန်များရန်ကြောင့် သေဆုံးပြီး ကျန်ခဲ့ကြရသည်။

အများဆုံးကတော့ ကျားဆွဲခံရခြင်းဖြစ်ပြီး လူသုံးယောက်သေလျှင် နှစ်ယောက်က ကျားဆွဲခံရသောကြောင့်ဖြစ်ပေသည်။ နောက်ပိုင်းကာလရောက်လာတော့ သစ်တောများမှာ တဖြည်းဖြည်း ဖြုန်းတီးလာသောကြောင့် တောကောင်များလည်း နည်းပါးသွားခဲ့ကြသည်။

သုံးယောက်သား ထိုတောအတွင်းသို့ ရောက်သည်နှင့် ကြိုးစားပြီးရှာဖွေကြသော်လည်း နေ့လည်ဘက်အချိန်ရောက်သည်အထိတော့ ဖြစ်ဖြစ်မြောက်မြောက်အပင်မျိုး မတွေ့ကြရပေ။

ထို့ကြောင့် တဖြည်းဖြည်းနှင့် တောနက်အတွင်းသို့ တိုးဝင်လာကြရာ အတော်ပင်ခရီးပေါက်လာခဲ့ကြပေပြီ။

တစ်နေရာရောက်တော့ တောင်ကုန်းတစ်ခုပေါ်မှာရှိသော ကညင်ပင်ကြီးတစ်ပင်အောက်မှာ ဝင်ရောက်နားကြရင်းမှ ပါလာသောအစားအသောက်တို့ကို စားသောက်ကြရလေသည်။

စားရင်းသောက်ရင်းနှင့် နီမောင်စိတ်ထဲမှာတော့





တွေးမိလေသည်။

အောက်နယ်ဘက်များတွင် တောသို့သွားကြရာတွင် သစ်ပင်လှဲဖြတ်ရုံသာရှိသဖြင့် မခက်ခဲလှပေ။ ယခု သစ်ပင်ဘဲမှာရှိနေသော အမြုတေကို ရှာဖွေရသည်မှာ မလွယ်လှပေ။

သို့ကြောင့် တွေးရင်းနှင့် သက်ပြင်းတစ်ချက်ချလိုက်သည်။ ထမင်းစားပြီးတော့ အလုပ်ကြမ်းသမားတို့ ထုံးစံအတိုင်း ခဏတဖြုတ်နားရင်းမှ တစ်ရေးတစ်မော မှေးကြသေးသည်။ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် သစ်ပင်ကြီးကိုမှီရင်း မှေးနေကြစဉ် နီမောင်ကတော့ ဓားတစ်လက်ကိုကိုင်ကာ ထိုနေရာမှ ထွက်လာခဲ့လေသည်။

သူ့စိတ်ထဲမှာတော့ အဖော်နှစ်ယောက်အိပ်နေကြစဉ်မှာ သစ်မွှေးပင်တွေ့လိုတွေ့ငြားဟု စိတ်ကူးကာ တစ်ယောက်တည်းထွက်လာခြင်းဖြစ်ပေသည်။

တကယ်တော့ နီမောင်အနေနှင့် ယခုရောက်နေသည့် ထမံသီသစ်တောများကို မရောက်ဖူးသေးသော်လည်း သစ်တောနှင့်စိမ်းသူတစ်ယောက်တော့ မဟုတ်ပေ။

မြစ်ဝကျွန်းပေါ်ဘက်ရှိ ပြင်ဒရယ်သစ်တော၊ မိန်းမလှကျွန်းသစ်တောများအတွင်းသို့ အခေါက်ခေါက်အခါခါလာခဲ့ဖူးသူဖြစ်ပေရာ တောတောင်သဘာဝများအကြောင်းကို အတော်ပင်သိနေသူဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်လက်ဖြင့် တစ်ယောက်တည်းလျှောက်လာရာ တစ်နေရာရောက်တော့ ထူးခြားသောအသံလိုလို ကြားရသဖြင့် နားစွင့်ကြည့်လိုက်သည်။

"တုံ့ . တုံ့ . တုံ့ . ၊ တောက် . . တောက် . ."

ဟူသောအသံဖြစ်သည်။

သစ်ပင်တစ်ပင်ကို ဆောက်ဖြင့်ထွင်းနေသည့်အသံမျိုး ဖြစ်သောကြောင့်လည်း စိတ်ဝင်စားသွားလေသည်။

ထို့ကြောင့် အသံကြားရာဘက်သို့ တက်လာခဲ့လေသည်။

"တုံ့ . တုံ့ . တုံ ၊ တောက် . . တောက် . ."

ကြားနေရသောအသံက မဝေးလှပေ။

သို့ကြောင့် သတိထားပြီး တောတိုးသွားရာ သစ်ချုံများ ကျော်လိုက်သောအခါမှာတော့ မြင်ကွင်းတစ်ခုကို တွေ့ရလေသည်။

အဝတ်မည်းကြီးခြုံထားသော အဘိုးကြီးတစ်ယောက်သည် သူ့ရှိရာဘက်သို့ ကျောပေးထားလျက် ဆောက်တစ်လက် တူတစ်ချောင်းနှင့် သစ်လုံးကြီးတစ်လုံးကို ထွင်းထုနေလေသည်။

"ဩော် . . အဘိုးကြီးတစ်ယောက်တည်း သစ်မွှေးရှာနေတာကိုး"

ဟုတွေးရင်း ထိုနေရာသို့ လျှောက်သွားလေသည်။





အနီးရောက်တော့မှ သူထင်သလိုမဟုတ်မှန်း တွေ့ရလေသည်။ အဘိုးကြီးက သစ်မွှေးရှာနေခြင်း မဟုတ်ပေ။

ပန်းပုထုနေခြင်းပင်ဖြစ်၏။

သူ ပန်းပုထုနေသောသစ်တုံးကြီးက သစ်မွှေးရနိုင်သည့် မဟာကာသစ်တုံးကြီးပင် ဖြစ်ပေသည်။

"သစ်မွှေးရှာနေတာလားအဘ"

"မဟုတ်ပါဘူးကွာ အရုပ်ထုနေတာပါ . . ."

ဟု ဗလုံးဗထွေးအသံမျိုးဖြင့် ပြန်ပြောသော်လည်း လှည့်မကြည့်ပဲ သူ့အလုပ်သူဆက်လုပ်နေသည်။

"ဘာအရုပ်ထုနေတာလဲ . . ဟင်"

"သရဲရုပ်တု ထုနေတာပါ"

စိတ်ထဲမှာ နည်းနည်းတော့ အံ့သြသွားသဖြင့် ရှေ့ဆက်မတိုးပဲ ရပ်နေလိုက်သည်။ ထိုအခါ အဘိုးကြီးထံမှ အသံထွက်လာပြန်သည်။

"မင်းမှာ ရေဗူးပါသလား၊ ပါရင် ရေနည်းနည်းလောက်ပေးခဲ့ပါကွာ၊ နောက်ပြီး ငါထုထားတဲ့ ပန်းပုရုပ်လည်း ဘယ်လောက်လက်ရာမြောက်တယ်ဆိုတာ ကြည့်သွားပါဦး"

ထိုသို့ပြောသဖြင့် နီမောင်က ရှေ့သို့တိုးသွားလေသည်။ အဘိုးကြီးက လုပ်လက်စအလုပ်ကိုရပ်ပြီး သူ့ဘက်သို့လှည့်ကာ ဦးခေါင်းပေါ်မှအဝတ်ကို အသာဖယ်ချလိုက်သည်။ ရုပ်က သာမန်ရုပ်မျိုးတော့မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မျက်တွင်းဟောက်ပက်နှင့် အရိုးပေါ်အရေတင်နေသည့် မျက်နှာမျိုးဖြစ်သည်။ ပါးစပ်တွင်းမှ သွားများကလည်း ကျိုးတို့ကျဲတဲပေါ်နေလေသည်။ ဦးခေါင်းပေါ်မှာ အနည်းငယ်သာရှိတော့သည့် ဆံပင်အချို့က မျက်နှာပေါ်ကျနေသေးသည်။ ရုတ်တရက်ကြည့်လျှင်တော့ လူတစ်ယောက်မျက်နှာမျိုးနှင့်မတူတာပဲ သရဲတစ်ကောင်မျက်နှာမျိုးနှင့်သာ တူနေပေတော့သည်။

"ငါ့နာမည်က ပေတလူလို့ခေါ်တယ်၊ ဒီနာမည်မျိုးက သရဲတွေနဲ့ လိုက်တဲ့နာမည်မျိုးပေါ့. . ဟီး. . ဟီး. . ဟီး"

ဟု သူ့ဟာသာသဘောကျကာ ရယ်နေပြန်သည်။

ထိုသို့ရယ်လိုက်တော့မှ မျက်နှာက ပိုပြီးကြောက်စရာကောင်းသွားလေတော့သည်။

သို့သော် နီမောင်ကတော့မကြောက်ပေ။

မနီးမဝေးမှာရှိသည့် သစ်တုံးတစ်တုံးပေါ်မှာ ဝင်ထိုင်ရင်း ခါးမှာချိတ်ထားသော ရေဗူးကိုဖြုတ်ကာလှမ်းပေးလိုက်သဖြင့် အဘိုးကြီးကလှမ်းယူ၍ သောက်နေသည်။

"ငါထုနေတဲ့ သရဲရုပ်တုကိုလည်း ကြည့်ပါဦး"

ဟုပြောသဖြင့် ကြည့်ရာ သစ်တုံးကြီးကို ထုထားသည်ဖြစ်သော်လည်း အတော်ပင်ပီပြင်ကာ သရဲတစ်ကောင်မြေပေါ်မှာလှဲနေသည်နှင့်ပင် တူနေတော့သည်။

"အဘက တခြားလှလှပပရုပ်တုတွေမထုပဲ ဘာ





ကြောင့် ကြောက်စရာကောင်းတဲ့ သရဲရုပ်တုတွေ ထုနေတာလဲ"

"လှတဲ့အရုပ်တွေက ခိုင်းစားလို့မရဘူး၊ သရဲတွေက ခိုင်းစားလို့ရတယ်"

နီမောင်စိတ်ထဲမှာ အံ့တော်ပင်အံ့ဩသွားသော်လည်း ထိုအကြောင်းကိုတော့ ဆက်မပြောတော့ပေ။

"ဒါထက် အဘသရဲရုပ် ထုနေတဲ့သစ်တုံးက သစ်မွှေးလို့ခေါ်တဲ့ မဟာကာသစ်တုံးကြီးမဟုတ်လား"

အဘိုးကြီးက ရေဗူးကိုပြန်ပေးရင်း ခေါင်းညိတ်ပြသည်။

"ဒီသစ်တုံးထဲမှာ သစ်မွှေးမတွေ့မိဘူးလား"

"ငါက သစ်မွှေးလည်းမသိဘူး၊ လိုလည်းမလိုချင်ဘူး၊ ဒီသစ်တုံးမျိုးက အသားပွတော့ ပန်းပုထုလို့ကောင်းတယ်၊ မင်း လိုချင်ရင်တော့ ရှာကြည့်ပေါ့. ."

ဟုပြောသဖြင့် နီမောင်က အဘိုးကြီးခုတ်ချ၊ ထွင်းချထားသော ခားစာ၊ ဆောက်စာများကိုကြည့်သည်။

ထိုနေရာမှာတော့ မတွေ့ရပေ။ နောက်ဆုံး သရဲရုပ်ထုထားသော သစ်တုံးကြီးကိုကြည့်မှ အစအနတွေ့ရလေသည်။ နီမောင်အနေဖြင့် ထိုအလုပ်ကိုလုပ်တာ မကြာသေးသောကြောင့် အတွေ့အကြုံတော့ မများလှသေးပေ။ သို့စေကာမူ စောထီးတို့နှင့် အတူသွားလာနေသည်မှာ ကြာပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အတော်အသင့်တော့ သိနေပြီဖြစ်ပေသည်။

ထို့ကြောင့် သစ်တုံးအခြေအနေကိုကြည့်ရုံနှင့် အတွင်း၌ သစ်မွှေးရှိနေသည်ကိုတော့ ခန့်မှန်းမိသည်။

"ဒီရုပ်တုထဲမှာ သစ်မွှေးရှိတယ်"

"သစ်မွှေးက ဘာလုပ်မလဲကွာ. . ရောင်းစားရရုံပဲရှိမှာပေါ့။ သရဲရုပ်တုက ခိုင်းစားတတ်ရင် တစ်သက်လုံး သုံးလို့ရတယ်"

ဟုပြောကာ သရဲရုပ်တုကြီးကို ဆက်ထုနေပြန်လေသည်။ နီမောင်လည်း ဘာမှဆက်ပြောမနေတော့ပဲ ထိုနေရာတစ်ဝိုက်သို့ သစ်မွှေးပင်တွေ့လိုတွေ့ငြား လိုက်ရှာကြည့်သောလည်း မတွေ့ရပေ။

ထို့ကြောင့် မိမိဖော်နှစ်ယောက်ရှိရာဘက်သို့ ပြန်လာခဲ့လေသည်။ သူပြန်ရောက်လာတော့ နှစ်ယောက်စလုံးပြန်နိုးနေကြပေပြီ။

"ဘယ်သွားနေတာလဲ နီမောင်"

"ဒီနားတစ်ဝိုက်မှာ သစ်မွှေးပင်တွေ့မလားလို့ လိုက်ရှာကြည့်နေတာ. ."

"တစ်ယောက်တည်းမသွားနဲ့ကွ တောကောင်တွေပေါတယ်"

"ဝေးဝေးမသွားပါဘူး၊ ငါဟိုဘက်နားမှာ ထူးဆန်းတာ တွေ့ခဲ့ရတယ်"





"ဘယ်လိုထူးဆန်းတာလဲ"

ငမဲအောင် မျက်လုံးပြူးမျက်ဆံပြူးမေးသဖြင့် နီမောင်ကသူတွေ့ခဲ့ရသော အကြောင်းများကို ပြန်ပြောပြလိုက်သည်။ စကားဆုံးတော့ နှစ်ယောက်စလုံးက မှတ်ချက်ချသည်။

"ဘာမှမဟုတ်ဘူး၊ မင်းကိုနေ့ခင်းကြောင်တောင်တောခြောက်လိုက်တာပဲ ဖြစ်မှာပါ"

"အင်း. . ငါလည်း ဒီလိုပဲထင်ပါတယ်၊ ဒါပေမယ့်သူပန်းပုထုနေတဲ့ သစ်မွှေးတုံးကြီးထဲမှာ သစ်မွှေးတွေ့ခဲ့တယ်"

"ဒါလည်း တကယ်ဟုတ်မယ်မထင်ပါဘူးကွာ ငါတို့သုံးယောက်စလုံး အဲဒီဘက်သွားကြည့်ကြတာပေါ့"

ဟုပြောဆိုကာ သုံးယောက်စလုံး ပစ္စည်းများသိမ်းကာ ထိုနေရာမှထွက်ခဲ့ကြလေသည်။

ဒီတစ်ကြိမ်မှာတော့ နီမောင်ကပင် သူရောက်ခဲ့သောနေရာသို့ ဦးဆောင်ကာခေါ်သွားလေသည်။

ဒီတစ်ခါမှာတော့ ထိုနေရာနှင့် မနီးမဝေးရောက်ကြသည်အထိ တူသံဆောက်သံ မကြားကြရသေးပေ။

သို့ဖြင့် လျှောက်သွားကြရာ စောစောက နီမောင်ရောက်ခဲ့သောနေရာသို့ ရောက်သွားကြသည်။ ထိုနေရာတစ်ဝိုက်တွင် သစ်တုံးကို ခုတ်တစ်ထားသော ဓားစာဆောက်စာများက ပြန့်ကြဲနေသည်။ သစ်သားစများက လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ထစ်ထားသောကြောင့် အစိုအတိုင်းပင် ရှိကြသေးသည်။ သို့သော်လည်း ထိုနေရာမှာတော့ အဘိုးကြီးရော၊ သူထုနေသည့် သရဲရုပ်တုကြီးပါ မတွေ့ရတော့ပေ။

နီမောင်ပြောသည့်အတိုင်း လှဲဖြတ်ထားသော သစ်ပင်ကြီးမှာ မဟာကာပင်ကြီးပင်ဖြစ်ပေသည်။

"စောစောကသူ့ကို ဒီနေရာမှာတွေ့ခဲ့တာပဲ၊ အခု ဘယ်ရောက်သွားပြီးလဲမသိဘူး"

"ငါတို့လာမှန်းသိလို့ သူ့အရုပ်ကြီးကို ထမ်းပြီးထွက်သွားတာနေမှာပေါ့"


"ငါတို့က သရဲရုပ်တုကြီး ဘာလုပ်ဖို့ယူမှာလဲ"

"သရဲရုပ်တုတော့ မယူဘူးပေါ့၊ အတွင်းကသစ်မွှေးကို ခွဲယူသွားမှာစိုးလို့ ရှောင်သွားတာဖြစ်မှာပေါ့၊ လာပါကွာ အချိန်ကုန်ပါတယ် တောထဲမှာ ဒါမျိုးတွေက မဆန်းပါဘူး၊ တခြားနေရာသွားပြီး သစ်မွှေးပင်ရှာကြတာ ပိုကောင်းပါတယ်"

ဟုပြောဆိုကာ သုံးယောက်သား ထိုနေရာမှ ထွက်လာကြသည်။ တောတောင်မာယာနှင့် လှည့်စားမှုများက ဆန်းကြယ်လှပေသည်။







# အခန်း [ ၅ ]

# ကျားသည်းခြေနှင့် ကျောက်သွေးဆီ

ပမ်သီရွာနှင့် တမန်းတောရွာနှစ်ရွာမှာ ဝေးလှသည်တော့မဟုတ်ပေ။ သို့သော် တစ်နေရာနှင့် တစ်နေရာ သွားရာမှာတော့ သစ်တောများအတွင်းမှ ဖြတ်သွားကြရလေသည်။ သစ်တောများမှာလည်း အခြားတောများနှင့် တစ်ဆက်တည်း ဖြစ်နေကြပေသည်။

ထို့ကြောင့် တစ်ခါတရံတွင် ထိုနေရာများအထိ တော



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကြီးများ ဆင်းလာတတ်ပေသည်။ တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွားလာကြရာတွင် ထိုတောလမ်းများမှ ဖြတ်သွားကြရသောအခါ သတိကြီးစွာထားကြရလေသည်။

သို့သော်လည်း အကြောင်းရှိလျှင်တော့ ထိုလမ်းမှပင် ကူးသန်းသွားလာခြင်း ပြုကြရလေသည်။

ထိုနေရာဒေသတစ်ဝိုက်တွင် ထမံသီရွာက အကြီးဆုံးဖြစ်လေသည်။ ထိုရွာတွင် ကုန်ပစ္စည်းများရောင်းချသော ဈေးဆိုင်ကြီးများရှိသည်။ အဝတ်အထည် စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်း၊ လက်နက်ကိရိယာ စသည်တို့ ထိုရွာတွင် ဝယ်ယူရနိုင်ကြသည်။

ထို့ပြင် ရောင်းချစရာ ပစ္စည်းများရှိပါကလည်း ဝယ်ယူသောကုန်သည်များရှိသည်။ ခနွီး၊ တမူး၊ ကလေး စသော နယ်ခြားဘက်မှ ကုန်သည်အချို့ပင် ထိုရွာသို့လာရောက်ပြီး သစ်မွှေး စသောကုန်ပစ္စည်းများ ဝယ်ယူကြသည်။

ထိုနေရာတွင် အရောင်းအဝယ်ကောင်းသောကြောင့် ချင်းတောင်၊ နာဂတောင်တန်းများပေါ်မှာ နေကြသောသူများပင် ပစ္စည်းကောင်းများ၊ ထူးထူးခြားခြား ပစ္စည်းများရပါက ရောင်းချရန် ထမံသီရွာသို့ ဆင်းလာကြလေ့ရှိသည်။

သို့ကြောင့် ထမံသီရွာသည် စခန်းထောက်ရွာကြီး တစ်ရွာဖြစ်နေပေတော့သည်။

(၁၉၈၀)ခုနှစ် အလွန်လောက် ကျွန်တော်တစ်ခေါက်





ရောက်ခဲ့ဖူးသည်။ ထိုအချိန်က အိမ်ခြေ(၃၀၀)ခန့်ရှိပြီး လူဦးရေ နှစ်ထောင်ကျော် သုံးထောင်လောက်ရှိကြောင်း သိခဲ့ရသည်။

ယခုဝတ္ထု ရေးသားချိန်ဖြစ်သော (၁၉၃၀)ပြည့်နှစ်လောက်ကတော့ အင်္ဂလိပ်များ လက်အောက်မှာရှိနေစဉ်က ထိုမျှလောက် လူဦးရေလည်းမများ၊ အိမ်ခြေလည်းမရှိသေးသော်လည်း ထိုဒေသတစ်ဝိုက်မှာ အိမ်ခြေအများဆုံးရှိပေသည်။

နီမောင်တို့နေသော ထမန်းတောရွာမှာလည်း အိမ်ခြေ (၁၀၀)ကျော်ခန့်ရှိသဖြင့် အတော်အတန်ကြီးသော ရွာကြီးတစ်ရွာပင်ဖြစ်သည်။ သို့သော် ထမံသီရွာကိုတော့ မမီပေ။

အရောင်းအဝယ်သမားများကည်း ထိုရွာအထိ မလာကြပေ။ သို့ကြောင့် သစ်မွှေးစသော ပစ္စည်းများရောင်းချရန်ရှိပါက ထမံသီရွာသို့ သွားရောက်ရောင်းချကြရလေသည်။

ယခုလည်း နီမောင်တစ်ယောက် ထမံသီရွာဘက်သို့ ဦးတည်ပြီး တစ်ယောက်တည်းသွားနေလေသည်။

တော်ထဲမှ ရှာဖွေရထားသော သစ်မွှေးနှင့် အခြား ပစ္စည်းများကို ရောင်းချရန်အတွက်–တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်သည်။ သူ့တွင် ပစ္စည်းထည့်ထားသော ခြင်းတောင်းတစ်လုံးပါသည်။ ခါးမှာ ဓားတစ်လက်ပါသည်။ လက်ထဲမှာတော့ လုံရှည်တစ်လက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျားစသော တောတိရစ္ဆာန်များနှင့် တွေ့ပါက ဓားထက် လုံရှည်က ပိုပြီးအသုံးဝင်လေသည်။

ပထမ စောထီး၊ ငမဲအောင်တို့နှစ်ယောက်နှင့် အတူတူ သွားကြရန်ပြောထားသော်လည်း နေမကောင်းဖြစ်နေသော အမေ့အတွက် ဓာတ်စာဆေးဝါးဝယ်ရန် အရေးကြီးနေသောကြောင့် တစ်ယောက်တည်းထွက်လာခဲ့ခြင်းဖြစ်သည်။

အချိန်က နံနက်ပိုင်းအချိန် ကျော်လာပြီဖြစ်သဖြင့် ပတ်ဝန်းကျင်မှာ အလင်းရောင်ကောင်းစွာရနေပေပြီ။

တောလမ်းအတိုင်း တစ်ယောက်တည်း လျှောက်လာစဉ် တစ်နေရာရောက်သောအခါ ကျားတစ်ကောင်ဟိန်းသံလိုလို မာန်ဖီသံလိုလိုကြားလိုက်ရသဖြင့် လုံကို အဆင်သင့်ကိုင်ကာ နားစွင့်ကြည့်လိုက်သည်။

ကြားရသောအသံက သူရောက်နေသောနေရာနှင့် သိပ်မဝေးလှပေ။ ထို့ကြောင့် သတိထားပြီး ဆက်လျှောက်သွားစဉ် တစ်နေရာရောက်တော့ တောထဲမှ ပြေးလာသော ခြေသံ၊ တောတိုးလာသောအသံအချို့ကို ကြားလိုက်ရသဖြင့် သစ်ပင်ကြီးတစ်ပင်ဘေးသို့ ဝင်ရပ်လိုက်လေသည်။ အသံများ တဖြည်းဖြည်းနီးလာပြီး ခဏကြာတော့ တောတွင်းမှ အမျိုးသမီးတစ်ယောက် ပြေးထွက်လာလေသည်။

အနက်ရောင် အင်္ကျီလုံချည်တို့ကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်မှာလည်း ပုဝါအနက်ဖြင့် ဖုံးအုပ်ထားသော





ကြောင့် မျက်နှာကိုမမြင်ရပေ။

သူမက ပြေးလာရင်းနှင့် နီမောင်ရပ်နေသော နေရာအနီးသို့ ရောက်လာလေသည်။

"မပြေးနဲ့လေ ဒီနေရာကိုလာ. ."

ဟု နီမောင်ကလှမ်းပြောလိုက်တော့ ပြေးနေသော ခြေလှမ်း တုံ့ခနဲရပ်သွားကာ တစ်ချက်လှည့်ကြည့်သည်။

လုံကိုင်ပြီးရပ်နေသော နီမောင်ကိုမြင်တော့ သစ်ပင်အောက်သို့ဝင်လာသည်။ သူမသည် ပြေးလာရသောကြောင့် မောလာဟန်ရှိလေသည်။

သူ့အနားရောက်လာသော်လည်း ပုဝါခြုံထားသောကြောင့် မျက်နှာကိုတော့ မမြင်ရသေးပေ။

"ကျားနဲ့တွေ့လို့ ပြေးလာတာလား"

"ဟုတ်. . ဟုတ်ပါတယ်"

"နောက်က လိုက်လာသလား"

"မသိဘူး. . ကြောက်တာနဲ့ ပြေးမိပြေးရာပြေးလာတာ"

"အဖော်တွေမပါဘူးလား၊ တောထဲမှာတစ်ယောက်တည်းသွားဖို့ မသင့်ဘူး"

နီမောင်ကပြောသော်လည်း ဘာမှပြန်မပြောပဲ ငြိမ်နေသည်။ နီမောင်ကတော့ သူမကို ဂရုမစိုက်နိုင်သေးပဲ နောက်မှ ကျားလိုက်လာလေမလားဟု ကြည့်ရှုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာသည်အထိတော့ နောက်မှလိုက်လာသံ မကြားရပဲ ငြိမ်သက်နေလေသည်။

အတန်ကြာတော့မှ သူမကိုလှည့်ကြည့်သည်။ ဘေးစောင်းရပ်နေသဖြင့် မျက်နှာကို သေသေချာချာမမြင်ရ သေးပေ. . .။

"နင်ကဘယ်ရွာမှာနေတာလဲ"

"ထမံသီမှာ. . ."

"ငါလည်း ထမံသီသွားမှာပဲ၊ ငါနဲ့လိုက်ခဲ့လေ လမ်းမှာ အန္တရာယ်နဲ့တွေ့တော့ ကူညီပေးလို့ရတာပေါ့"

"နင်ကဘယ်ရွာကလဲ"

"ငါက ထမန်းတောမှာနေကြတယ်၊ ဒါပေမယ့် ဒီနယ်ဘက်ကိုပြောင်းလာကြတာ မကြာသေးပါဘူး"

ပြောပြောဆိုဆိုနှင့် နီမောင်က တောင်းတစ်ဖက်၊ လှံတစ်ဖက်ကိုင်ပြီး ရှေ့မှထွက်သွားရာ သူမလည်း နောက်မှလိုက်လာလေသည်။

"နင့်နာမည်က ဘယ်သူလဲ"

"ငါ့နာမည် နီမောင်လို့ခေါ်တယ်၊ နင့်နာမည်ကရော"

"မြလေးတင်. . ."

နီမောင်ကဘာမှ ဆက်မမေးတော့ပေ။

"ထမံသီကို ဘာသွားလုပ်မှာလဲ"

"ငါ့အမေနေမကောင်းလို့ ဆေးနဲ့ဓာတ်စာဝယ်ဖို့ တောထဲကရှာလို့ရထားတဲ့ ပစ္စည်းလေးတွေ သွားရောင်းမလို့ပါ"

သူမကလည်း ဆက်မပြောတော့ပေ။

တောထဲမှာ လျှောက်လာသော်လည်း အန္တရာယ်ပေးမည့် တောကောင်မျိုးတော့ မတွေ့ကြရပေ။

ထို့ဖြင့် လျှောက်လာကြရာ ထမံသီရွာသို့ ရောက်လာကြသည်။ ရွာအစွန်ရောက်တော့ နောက်မှပါလာသော မြလေးတင် ကပြောသည်။

"ငါ့ကိုအကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ရွာအစွန်မှာမြင်နေရတဲ့ ဟိုအိမ်မည်းမည်းကြီးက ငါတို့နေတဲ့အိမ်ပဲ"

နီမောင်က တစ်ချက်လှမ်းကြည့်ပြီး ခေါင်းညိတ်ပြသည်။

"နင် ဈေးကပြန်လာရင် ဝင်လာခဲ့ဦးပေါ့"

"မဝင်တော့ပါဘူး၊ အပြန်နောက်ကျနေရင် သွားလာလို့ မကောင်းဘူး"

"ငါတို့က မြေးအဖွားနှစ်ယောက်တည်း နေကြတယ်၊ ငါ့အဖွားက ဆေးကုတတ်တော့ နင့်အမေအတွက် ဆေးပေးလိုက်ချင်လို့ပါ. ."

"ကျေးဇူးတင်ပါတယ်ဟာ၊ ငါအဆင်ပြေရင် လှည့်ဝင်ခဲ့ပါ့မယ်. ."





www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြောဆိုဆိုနှင့် ထွက်သွားလေရာ မြလေးတင်က နေရာမှာပင်ရပ်လျက်သား ကျန်နေခဲ့သည်။ သူ့စိတ်ထဲမှာတော့ တခြားသူများနှင့် မတူသော နီမောင်၏ အမူအယာ၊ အပြောအဆိုကိုကြည့်ပြီး အံ့သြသလိုဖြစ်နေသည်။။

"တခြားယောကျ်ားတွေဆိုရင် မိန်းကလေးနဲ့ နှစ်ယောက်ချင်းတွေ့တာနဲ့ ရည်းစားစကားပြောဖို့နဲ့ မဟုတ်တာလုပ်ဖို့ပဲ စိတ်ကူးတော့တာပဲ၊ လောကမှာ ဒီလိုယောကျ်ားမျိုးတွေလည်း ရှိသေးပါလား"

ဟုတွေးတောကာ အိမ်ဘက်သို့ ပြန်လျှောက်သွားလေတော့သည်။

နီမောင်ကတော့ ထိုအကြောင်းများကို ဘာမှတွေးတောမနေအားတော့ပဲ ဈေးတန်းရောက်သည်နှင့် ပါလာသောပစ္စည်းများကို သွားရောက်ရောင်းချလေသည်။

ဒေသခံကုန်သည်များက ထိုကဲ့သို့ လာရောက်ရောင်းချလျှင် ဈေးနှိမ်ပြီး ဝယ်ယူကြသဖြင့် ထင်သလောက်တော့ မရပေ။

ရသည့်ငွေနှင့်ပင် အိမ်အတွက်လိုအပ်သော အစားအသောက်အဝတ်အထည်၊ အသုံးအဆောင်နှင့် ဆေးဝါးဓာတ်စာအချို့ကို ဝယ်ယူပြီးနောက် ပြန်လေသည်။

ရွာအပြင်ရောက်တော့ မြလေးတင်မှာခဲ့သောစကား





ကို သတိရသဖြင့် အိမ်မည်းကြီးရှိသောနေရာဘက်သို့ လှမ်းကြည့်လိုက်သည်။

သွားရကောင်းမလား၊ မသွားရကောင်းမလား စဉ်းစားနေသည်။

"သူနဲ့က အခုမှတွေ့ဖူးတာ အခွင့်အရေးယူသလိုဖြစ်နေပါ့မယ်လေ မဝင်တော့ပါဘူး"

ဟု စိတ်ကိုဆုံးဖြတ်ပြီး ရှေ့ဆက်လျှောက်လာလေသည်။ တောဘက်ရောက်ကာနီတော့ သစ်ပင်အောက်မှာ ရပ်စောင့်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။ ဇဝေဇဝါဖြစ်နေသော်လည်း မြလေးတင်ဖြစ်မည်ဟု တော့ ထင်လိုက်မိသည်။

သူမလက်ထဲမှာ အထုပ်တစ်ထုပ် ကိုင်ထားလေသည်။ မနီးမဝေးရောက်တော့ သူမကမေးသည်။

"ငါမှာထားရက်သားနဲ့ နင်ဘာဖြစ်လို့ မဝင်တာလဲ"

"နင်နဲ့ငါနဲ့က အခုမှတွေ့ဖူးကြတာ၊ မြေးအဖွားနှစ်ယောက်တည်းနေတဲ့အိမ်ကို ဝင်ရမှာအားနာလို့ပါ. ."

ထိုစကားကြောင့် မြလေးတင်က မသိမသာပြုံးလိုက်သည်။ ပြီးမှ. . လက်ထဲမှအထုပ်ကို နီမောင်ကိုလှမ်းပေးသည်။

"ငါ အဖွားကိုပြောပြလို့ နင့်အမေအတွက် ဆေးပေးလိုက်တယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျေး. . ကျေးဇူးတင်ပါတယ်ဟာ. ."

ဟုပြောကာ လှမ်းယူလိုက်သည်။

"အခုတော့ နင့်ကိုကျေးဇူးပြန်မဆပ်နိုင်သေးဘူး၊ တစ်နေ့တော့ အခုလိုကူညီတဲ့ကျေးဇူးကို ပြန်ဆပ်ပါ့မယ်၊ ငါသွားတော့မယ်. . ."

ဟုပြောကာ ထိုနေရာမှ ထွက်ခဲ့လေသည်။

မြလေးတင်တစ်ယောက်ကတော့ သူထွက်သွားပြီးသည့်နောက် အတော်ကြာသည့်အထိ သစ်ပင်အောက်မှာရပ်လျက်သားကျန်နေသည်ကိုတော့ နီမောင်မသိတော့ပေ. .။

နီမောင်တစ်ယောက် ရွာသို့ ချောချောမောမောပြန်ရောက်သွားပြီးနောက် မိခင်ဖြစ်သူ ဒေါ်ကျင်မေအား ပါလာသော ဆေးဝါးများဖြင့် ကုသပေးလေသည်။

သို့သော မထူးခြားပေ။ နောက်မှ မြလေးတင်ဆိုသော မိန်းကလေးပေးလိုက်သောအထုပ်ကို ဖြေကြည့်လေသည်။ အတွင်း၌ ပုလင်းငယ်တစ်လုံးဖြင့် ထည့်ထားသော ဆေးရည်ပုလင်းအပြင် လက်မလောက်သာရှိသော ရုပ်တုငယ်ကလေးတစ်ခုကိုပါ တွေ့ရလေသည်။ အသေအချာ ကြည့်သောအခါ ကျားစွယ်ဖြင့်ထုလုပ်ထားသော ကျားရုပ်တုလေးပင်ဖြစ်၏။ အရောင်က အဖြူရောင်သမ်းနေလေသည်။

သို့သော်လည်း နီမောင်က ဂရုတစိုက်ကြည့်မနေပဲ မိမိအိတ်ထောင်ထဲသို့ ထည့်ထားလိုက်ပြီးနောက် ဆေးရည်





ထည့်ထားသောပုလင်းကို ဖွင့်ကြည့်လိုက်သည်။

အတွင်းမှာတော့ ကျောက်သွေးရည်ကဲ့သို့ နီညိုရောင်သမ်းနေသည့် ဆေးရည်အချို့ကို တွေ့ရလေသည်။

နီမောင်က ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရေထည့်ထားသောခွက်ထဲသို့ ပုလင်းထဲမှ ဆေးရည်ကို အနည်းငယ်ထည့်လိုက်ရာ သွေးရောင်ကဲ့သို့ နီရဲသွားလေသည်။

ထိုဆေးရည်ကိုတိုက်တော့မှ ဒေါ်ကျင်မေမှာ သိသိသာသာကြီး ရောဂါသက်သာသွားလေသည်။

"ရင်ထဲမှာ အေးသွားတာပဲသားရယ် ဘယ်ကများရလာတာလဲ"

ဟုမေးလေသည်။

"ထမံသီရွာသွားတော့ မိတ်ဆွေတစ်ယောက်နဲ့တွေ့လို့ သူပေးလိုက်တာပါ. ."

"မင်းက ထမံသီရွာမှာတောင် အသိတွေဘာတွေဘိုးနေပြီလား၊ နောက်တစ်ခါတွေ့ရင်သာ အမေက ကျေးဇူးတင်တဲ့အကြောင်း ပြောပြလိုက်ပါ"

"ဟုတ်ကဲ့ပါ"

ဒေါ်ကျင်မေက ကျေးဇူးတင်နေသလို နီမောင့်စိတ်ထဲမှာလည်း မမျှော်လင့်ပဲတွေ့ဆုံကာ အကူအညီပေးလိုက်သည့် မြလေးတင်ဆိုသည့် မိန်းကလေးကို ကျေးဇူးတင်နေမိလေသည်။ ဆေးထုပ်ထဲမှရသော ကျားဖြူရုပ်တုကလေးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းထားလေသည်။ ထိုအကြောင်းကို သူနှင့်ခင်သော စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ကိုပင် မပြောတော့ပေ။

တစ်နေ့တော့ သူနှင့်သိကျွမ်းသော ဆရာကြီး ဦးဗန်ကောင်းနေအိမ်သို့ သွားလေသည်။ ရောက်သွားတော့ ဦးဗန်ကောင်းကို အဆင်သင့်ပင်တွေ့ရလေသည်။

"နီမောင်ပါလား၊ ဒီကနေ့ တောမသွားဘူးလား"

"မသွားဘူးအဘ"

"မင်းအမေရောဂါရော သက်သာရဲ့လား. .၊ လူကြီးရောဂါဆိုတော့လည်း စိတ်ရှည်လက်ရှည်နဲ့ တဖြည်းဖြည်းချင်းကုမှ ပျောက်မှာကွ. . ."

"အခုရက်ပိုင်းတော့ ပျောက်သလောက်ဖြစ်သွားပြီး လူကောင်းတစ်ယောက်လို ပြန်ဖြစ်နေပြီအဘ"

"ဟေ. . တယ်ဟုတ်ပါလား၊ ဘယ်လိုဆေးကောင်းဝါးကောင်းတွေနဲ့ တွေ့သွားတာလဲ"

"ထမံသီရွာကို ဈေးဝယ်သွားတုန်းက. . လမ်းမှာ မိန်းကလေးတစ်ယောက်နဲ့တွေ့ပြီး သူပေးလိုက်တဲ့ဆေးကို တိုက်တာပဲ အဘ၊ ကျွန်တော်ဆီမှာတောင် ဆေးပုလင်း ပါလာသေးတယ်"

နီမောင်က ထည့်ယူလာသော ဆေးပုလင်းကိုထုတ်ပြီး ဦးဗန်ကောင်းကိုပေးလိုက်လေသည်။

ဦးဗန်ကောင်းက စိတ်ဝင်စားစွာဖြင့် ဆေးပုလင်းအဖုံး





ကို ဖွင့်ပြီး နမ်းကြည့်သည်။ လက်ဖြင့်တို့ကာ မြည်းကြည့်သည်။ အတန်ကြာမှ. . .

"ဒါ တခြားမဟုတ်ဘူး 'ကျားသည်းခြေနဲ့ ကျောက်သွေးဆီ' ရောစပ်ထားတဲ့ဆေးပဲ၊ ဒီဆေးမျိုးက သာမန်လူတွေ ဘယ်လိုမှ မဖော်စပ်နိုင်တဲ့ဆေးမျိုးပဲ"

ဟုပြောကာ ဆေးပုလင်းအဖုံးကို ပြန်ဖုံးကာ နီမောင်ကိုပြန်ပေးလေသည်။

"ဘာဖြစ်လို့လဲအဘ"

"ကျားတစ်ကောင်ဆီက သည်းခြေရဖို့ မလွယ်သလို ကျောက်သွေးဆီဆိုတာလည်း ကံကောင်းမှ တွေ့ရတာမျိုး၊ ဒီနှစ်မျိုးပေါင်းစပ်ဖို့ဆိုတာ အတော်ခဲယဉ်းတယ်၊ အခုလို ရလာပြီဆိုရင်လည်း နာတာရှည်ရောဂါနဲ့ (၉၆)ပါးရောဂါ အတော်များများတွေကိုလည်း ဆေးတစ်မျိုးတည်းနဲ့ ပျောက်ကင်းစေနိုင်တယ်. ."

နီမောင့်စိတ်ထဲမှာ အံ့ဩမှုနှင့်အတူ မိခင်အတွက် အတော်ပင် ကျေနပ်သွားမိလေသည်။

ထို့နောက် အိတ်ထဲမှာပါလာသော ကျားဖြူရုပ်တုကလေးကိုပါ ထုတ်ပြလိုက်သည်။

ဦးဗန်ကောင်းက နီမောင်ပေးသော ကျားဖြူရုပ်တုကလေးကို အသေအချာကြည့်ရင်း အံ့ဩနေပြန်သည်။

"ဒါကတော့ ဘယ်ကရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးထုပ်ထဲက ပါလာတာပါအဘ. ."

ဒီတော့မှ သဘောပေါက်သွားဟန်ရှိလေသည်။

"အော် လက်စသပ်တော့ ဒီလိုကိုး၊ မင်းက ထမန်းမျိုးနွယ်ထဲက မိန်းကလေးနဲ့ တွေ့လာခဲ့တာကိုး"

ဟု မှတ်ချက်ချသည်။

"ဘယ်လိုကြောင့် အဘက သိတာလဲဟင်"

"သိတာပေါ့ကွာ ငါကဒီနယ်ကိုရောက်တာပဲ အတော်ကြာလှပေါ့၊ ဒါမျိုးတွေက တခြားသူတွေ မသုံးနိုင်ဘူး၊ ထမန်းမျိုးနွယ်တွေ သုံးလေ့ရှိတဲ့ ပစ္စည်းမျိုးတွေပဲ"

"ထမန်းမျိုးနွယ်ဆိုတာ လူကနေ ကျားအသွင်ပြောင်းနိုင်တဲ့သူတွေကိုပြောတာ မဟုတ်လားဟင်"

"ဟုတ်တယ်၊ ဒါပေမယ့် သူတို့က ဒီလောက်ကြောက်ဖို့မလိုပါဘူး၊ ထမန်းမျိုးနွယ်တွေက သူတို့ကို ဒုက္ခမပေးရင် မျက်ရည်ပေါက်ကြီးငယ်ကျအောင် အရှက်တကွဲအဖြစ်မျိုးတွေ မလုပ်ရင် ဘယ်သူ့ကိုမှ အန္တရာယ်မပေးတတ်ကြပါဘူး"

"ဟုတ်ကဲ့"

"တကယ်လို့ သူတို့ကို ဒုက္ခပေးတဲ့သူဆိုရင်တော့ နယ်ကျော်ရပ်ကျော် ထွက်ပြေးမှပဲ အသက်ချမ်းသာရာရတယ်၊ မဟုတ်ရင်တော့ တွေ့တဲ့နေရာမှာ လိုက်ပြီးလက်စားချေတတ်ကြတယ်"

"ကြောက်စရာပဲနော်"





"ဘာကြောက်စရာရှိသလဲကွာ၊ ကိုယ်ကမေတ္တာနဲ့ ဆက်ဆံရင် ဘယ်သူကမှကိုယ့်ကို အန္တရာယ်မပေးကြပါဘူး"

"ဒါထက် ဒီကျားဖြူရုပ်ကလေးက ဘာကြောင့်ထည့်ပေးတာလဲဟင်"

"မင်းကိုခင်မင်လို့ ထည့်ပေးတာဖြစ်မှာပေါ့၊ ငါသိသလောက်ပြောရင် ထမန်းမျိုးနွယ်တွေက သူတို့ချစ်ရင် အဖြူရောင်ကျားရုပ် လက်ဆောင်ပေးကြတယ်၊ မုန်းတီးလို့ သတ်တော့မယ်ဆိုရင် အနက်ရောင်ကျားရုပ်ပို့ပေးတယ်လို့ ကြားဖူးတယ်ကွ"

နီမောင်က လက်ထဲမှာကိုင်ထားသော ကျားဖြူရုပ်ကလေးကိုကြည့်ရင်း လမ်း၌အမှတ်မထင် တွေ့ခဲ့ရသော မြလေးတင်ဆိုသော မိန်းကလေးလား ပြန်လည်သတိရနေလေသည်။ ပြီးမှ အရုပ်ကလေးကို အိတ်ထဲပြန်ထည့်ရင်း မေးလက်စနှင့် ဆက်မေးလိုက်သည်။

"တလောက စောထီးတို့ ငမဲအောင်တို့နှစ်ယောက်နဲ့ တောထဲသွားရင်း ထူးဆန်းတာ တွေ့ခဲ့ရသေးတယ်အဘ"

"ဘယ်လိုတွေ့တာလဲ"

"ပန်းပုထုနေတဲ့လူကြီးတစ်ယောက် တွေ့ခဲ့ရတယ်၊ သူ့နာမည်က ပေတလူတဲ့"

"ပန်းပုထုတာပဲ ဆန်းသလားကွ"

"ဒါပေမယ့်. . သူထုနေတဲ့ပန်းပုရုပ်က သရဲရုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အဘရဲ့"

" အင်း . . ဒါတော့ နည်းနည်းထူးဆန်းတယ်"

"သူက ပြောလိုက်သေးတယ်၊ အဲဒီအရပ်ကို ဖုတ်သွင်းပြီး ခိုင်းရင်ရတယ်လို့ ပြောတယ်"

"ဒီနယ်တွေမှာ ဘူတာဝါဟနအတတ်လို့ ခေါ်တဲ့ ဖုတ်သွင်းနိုင်တဲ့လူတွေ ရှိကြတယ်၊ မင်းကျမှ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတာတော့ အတော်ထူးဆန်းတယ်၊ ဘယ်နေရာသွားသွား ဘာပဲလုပ်လုပ် ရတနာသုံးပါးနဲ့ အနန္တောအနန္တ ဂုဏ်ကျေးဇူးတွေ မမေ့နဲ့ပေါ့ကွာ၊ တခြားဆေးဝါးအစီအရင်တွေထက် ရတနာသုံးပါးရဲ့ ဂုဏ်က အလုံခြုံဆုံးပဲ၊ ဒါထက် နီမောင် မင်းဒီကနေ့ အလုပ်အားရင် ငါ့ကိုတစ်ခုလောက် ကူညီပါလား"

"ဘာလုပ်ပေးရမလဲ အဘ. . ."


"ဖိုထိုးချင်လို့ကွာ၊ ဖိုဆွဲပေးမယ့်သူမရှိလို့ စောင့်နေတာ. ."

"ရပါတယ်အဘ ကျွန်တော် ဆွဲပေးပါ့မယ်"

ဟုပြောဆိုကာ ဦးဗန်ကောင်း၏ ဖိုထိုးသောအခန်းရှိရာသို့ ဆင်းလာကြလေသည်။







# အခန်း [ ၆ ]
# ရှင်အဂ္ဂဂေါ်ကာ၏ ရွှေဖြစ်နည်းများ

'အဂ္ဂိရတ်'ဟူသော ဝေါဟာရသည် 'မီးဖြင့်ပြုလုပ်သောပညာ'ပင်ဖြစ်၏။ အဂ္ဂိရတ်ပညာကို အရှေ့တိုင်း၊ အနောက်တိုင်း ပညာရှင်များကပါ စိတ်ဝင်စားကြသည်။

အဂ္ဂိရတ်ပညာသည် အီဂျစ်ပြည်မှ စတင်ခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်ပြည်မှ ပန်းတိမ်ပညာသည်တို့သည် ရွှေပြုလုပ်ရန်အတွက် မီးဖြင့်စီရင်ပြုလုပ်ရသော အဂ္ဂိရတ်ပညာကို အ



www.burmeseclassic.com

www.burmeseclassic.com



သုံးပြုခဲ့ကြသည်။

သတ္တုများကို ရွှေဖြစ်စေရန်ရည်ရွယ်ချက်မှာ အဂ္ဂိရတ်ထိုးသူတို့၏ အဓိကရည်ရွယ်ချက်ပင်ဖြစ်သည်။ နောက်ဆုံးအဆင့်ကတော့ ပြဒါးရှင်လုံး၊ သံဓါတ်လုံးတို့ကို သိဒ္ဓိပေါက်အောင်ထိုးနိုင်ပြီး ထွက်ရပ်လမ်းအထိ သွားကြရန်ပင်ဖြစ်ပေသည်။

အချို့ကလည်း ရွှေပြားဖြင့် အသက်ရှည်ဆေး ပြုလုပ်လိုကြသည်။ ပြဒါးရှင်လုံးဖြစ်စေ၊ ရသာယနဟုခေါ်သော ရွှေပြားရရှိစေရန်ဖြစ်စေ၊ အနည်းဆုံး ကြေး၊ သတ္တုတို့ကို ရွှေအဖြစ် ပြောင်းလဲနိုင်စေရန်ဖြစ်စေ၊ အဂ္ဂိရန်ပညာကို အသုံးပြုကာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးစားနေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အဂ္ဂိရတ်ပညာဖြင့်တွဲပြီး လူသိများသောပုဂ္ဂိုလ်တို့မှာ ပုဂံခေတ်၌ ထင်ရှားခဲ့သည့် ရှင်အဇ္ဇဂေါဏနှင့် အင်းဝခေတ်တွင်ထင်ရှားသော ဗားမဲ့ဆရာတော်တို့ပင်ဖြစ်ကြသည်။

အနောက်နိုင်ငံများမှာလည်း ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များထဲမှာ အဂ္ဂိရတ်ပညာလိုက်စားသူတို့ ရှိခဲ့သည်။ စိန့်အဲလ်ဘတ်မက်ဂ်နပ်စ်၊ ရော်ဂျာဘေကွန်၊ ဆာအိုင်ဇက်နယူတန် စသောပုဂ္ဂိုလ်တို့မှာ အဂ္ဂိရတ်ပညာကို စိတ်ဝင်စားကြလေသည်။

အဂ္ဂိရန်ပညာနှင့်ပတ်သက်ပြီး ပြီးမြောက်အောင်မြင်





သွားခဲ့သော ပုဂ္ဂိုလ်အချို့တော့ရှိခဲ့သည်။

၎င်းတို့မှာ ဖိလစ်ပတ်စ်၊ အော်ရီယိုလပ်စ်၊ သီယိုဖရပ်ခတပ်စ်၊ ဘွန်ဘတ်စတပ်စ်၊ ဖွန်၊ ကိုဟင်ဟိုင် စသောပုဂ္ဂိုလ်တို့ဖြစ်ကြသည်။ ၎င်းတို့ကို လူအများက ပါရာဆဲလ်စပ်စ် (Paracelsus) ဟုခေါ်ဝေါ်ကြသည်။

မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်တို့ကို အခြေခံပြီး အရာဝတ္ထုတို့ကို ပြုပြင်ပြောင်းလဲ၍ ရနိုင်ကြောင်း အဂ္ဂိရတ်ပညာက သက်သေပြသခဲ့သည်။

မြန်မာနိုင်ငံတွင် အဂ္ဂိရတ်ပညာဖြင့် ထွက်ရပ်ပေါက်ခဲ့သော လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့ ရှိကြပေသည်။

အဂ္ဂိရတ်ကြောင့် လူသိများသောပုဂ္ဂိုလ်မှာ ရှင်အဇ္ဇဂေါဏဆရာတော်ပင်ဖြစ်သည်။ ဆရာတော်သည် ပုံဂံပြည်ကောင်းစားစဉ်က ပေါ်ပေါက်ခဲ့လေသည်။

ဆရာတော်၏ မူလဘွဲ့အမည်မှာ 'ရှင်မထီး' ဖြစ်သည်။ 'ရှင်အဇ္ဇဂေါဏ' ဆိုသောအမည်မှာ ဆိတ်မျက်လုံးတစ်ဖက်၊ နွားမျက်လုံးတစ်ဖက် ထည့်တော့မှ နောက်တွင်သောအမည် ဖြစ်သည်။

ရှင်မထီးဆရာတော်က ပရိယတ်၊ ပရိပတ် မလုပ်ပဲ အဂ္ဂိရတ်သာလုပ်သည်။ အဂ္ဂိရတ်ပညာ အတော်အသင့်ပေါက်မြောက်တော့ ဆေးပညာဖြင့် လူအများကို ကုသပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဘုတ်ငှက်သိုက်ထဲမှ မျက်စိပြန်မြင်စေသော ဆေးမြစ်ကိုအလိုရှိသဖြင့် ဘုတ်ငှက်သားပေါက်တစ်ကောင်၏ မျက်လုံးနှစ်ဖက်စလုံး ဖောက်ပစ်ခဲ့သည်။

(ထိုဝဋ်ကြွေးက နောက်ဘဝမဆိုင်းပဲ ထိုဘဝမှာပင် ၎င်း၏မျက်စိနှစ်ဖက်စလုံး အဖောက်ခံရလေ၏။)

ဘုတ်ငှက်ကလေးကို မျက်စိဖောက်ထားခဲ့သောအခါ ဘုတ်ငှက်မပြန်လာသောအခါ အသိုက်ထဲမှာရှိသော ဆေးမြစ်ဖြင့် တို့ထိပေးရုံနှင့် ဘုတ်ငှက်မျက်လုံးက အကောင်းပြန်ဖြစ်သည်။ ဆရာတော်က ထိုဆေးမြစ်ကို ရှာဖွေယူပြီး ဆေးကုပေးသည်။ ဘုတ်ငှက်သိုက်ထဲတွင် မျက်စိပြန်မြင်စေသော ဆေးမြစ်ရှိတတ်ပေ၏။ ဘုတ်ငှက်များက ထိုဆေးမြစ်ကို ဆောင်ထားတတ်ကြသည်။

အဘယ်ကြောင့်ဆိုသော် ကျီးကန်းတို့ရန်ကို ကြောက်သောကြောင့်ဖြစ်သည်။ ကျီးနှင့်ဘုတ်က ကမ္ဘာ့ရန်ဖြစ်သည်။

ကျီးကန်းက ဘုတ်ငှက်တို့နေသော အသိုက်ကိုရှာဖွေပြီး ဘုတ်ငှက်မကြီး မရှိခိုက်တွင် ဘုတ်ငှက်ကလေးများ၏ မျက်လုံးကို ထိုးထောက်လေ့ရှိသည်။

ဘုတ်ငှက်ကြီးတွေ ပြန်ရောက်လာတော့ အသိုက်ထဲမှာ ကြိုတင်ရှာယူထားသော ဆေးမြစ်ကိုယူကာ နှုတ်သီးဖြင့် ကိုက်ဝါးပြီး မျက်လုံးနေရာကိုချပေးသည်။ ဆေးရည်ဝင်သွားသည်နှင့် ကျီးဖောက်ခံရသော မျက်လုံးက အကောင်းအတိုင်း ပြန်ဖြစ်ကြလေသည်။





ထိုဆေးမြစ်ကို အလိုရှိသော လူတို့က ဘုတ်ငှက်သိုက်ကို ယူလာပြီး ရေစီးနေတဲ့ ချောင်းရေမြောင်းရေထဲမှာ တစ်မျှင်ချင်း၊ တစ်ပင်ချင်း ချကြည့်သည်။

သာမန်အမျှင်က ရေစီးဖြင့် မျောပါသွားသော်လည်း ဆေးပင်ကတော့ ရေစီးဖြင့်ပါမသွားပဲ ရေဆန်ပြန်တက်လေ့ရှိသည်။ ထိုဆေးမြစ်ကိုယူရသည်။

ရှင်မထီးဆရာတော်မှာ ဘုတ်ငှက်ကလေးများ၏ မျက်လုံးကိုဖောက်ခဲ့သောကြောင့် ဘဝမခြားခင် သူ့မျက်လုံးနှစ်ဖက် အဖောက်ခံရသည်ဆိုပါက မှားမည်မထင်ပေ။

ရှင်မထီးဆရာတော်အကြောင်းကို ဆက်ပါဦးမည်။

ရှေ့၌ရေးခဲ့သည့်အတိုင်း ရှင်မထီးဆရာတော်သည် ပဋိပတ်၊ ပရိယတ်ကို အာရုံမစိုက်ပဲနှင့် အဂ္ဂိရတ်ထိုးသော အလုပ်ကိုသာ စွဲစွဲမြဲမြဲလုပ်ကိုင်လေသည်။

(ရှင်မထီးမှာ အရည်းကြီးဂိုဏ်းဝင်တစ်ဦး ဖြစ်သဖြင့် ဆံပင်ရှည်၊ မုတ်ဆိတ်ရှည်များထားကာ သစ်ခေါက်ရေဆိုးသော သင်္ကန်းကို ဝတ်ဆင်လေ့ရှိသည်။ အရည်းကြီးဂိုဏ်းဝင်ဖြစ်သောကြောင့် လောကုတ္တရာကိစ္စများမလုပ်ပဲ လောကီကိစ္စများ ပြုလုပ်ခြင်းဖြစ်ပေသည်။ သီလဆောက်တည်သော ဗုဒ္ဓဘာသာရဟန်းတော်များ မပြုလုပ်ဝံ့သော ဘုတ်ငှက်တို့၏ မျက်လုံးဖောက်သောကိစ္စမျိုး ပြုလုပ်ဝံ့ခြင်းသာဖြစ်ပေသည်)



www.burmeseclassic.com

www.burmeseclassic.com



ရှင်မထီးသည် နေ့စဉ်ဖိုထိုးရာမှ ၎င်း၏ခတ်လုံးမှာလည်း ပေါက်မြောက်လာကာ ရွှေကျွေးရမည့်အဆင့်မျိုး ရောက်လာလေသည်။

ထိုအခါ ရွှေများများရနိုင်သည့် ရှင်ဘုရင်ထံသွားပြီး အလျှုခံလေသည်။

"ဒကာ ငါရဲ့ခတ်လုံးကို ရွှေကျွေးဖို့အတွက် ရွှေ အလိုရှိပါတယ်"

"အရှင်ဘုရား ခတ်လုံးက ဘယ်လိုအကျိုးထူးရှိပါ သလဲ"

"ငါ့ခတ်လုံးက ရွှေကျွေးပြီးရင် သိဒ္ဓိပေါက်မယ်၊ လိုရာပြီးမြောက်စေလိမ့်မယ်"

"တကယ်လို့ သိဒ္ဓိမပေါက်ရင် ဘယ်လိုတာဝန်ယူမှာ လဲ"

"သိဒ္ဓိမပေါက်ခဲ့ရင် ငါ့မျက်လုံးနှစ်လုံးကိုသာ ဖောက် ပေတော့"

ဟုတာဝန်ယူသဖြင့် ရှင်ဘုရင်ကလည်း ယုံကြည် သွားပြီး ရွှေတိုက်အတွင်းမှာထားသော ရွှေများကို အလိုရှိသ လောက် ယူရန်ခွင့်ပြုပေးခဲ့လေသည်။

နောက်တော့ ရှင်မထီးလည်း ဘုရင်ရွှေတိုက်တော် က ရွှေများကို နေ့စဉ်ယူကာ ဖိုထိုးလေတော့သည်။ ရွှေများ နေ့စဉ်ကျွေးထိုးသော်လည်း ခတ်လုံးက အချိန်မစီးတော့ပေ။





ထို့ကြောင့် ပုရပိုဒ်မှတ်တမ်းကို ဖြည်ကြည့်တော့ . "အောင်ချင်လျှင် ချိန်စီးတော့"

ဟူသော ညွှန်ကြားချက်ကို တွေ့ရလေသည်။

ထိုစာသားအဓိပ္ပာယ်ကိုကောက်တော့ "အချိန်စီး လာအောင်" ထိုးရမည်ထင်သောကြောင့် ဘုရင်ရွှေတိုက်မှ ရွှေများကို ယူကာ ထပ်ထိုးပြန်လေသည်။ ထိုးလိုက်၊ ကျွေး လိုက်၊ ချိန်ကြည့်လိုက် ပြုလုပ်သော်လည်း အချိန်မစီးတော့ ပေ။ (အလေးချိန်မတိုးတော့ခြင်းဖြစ်သည်)

ထိုသို့သဲကြီးမဲကြီးထပ်ထိုးရင်းနှင့် ဘုရင့်ဘဏ္ဍာတိုက် မှ ရွှေများကုန်သွားသည့်အပြင် လက်ဝတ်ရတနာများပါ ပေး ရသည်။ နောက်ဆုံး နန်းတော်တိုင်များမှာ ကပ်ထားသော ရွှေများကိုပါ ခွာပေးရသောကြောင့် ရွှေရောင်တဝင်းဝင်းဖြင့်ရှိ နေသော ရွှေနန်းတော်ကြီး အမည်းရောင်ဖြစ်ခဲ့ရသည်။

နောက်ဆုံး ဘုရင့်နန်းတော်တစ်ခုလုံးမှာရှိသည့် ရွှေများကုန်သွားပြီးနောက် ခတ်လုံးကလည်း ဘာမှမဖြစ် လာသောအခါ ရှင်ဘုရင်က ပါးကွက်သားများလွှတ်ကာ မျက်လုံးအဖောက်ခိုင်းသဖြင့် မျက်စိနှစ်ကွင်း ကွယ်ရလေ သည်။

"ဒီခတ်လုံးကြောင့် ငါ့မျက်စိကွယ်ရပေတယ်၊ ဒီ ခတ်လုံးကို ချေးတွင်းထဲသာ ပစ်ချလိုက်ပေတော့"

ဟုစေခိုင်းသဖြင့် ကျောင်းသားကယူသွားပြီး ချေး



www.burmeseclassic.com

www.burmeseclassic.com



တွင်းထဲပစ်ချလိုက်လေသည်။

ထိုအခါမှ ဓာတ်လုံးက အရောင်းများဝင်းလက်လာပြီး အပေါ်သို့ပျံတက်လာလေတော့သည်။

ပုရပိုဒ်တွင်ပါသောအညွှန်းမှာ 'အောင်ချင်လျှင် ချိန်စီးပေတော့' ဟုပါလေသည်။ 'ချိန်စီး'ဆိုသည် အချိန်စီးအောင် ပြုလုပ်ခိုင်းခြင်းမဟုတ် ချီးစိမ်(ချေးစိမ်)ခိုင်းခြင်း ဖြစ်ပေသည်။ ဓာတ်လုံးက အလွန်သန့်စင်တဲ့အဆင့် ရောက်နေသဖြင့် အညစ်အကြေးဓာတ်ဖြင့် နှိုးခိုင်းခြင်းပင်ဖြစ်ပေသည်။

ယခု စိတ်လျှော့ပြီး ချေးတွင်းထဲပစ်ချတော့မှ ဓာတ်တည့်သွားပြီး အလင်းရောင်များဖြာထွက်လာခြင်း ဖြစ်ပေသည်။ ထို့နောက် ချေးတွင်းထဲမှ ပျံတက်လာပြီး အပေါ်မှာဝဲပျံနေလေသည်။ ထိုအကြောင်းကို ကျောင်းသားက ရှင်မထီးကို သွားရောက်လျှောက်ထားလေသည်။

"ချေးတွင်းထဲချလိုက်တဲ့ ဓာတ်လုံးက အရောင်တွေထွက်လာပြီး အပေါ်မှာ ဝဲပျံနေပါတယ်ဘုရား"

ထိုစကားကြားသည်နှင့် ရှင်မထီးစိတ်ထဲမှာ သူ့ဓာတ်လုံးအောင်ပြီဟု သိလိုက်လေသည်။

ထို့ကြောင့် ရုံထားသော ဧကသီကို ပစ်ပေးလိုက်ရင်း၊

"ရော့. . ရော့. . ဒါနဲ့အုပ်ပြီး ဖမ်းယူလာခဲ့"

ဟုပြောသဖြင့် ကျောင်းသားလည်း ဆရာတော်ပြောသည့်အတိုင်း ဓာတ်လုံးအား သင်္ကန်းဖြင့် အုပ်ဖမ်းခဲ့လေ





သည်။ ဆရာတော်လက်သို့ ဓာတ်လုံးရောက်သောအခါ ...ားစွာဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။

"ဒီတစ်ခါတော့ ငါ့အကြံ ထမြောက်အောင်မြင်ခဲ့ပြီ" ...ု ရေရွတ်လိုက်သည်။

ထို့နောက် ကျောင်းသားကိုခေါ်ပြီး. . .

"အောင်ပေါ်ဈေးကိုသွားပြီး ရတဲ့မျက်လုံးနှစ်လုံးကိုသာ ဝယ်ယူခဲ့ပေတော့"

ဟု စေခိုင်းသဖြင့် ကျောင်းသားက ဈေးသို့သွားကာ ...ရှာနမျက်လုံးရှာဖွေရာ ဈေးကွဲချိန်ဖြစ်သောကြောင့် မျက်...ုံးအစုံလိုက် မရတော့ပေ။

နွားမျက်လုံးတစ်ဖက်နှင့် ဆိတ်မျက်လုံးတစ်ဖက်သာ ...ရသဖြင့် ဝယ်ယူလာပြီး ဆရာတော်အားပေးလေသည်။

ဆရာတော်လည်း ထွေထွေထူးထူး မပြောတော့ပဲ ...ေလာသောမျက်လုံးနှလုံးကို အဖောက်ခံထားရသော မိမိ ...မျက်လုံးထဲထည့်ပြီး ဓာတ်လုံးဖြင့်ထိရုံနှင့်ပင် မျက်စိမှာ ပြန်မြင် ...နေလေသည်။

သို့သော် နွားမျက်လုံးကကြီးပြီး၊ ဆိတ်မျက်လုံးက ...ေသးသောကြောင့် တစ်ဖက်ကျဉ်း တစ်ဖက်ကျယ် ဖြစ်နေ ...တော့သည်။

ထိုအချိန်မှစပြီးမူ ရှင်မထီး ဟူသောအမည်ပျောက် ...သွားပြီး 'ရှင်အဇ္ဈဂေဏ' ဟူသော အမည်တွင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ မျက်လုံးအစားထိုးနိုင်သည့်အကြောင်းကို တစ်ဆင့်စကားတစ်ဆင့်ကြားကြသောအခါ ရှင်မထီးဆရာတော် သိဒ္ဓိပေါက်သွားသည်ကို သိကြရလေသည်။

ရှင်ဘုရင်လည်း ထိုအကြောင်းကို သိသောအခါ မျက်လုံးဖောက်ခဲ့မိသောအပြစ်ကြောင့် စိုးရိမ်ထိတ်လန့်နေမိလေသည်။ သိဒ္ဓိပေါက်သွားသောအခါ ရှင်အဇ္ဇဂေါဏသည် နန်းတော်သို့ကြွသွားကာ ရှင်ဘုရင်နှင့်တွေ့လေသည်။

"အသင်မင်းကြီး ငါမျက်စိဖောက်သောကိစ္စမှာ ငါ့ကတိအတိုင်း ပြုခဲ့ခြင်းဖြစ်သောကြောင့် သင့်မှာအပြစ်မရှိပေ၊ သင့် ကျေးဇူးတွေလည်း ငါ့အပေါ်မှာရှိခဲ့ပေသည်၊ ငါကလည်း သင့်အပေါ်မှာ အပြစ်မယူပေ"

ထိုသို့ပြောတော့မှ ရှင်ဘုရင်လည်း စိတ်သက်သာရာ ရသွားပေတော့သည်။

"အသင်မင်းကြီး ပုဂံနေပြည်တော်ကြီး ကြွယ်ဝချမ်းသာအောင် ငါကူညီစောင့်ရှောက်ပေးခဲ့မည်။ ယနေ့မှ သုံးရက်မြောက်သောနေ့ အာရုဏ်တက်သောအချိန်တွင် အသင်မင်းကြီးပိုင်ဆိုင်သမျှ နန်းတော်တွင်းမှာရှိသော ကြေး၊ ခဲ၊ ငွေ ပြဒါး၊ သံ၊ သွပ်တို့ကို အရည်ကျိုထားပါ၊ နေပြည်တော်မှာရှိသော လူည်းနေလှေအောင်၊ မြင်းဇောင်းမကျန် နေကြသူအားလုံး သိကြစေရန် မောင်းလှည့်လည်ပေးပါ"

"ကောင်းပါပြီဘုရား"





"ပုဂံပြည်ကြီးမှာ ရှိကြသော ဆင်းရဲသူအပေါင်း ချမ်းသာကြွယ်ဝအောင် ဆင်းရဲခြင်းမှလွတ်ကင်းအောင် ငါစောင်မပေးတော်မူမည်"

ထိုသို့မိန့်ကြားသဖြင့် ရှင်ဘုရင်လည်း ပြောသည့်အတိုင်း ပြုလုပ်ထားလေသည်။ တိုင်းပြည်နေရာအနှံ့ကိုလည်း ပြည်သူများသိကြစေရန် မောင်းလှည့်စေသည်။

ထိုနေ့သို့ရောက်သောအခါ နံနက်အချိန်မှာပင် ရှင်အဇ္ဇဂေါဏကြွရောက်လာပြီး ကျိုထားသော ကြေးရည်၊ ခဲရည်၊ သံရည်၊ သွပ်ရည်များထဲသို့ သိဒ္ဓိပေါက်နေသော ဓာတ်လုံးထည့်ရုံနှင့် အားလုံးရွှေဖြစ်ကြသေည်။

ပုဂံနေပြည်တော်ကြီးတစ်ခုလုံးကိုလည်း ကျိုထားသောသတ္တုရည်များထဲသို့ ဓာတ်လုံးထည့်ရုံနှင့် အားလုံး ရွှေဖြစ်ရာ ပုဂံတစ်ပြည်လုံး ချမ်းသာကြလေသည်။

ထိုသို့ပြုလုပ်ပေးပြီးနောက် ရှင်အဇ္ဇဂေါဏလည်း ထွက်ရပ်လမ်းသို့ ကြွမြန်းသွားလေတော့သည်။

ပုဂံနေပြည်တော်ကြီး ကြွယ်ဝချမ်းသာလာပြီးနောက်တွင် နေရာရှိသမျှ စေတီဘုရားများတည်ကြရာ "ကိုးကိုးတန် ပုဂံအိမ်ခြေပေါင်း၊ လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း" ဟု စာချိုးထားခဲ့ရသည်အထိ ဘုရားစေတီအရေအတွက်ပေါင်း များပြားစွာပေါ်ထွန်းခဲ့ပေသည်။

ကိုးကိုးတန် ပုဂံအိမ်ခြေပေါင်းများမှာ နေကြသူများ



www.burmeseclassic.com

www.burmeseclassic.com



က မုဆိုးမကအစ ဘုရားတည်နိုင်ကြပေရာ ထိုမျှအရေအတွက် များပြားစွာပေါ်ထွန်းခဲ့ကြခြင်းပင်ဖြစ်သည်။

အချို့ကည်း ပုဂံပြည်နယ်နိမိတ်အတွင်းမှာ ဘုရားစေတီ လေးသန်းလေးသိန်းကျော်ရှိတယ်ဆိုတာ မဖြစ်နိုင်ဟု ငြင်းသူကငြင်းသည်။ ထို့ကြောင့် ပုဂံရာဇဝင်ကို ပြောကြရာတွင် ခါးထမ်း၊ တုတ်ထမ်း ပြောကြရသည်ဟု ဆိုစမှတ်ပြုကြလေသည်။

သို့သော် ပုဂံပြည်တွင် ဘုရားအဆူပေါင်း လေးသန်းလေးသိန်းကျော်ရှိသည်တော့ မဟုတ်ပေ။

ပုဂံနယ်နိမိတ်တစ်ခုတည်းမှာသာမပဲ ညောင်ဦး၊ မြင်းကပါစသော နေရာများမှ ဘုရားစေတီများပါထည့်သွင်း ရေတွက်လျှင်ပင် လေးသန်းကျော် မရှိနိုင်ပေ။

စာအရ လေးသန်းလေးသိန်းကျော်ရှိသည် ဆိုခြင်းမှာ ဘုရား၊ စေတီတစ်ဆူတွင် ထည့်သွင်းဌာပနာခဲ့သော ဓာတ်တော်များကိုပါ ရေတွက်ထားခြင်းဖြစ်ပေသည်။

ဓာတ်တော်တစ်ဆူကို ဘုရားတစ်ဆူဟု သတ်မှတ်ကိုးကွယ်ကြသည်။ ထိုအခါ စေတီတစ်ဆူ ဘုရားတစ်ဆူတွင် ဌာပနာထည့်ထားခဲ့သော ဓာတ်တော် မွေတော် စွယ်တော်တို့မှာ မြောက်များစွာပင် ရှိကြပေသည်။

ထိုအရေအတွက်များကို ထည့်သွင်းရေတွက်သော် စေတီပေါင်း လေသန်းကျော်ရှိသည်ဟု ဆိုနိုင်ပေသည်။





မြင်နေရသော စေတီဘုရားများက လေးသန်းကျော် မရှိနိုင်သော်လည်း မမြင်ရသော ဓာတ်တော်မွေတော်တို့က မြောက်များစွာရှိကြပေလိမ့်မည်။

မည်သို့ပင်ရှိစေ. . .

ပုဂံရာဇဝင်မှာတော့ အင်္ဂရတ်သမားတစ်ယောက်၊ ပေါက်မြောက်အောင်မြင်သွားခဲ့သောကြောင့် တစ်ပြည်လုံး ချမ်းသာပြီး မုဆိုးမကပင် ဘုရားတည်နိုင်သော အခြေအနေမျိုး ရောက်ခဲ့ဖူးပေသည်။

ရှင်အဇ္ဇဂေါဏက ပုဂံပြည်ကြီးကို တစ်ပြည်လုံး ရွှေပြည်ကြီးဖြစ်အောင် ချမ်းသာကြွယ်ဝအောင် လုပ်ပေးခဲ့တဲ့ သတင်းကြားတော့ အခြားတိုင်းပြည်မှာ မင်းလုပ်နေတဲ့သူတွေ ရောက်လာကာ ရွှေဖြစ်နိုင်တဲ့နည်း တောင်းကြလေသည်။

တောင်းပုံက သံတမန်နည်းနဲ့ အေးအေးဆေးဆေး လာတောင်းတာမဟုတ်ပဲ 'ရရင်ရ မရရင်ချမယ်' ဟူသော ရည်ရွယ်ချက်မျိုးဖြင့် စစ်သည်ဗိုလ်ပါမြောက်များစွာနှင့် ဝိုင်းဝန်းကာ အကြပ်ကိုင်ကာ တောင်းကြခြင်းမျိုးဖြစ်သည်။

"ရှင်အဇ္ဇဂေါဏရဲ့ ရွှေဖြစ်နည်းပေးပါ။ မပေးရင် သူလုပ်ပေးထားတဲ့ ရွှေတွေအားလုံးကို သိမ်းယူရလိမ့်မယ်"

ဟု ရာဇသံပေးကြသည်။

ခက်သည်မှာ ပုဂံဘုရင်ကလည်း ရှင်အဇ္ဇဂေါဏ ပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးထားခဲ့သည့် ရွှေများသာရှိသော်လည်း ရွှေဖြစ်နည်းကတော့ မရှိပေ။ မရလိုက်ပေ။

သို့ကြောင့် နန်းတွင်းမှာရှိသော ပညာရှိအမတ်များကိုခေါ်ကာ အကြံဉာဏ်တောင်းရသေည်။

"သူတို့က ရွှေဖြစ်နည်းမရရင်တော့ အေးကြမယ် မထင်ပါဘုရား၊ ဒါကြောင့် တစ်နည်းတစ်ဖုံတော့ဖြင့် ကြံစည်ကြရပါမယ်"

ဟုလျှောက်ထားပြီး မြို့တော်တွင်းမှာရှိသော ပေပင်၊ ပေရွက်၊ ထန်ဖူး ထန်းရွက်များကို ခုတ်ယူကာ ပေစာ၊ ပုရပိုဒ်စာများအသွင် ပြုလုပ်ကြသည်။

ထိုပေစာ ပုရပိုဒ်စာများပေါ်တွင် အဂ္ဂိရတ်အကြောင်း သိရှိနားလည်းသူများကို ခေါ်ယူကာ ရွှေဖြစ်နည်းမှန်သမျှ ရေးသားစေသည်။

✧ "ဘော် ၁-ကျပ်၊ သံ ၁-ကျပ်၊ နာ ၁-မတ်၊
နံ့နွှင်းနက် အကာပိတ် နံ့သာမျိုးငါးပါးခံ၊ ရေလောင်း
တစ်မီးသေ တစ်မျိုးထိုး၊ ၄၅-ကြိမ်ထိုး၊
စပါးထဲ ၇-ရက်မြှုပ်၊ မီးလှုပ်လှုပ်၊ ရေလှုပ်လှုပ်၊
မမြုတ်လျှင် သူပေါ်ရှော့၊ ပေါ်လာလျှင် လိုရာသုံး. ."

✧ "နဂါးသေနည်း၊ ဂဠုန်သတ်၊ ဂဠုန်သေနည်း၊ ဟင်္သာသတ်၊ နဂါးဂဠုန် ဟင်္သာကြုံ၊ မစုံစုံ စုံစုံ အကုန်ပေါင်းတော့၊ တောအထပ်ထပ်၊ တောင်အထပ်ထပ်၊ ဓာတ်ကြီးလေးဖြာ ရှင်းလိုဖြတ်၊ မဖြတ်နိုင်ရပ်၊ ဖြတ်နိုင်မတ်၊
ရွှေအထပ်ထပ်၊ ငွေအထပ်ထပ်၊ လေးပါးသေအောင်သတ်"

✧ ငွေ ၁-မတ်၊ နာ ၁-မတ်၊ ခဲ ၁-မတ်၊ ရေသံ ၁-ကျပ်၊
ခြသံ ၁-ကျပ် ၊
ငါးမီးထိုး၊ မိုးကြိုးစက်နှင့်ထိ၊ မသိမေး မစင်လျှင်ဆေး၊
အိုင်ရေ၊ ကန်ရေ၊ အုန်းရေခံ၊ ရေလောင်းပြီး
ဇမ္ဗူရာဇ်ရွှေအစစ် လိုရာဖြစ်. . ."

✧ နဂါးသေနည်း၊ မကြီးသင်္ချာ၊ ပဋ္ဌပီသ၊ ကြောင်ကြွက်ရ၊ ပဋ္ဌကြွက်ကို အပျိုမှန်ထား၊ လေးပါးဓာတ်ကြီးပေါ်လာပြီး၊
မင်းကြီးရွှေတောင်. . အောင်သူထွက်. . ."

ဟူသော ရွှေဖြစ်နည်းပေါင်းစုံတို့အား အဂ္ဂိရတ်ဆရာတို့က ပေစာပုရပိုဒ်များပေါ်၌ ရေးသားကြလေသည်။

၎င်းရေးသားသောနည်းများမှာ တကယ်ကြိုးစားပါက ရွှေဖြစ်နိုင်သောနည်း၊ သိဒ္ဓိပေါက်နိုင်သောနည်းများ ပါသသို့ မဟုတ်တာတွေလည်း ပါသည်။

ထိုသို့ရေးပြီးသည်နှင့် ပေပုရပိုဒ်တို့ကို လုံခြုံအောင် တ်ကာ ဖာတောင်းကြီးတစ်လုံးစီ၌ ထည့်စေသည်။

အာရုဏ်တက်ချိန်ရောက်တော့ မိန်းမကြီးသုံး ယောက်တို့ကိုခေါ်ကာ ဖာကြီးတစ်လုံးစီကို ရွက်စေသည်။

တစ်ယောက်က အရှေ့တံခါး၊ တစ်ယောက်မြောက်







www.burmeseclassic.com

www.burmeseclassic.com



ဘက်တံခါး၊ တစ်ဦးက တောင်ဘက်တံခါးမှာမြို့ပြင်သို့ ထွက်စေသည်။ (အနောက်ဘက်မှာ ဧရာဝတီမြစ်သာရှိသောကြောင့် ရန်သူများ မရှိပေ. . .)

အာရုဏ်တက်ချိန်ရောက်သောအခါ မိန်းမကြီးသုံးယောက်တို့မှာ ထန်းခေါက်ဖာကြီးတစ်လုံးစီကို ခေါင်းပေါ်ရွက်ကြပြီး မြို့တံခါးပေါက်တို့မှ ခိုးကြောင်းခိုးဝှက် အပြင်သို့ထွက်ကြလေသည်။

ရန်သူအစောင့်တပ်သားများမြင်သောအခါ ခေါ်ယူပြီး စစ်ဆေးမေးမြန်းကြသည်။

"ထန်းခေါက်ဖာထဲမှာဘာတွေပါသလဲ"

"မသိပါ၊ နန်းတော်တွင်းမှ အမတ်ကြီးများက ဤထန်းခေါက်ဖာများကို လူသူမသိစေရန် အပြင်သို့သယ်ယူသွားရမည်ဟု စေခိုင်းသဖြင့် ယူလာရခြင်းဖြစ်ပါတယ်"

ဟုကြောက်ရွံ့သော အမူအယာမျိုးဖြင့် ပြောပြကြသည်။

ထိုအခါ အစောင့်ရဲမက်များက ထန်းခေါက်ဖာချည်ထားသောကြိုးများကိုဖြတ်ကာ ဖွင့်ကြည့်ကြသည်။

အတွင်းမှာတော့ အဝတ်များဖြင့်ပတ်ထားသောပေစာ ပုရပိုဒ်စာများကို တွေ့ကြရသည်။ ကြည့်လိုက်တော့ရေးထားသော စာများမှာ သူတို့လိုချင်သော ရွှေဖြစ်နည်းများဖြစ်နေသည်ကို တွေ့ကြရလေသည်။





"ပုဂံဘုရင်က ငါတို့ကို မပေးလိုသောကြောင့် ရွှေဖြစ်နည်းများကို ဥပါယ်တံမျဉ်နှင့် အပြင်သို့ သယ်ယူသွားရန်အကြံရှိပေသည်၊ ယခု သူ၏ ရွှေဖြစ်နည်းများရပြီဆိုမှတော့ ပြန်ကြရုံသာ ရှိပေတော့သည်။

"မှန်ပေတယ် ယခုပေါ်နေတဲ့ တဘောင်စကားအရ 'ရာဇဂြိုဟ် ဖာကိုထမ်း လာလမ်းကိုတဲ့ပြန်ပြီး' ဆိုတဲ့အတိုင်း ကျွန်ုပ်တို့လိုချင်သော ရွှေဖြစ်နည်းများလည်း ထိုက်သင့်ရာရကြပြီဆိုတော့ ကိုယ့်တိုင်းကိုယ်ပြည်သို့ ပြန်ကြရပေမည်"

ဟုပြောဆိုတိုင်ပင်ကာ ရှင်အဇ္ဇဂေါဏ၏ ရွှေဖြစ်နည်းများကို အလိုရှိသဖြင့် လာရောက်ကြသော ဘုရင်တို့လည်း ကျေနပ်စွာဖြင့် ပြန်ကြလေတော့သည်။

ထိုအကြောင်းများကို ဦးဗန်ကောင်းက ဖိုထိုးနေရင်းမှ ပြောပြနေရာ နီမောင်ကဖိုဆွဲပေးနေရင်းမှ နားထောင်နေခြင်း ဖြစ်သည်။ ဦးဗန်ကောင်းစကားဆုံးတော့ နီမောင်ကမေးလိုက်သည်။

"ဒါဖြင့် အဘထိုးနေတာလည်း အဲဒီထန်းခေါက်ဖာကြီးသုံးလုံးထဲက ထွက်လာတဲ့ ရွှေဖြစ်နည်းတွေလားဟင်"

နီမောင်စကားကြားတော့ ဦးဗန်ကောင်းက သဘောကျစွာ ရယ်လိုက်လေသည်။

"မဟုတ်ပါဘူးကွာ၊ ငါက ရွှေဖြစ်နည်းထိုးနေတာမဟုတ်ပါဘူး၊ ရွှေလည်းမလိုချင်ပါဘူး၊ လူတွေကို ဆေးကု



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ ရောဂါပျောက်စေနိုင်တဲ့ ဓာတ်ပြာရအောင် ထိုးနေတာပါ"

ဟုပြောပြလေသည်။ ဖိုဆွဲပေးခြင်းကိစ္စပြီးတော့ ပြန်ရန်ပြင်တော့ ဦးဇန်ကောင်းက ထပ်မှာလိုက်သေးသည်။

"မင်းဆီမှာ ရထားတဲ့ ကျားဖြူရုပ်ကလေးကိုတော့ မပျောက်စေနဲ့ သေသေချာချာသိမ်းထား၊ နောက်ပြီး သူများတွေကိုလည်း အသိမပေးနဲ့"

"ဘာဖြစ်လို့လည်းအဘ"

"ဒီအရုပ်မျိုးက အသုံးဝင်တော့ လိုချင်တဲ့သူတွေ များကြတယ်"

"ဘာတွေ အသုံးဝင်သလဲအဘ. ."


"ဒီအရုပ်မျိုးရှိရင် တောကောင်တွေ ကိုယ့်အနား မလာကြဘူး၊ အမှောင့်ပယောဂတွေလည်း အနှောက်အယှက် မပေးနိုင်ကြဘူး၊ ဒါကြောင့် သေသေချာချာသိမ်းထားဖို့ ပြောတာ"

"ကောင်းပါပြီအဘ. . ."

ထို့နောက် ဦးဇန်ကောင်းအား နှုတ်ဆက်ကာ ထိုအိမ်မှ ပြန်ခဲ့လေသည်။







# အခန်း ( ၇ )
# သိဒ္ဓိရှိသော အမြုတေများ

**သည်**တစ်ခေါက် တောထဲဝင်သောအခါ နီမောင်တစ်យောက်တည်း ဖြစ်နေသည်။ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်က တမူးဘက်တက်သွားသောကြောင့် မရှိကြပေ။ ပထမတော့ တစ်ယောက်တည်းမသွားပဲ သူတို့နှစ်ယောက် ပြန်လာမှသွားရန် စိတ်ကူးသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ စိတ်ကူးတစ်မျိုး ပြောင်းသွားခြင်းဖြစ်၏။

"သစ်မွှေးရှာတဲ့အလုပ်က ကံတရားနဲ့သက်ဆိုင်တယ်၊ သူတို့မပါပဲ ငါတစ်ယောက်တည်း သွားကြည့်တော့ ငါ့ရဲ့ကံ ဘယ်လောက်ကောင်းတယ်ဆိုတာ သိရတာပေါ့၊ နှစ်ယောက်လုံဖြတ်ရမယ့် အပင်မျိုးတွေ့တော့လည်း နေရာမှတ်ထားခဲ့မယ်၊ အကယ်လို့ တစ်ယောက်တည်းလှဲလို့ရတဲ့အပင်မျိုး တွေ့တော့လည်း ငါတစ်ယောက်တည်း ရှာကြည့်တာပေါ့"

တောတက်ကာနီးတော့ လိုအပ်သော ပစ္စည်းများနှင့် ရိက္ခာကို ညီမဖြစ်သူ နှင်းမေက ပြင်ဆင်ပေးသည်။

"စောထီးနဲ့ ငမဲအောင်တို့ကို မစောင့်တော့ဘူးလား အစ်ကို"

"မစောင့်တော့ပါဘူး၊ သူတို့က ရက်ကြာဦးမယ်ထင်တယ်"

"အစ်ကိုတစ်ယောက်တည်း သွားလို့ဖြစ်ပါ့မလား. . ၊ ကျွန်မပါလိုက်ခဲ့မယ်လေ"

"မလိုက်ပါနဲ့ ညီမရယ်၊ ငါလည်း ဝေးဝေးမသွားပါဘူး၊ ဟိုနားဒီနားလိုက်ရှာပြီး ပြန်လာမှာပါ၊ နင်က အမေ့အနားမှာနေပြီး ပြုစုပေးနော်"

နှင်းမေကခေါင်းညိတ်ပြသည်။

သို့ဖြင့် နှင်းမေပြင်ဆင်ပေးသော ရိက္ခာထုပ်နှင့် ပစ္စည်း





ကိုယူဆောင်ကာ ထွက်လာခဲ့လေသည်။

သူတို့နေကြသော ရွာများနှင့်တောမှာ မဝေးလှပဲ တဆက်တည်းလို ဖြစ်နေလေသည်။ ရွာမှထွက်ပြီး လယ်ကွင်းများ၊ သီးနှံစိုက်ခင်းများကို ကျော်သွားသည်နှင့် တောခြေ၊ တောင်ခြေသို့ ရောက်နိုင်လေသည်။

နီမောင်က တစ်ယောက်တည်း လာရသော်လည်း ကြောက်ရွံ့ခြင်းတော့ မရှိပေ။

သူဆီမှာ ဓား၊ ကပ်ပါး စသောလက်နက်များ အပြင် ကျောတွင် လှံမတစ်လက်ပါ ဆောင်ယူလာလေသည်။ ရဲဒင်းကဲ့သို့ အသွားထက်ကာ အပြားကြီးသောကပ်ပါးကို လက်ကိုင်ရိုးအရှည် တပ်ထားသောကြောင့်၊ သစ်ပင်လှဲရာတွင်သော်လည်းကောင်း၊ သစ်ခွဲသစ်ရွေရာမှာသော်လည်းကောင်း များစွာအသုံးဝင်လှပေသည်။

ထို့ပြင် တောတိရစ္ဆာန်တို့နှင့် တိုက်ခိုက်ရာတွင် များစွာအားကိုးရသည့် လက်နက်သဖွယ် အသုံးပြု၍ရသောပစ္စည်းမျိုး ဖြစ်ပေသည်။

ထို့ပြင် သူ့အိတ်ထဲမှာ သွားလေရာဆောင်ထားသော ကျားစွယ်ဖြင့်ပြုလုပ်ထားသည့် ကျားဖြူရုပ်ကလေးလည်း ပါလာသည်။

"ဆရာကြီးဦးဖန်ကောင်းကတော့ ဒီအရုပ်ကို တောတိရစ္ဆာန်တွေ ကြောက်ကြတယ်လို့ ပြောလိုက်တယ်၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ လက်တွေ့ကြုံမှပဲ သိရတော့မှာပဲ"

ဟု တစ်ယောက်တည်းတွေးမိလေသည်။

တောထဲရောက်တော့ သစ်မွှေးရနိုင်သည့် မဟာကာပင်ကို လိုက်လံရှာဖွေလေသည်။ သစ်မွှေးပင် ရှာဖွေခြင်းမှာ တွေ့ရန်မလွယ်ပေ။

တွေ့ပြန်တော့လည်း အထဲ၌ သစ်မွှေးရှိရန် မသေချာပြန်ပေ။ ထိုအလုပ်မှာ ကျောက်တူးသူ၊ ရွှေရှာသူများကဲ့သို့ လူတစ်ယောက်၏ ကံတရားနှင့် များစွာသက်ဆိုင်လေသည်။

ထို့ပြင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ တောပိုင်တောင်ပိုင်တို့ ကူညီစောင့်ရှောက်မှုများလည်း အပါအဝင်ဖြစ်ပေသည်။

သစ်မွှေးသည် သစ်ပင်၌ဖြစ်သော အမြုတေပင်ဖြစ်၏။ ပုလဲအပါအဝင် သဘာဝအလျှောက်ဖြစ်သော အမြုတေ (၈)မျိုးရှိရာ သက်ရှိတိရစ္ဆာန်မှရသည်က (၆)မျိုးရှိပြီး တိမ်တိုက်မှဖြစ်သော အမြုတေနှင့် ဝါးပင်မှရသော အမြုတေပါပေါင်းပါက (၈)မျိုးရှိသည်။

ဆင်ဦးကင်းမှဖြစ်သော ပုလဲ(အမြုတေ)သည် ရွှေအဆင်းရှိ၏၊ အရောင်အဝါ မတောက်ပချေ။

ဝက်စွယ်၌ဖြစ်သော ပုလဲ(အမြုတေ)သည် ဝက်စွယ်အရောင်မျိုးသာရှိ၏။

မြွေဦးခေါင်း၌ဖြစ်သော ပုလဲ(အမြုတေ)သည် စိမ်း





ညိုရောင်ရှိကုန်၏။ လွန်စွာစင်ကြယ်သော အဆင်းရှိ၏။

တိမ်တိုက်၌ဖြစ်သော ပုလဲ(အမြုတေ)သည် အထူးထူး အပြားပြားသော အရောင်အဝါတို့ တောက်ပကြလေ၏။

ညဉ့်အမှောင်ထုကို ဖယ်ရှား၍ အလင်းရောင်ပေးစေနိုင်သောကြောင့် လူတို့သုံးစွဲခွင့်မရပဲ နတ်ဒေဝတာတို့သာ သုံးစွဲကြလေသည်။

ဝါး၌ဖြစ်သော ပုလဲ(အမြုတေ)သည် တလည်းသီးအဆင်းကဲ့သို့ရှိပြီး အရောင်အဝါမတောက်ပပေ။

ထိုဝါးသည် လူတို့မကျက်စားသော နေရာ၌သာ ပေါက်လေ့ရှိကြသည်။

ငါး၏ဦးခေါင်း၌ဖြစ်သော ပုလဲ(အမြုတေ)သည် လုံးလျောင်းသောအဆင်းရှိပြီး အရောင်အဝါ မတောက်ပချေ။ ထိုငါးတို့သည် သမုဒ္ဒရာအလယ်၌သာ နေကြလေ့ရှိသည်။

ခရုသင်း၌ဖြစ်သော ပုလဲ(အမြုတေ)သည် ခရုသင်းဝမ်းတွင်းသားအရောင်သာရှိ၏။ ဆီးသီးခန့်အရွယ်ရှိပြီး အရောင်အဝါ မတောက်ပပေ။

ယောက်သွား၌ဖြစ်သော ပုလဲ(အမြုတေ)တို့ အလုံးအရွယ်အစား အမျိုးမျိုး၊ အရောင်အဝါ အမျိုးမျိုးတို့ဖြင့် ရှိကြလေသည်။

ထို့ပြင် ဘုန်းကံရှိသူတို့သာ အသုံးပြုထိုက်သော မြင်းနှင့်တူသော ဟယမုတ္တပုလဲ၊ ဆင်နှင့်သဏ္ဌာန်တူသော ဂဇမုတ္တ



www.burmeseclassic.com

www.burmeseclassic.com



ပုလဲ၊ ရထားနှင့် ပုံသဏ္ဍာန်တူသော ရသမုတ္တာပုလဲ၊ ရှိရှားသီးနှင့်တူသော ဝလယမုတ္တာပုလဲ၊ လက်စွပ်နှင့်တူသော အင်္ဂုလိဝေဓမုတ္တာပုလဲ၊ ရေခံတက်သီးနှင့်တူသော ကကုဓဗမုတ္တာပုလဲ၊ ပြကတေ့သဘောရှိသော ပကတိမုတ္တာပုလဲဟူ၍လည်း အမျိုးမျိုးရှိကြပေသေးသည်။

အမြုတေနှင့်ပတ်သက်သည့် အကြောင်းအရာများစွာတို့လည်း ရှိကြသေးသည်။ တချို့အမြုတေသည် သေနတ်မီးမကူးသည်အထိ အစွမ်းသတ္တိရှိကြောင်း ကြားဖူးကြသည်။ ဝက်တောင်းမာန်စွယ်၊ ဆင်မာန်စွယ် စသည်တို့လည်း အမြုတေစာရင်းဝင်များဖြစ်သည်။ တန်ဖိုးကြီးသော အမြုတေများထဲတွင် သစ်မွှေးပင်မှရသော အမြုတေလည်း အပါအဝင်ဖြစ်သည်။

အမြုတေနှင့် ပုလဲတို့သည် မည်သို့မည်ပုံ အကျိုးပြုသည်ကိုဖော်ပြပေးပါမည်။

ကုန်းနေကိုးကုဋေ၊ ရေနေဆယ်ကုဋေကုန်သော သတ္တဝါအချို့တို့မှဖြစ်သော "အမြုတေ"ခေါ် ပုလဲဓါတ်(၉)ပါးရှိသည်။

❖ ရဇတမုတ္တာ - ငွေအဆင်းကဲ့သို့ ဖြူဖွေးသောအရောင်ရှိလျက် စားကောင်းသောက်ဖွယ် ထမင်းအဖျော်တို့ကို ကျေးဇူးပြုတတ်သော အမြုတေဓာတ်တစ်မျိုး။

❖ သုဝဏ္ဏမုတ္တာ - ရွှေနီအဆင်းကဲ့သို့ နီရွှေသော





အရောင်ရှိလျက် နှစ်သက်ဖွယ်သော ကိုယ်အဆင်းသဏ္ဍာန်ကို ကျေးဇူးပြုတတ်သော အမြုတေဓာတ်တစ်မျိုး။

❖ ဂံသမုတ္တာ - ကြေးနီမရမ်းစေ့ကဲ့သို့ အနီပုတ်အရောင်ရှိလျှက် ကြောက်လန့်ဖွယ်သောအသံကို ကျေးဇူးပြုတတ်သော အမြုတေဓာတ်တစ်မျိုး။

❖ လောဟိတမုတ္တာ - ကတောက်ပွင့်၊ တောင်မဲညိုပွင့်ကဲ့သို့ အဆင်းအရောင်ရှိလျက် အခြွေအရံပရိသတ်ကို ကျေးဇူးပြုတတ်သော အမြုတေဓာတ်တစ်မျိုး။

❖ နီလာမုတ္တာ - ညိုမောင်းသော အဆင်းရောင်ရှိလျှက် အဝတ်ပုဆိုးကို ကျေးဇူးပြုတတ်သော အမြုတေဓာတ်တစ်မျိုး။

❖ မီတမုတ္တာ - မြသားမြရည် အဆင်းကဲ့သို့ စိမ်းသောအရောင်ရှိလျက် ဥယျာဉ်သစ်သီးသစ်ပွင့်တို့ကို ကျေးဇူးပြုတတ်သော အမြုတေဓာတ်တစ်မျိုး။

❖ ကဘာသရမုတ္တာ - အရောင်ခြောက်သွယ်တို့တည်ရှိလျှက် ထူးသောနာနာရုပ်တို့ကို ဖန်ဆင်းနိုင်ခြင်း၊ ကွယ်ပျောက်စေနိုင်ခြင်း၊ ဘီလူး, သစ်, ကျား, မြွေနဂါးစသော အဆိပ်မျိုးသင့်သောဘေး၊ မီးဘေး, ရေဘေးများကို ပယ်ရှားပပျောက်စေနိုင်သော အမြုတေဓာတ်တစ်မျိုး။

❖ ဝိယာဇနမုတ္တာ - နဝရတ်(၉)ပါးကဲ့သို့ ပြိုးပြိုးပြက်ပြက် တခဲနက် ဝင်းဝင်းပြောင်းပြောင် ဆီမီးရောင်ထွန်းလျှက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ပျံနိုင်ခြင်း၊ မြေလျှိုးနိုင်ခြင်း၊ လူတို့ချစ်ကြည်မြတ်နိုးခြင်း၊ ရန်သူအပေါင်းကိုနိုင်ခြင်း၊ သေနတ်,သစ်ချွန်,ဓားလှံ လက်နက် မှစူးမရှနိုင်ခြင်း၊ အားခွန်ကြီးခြင်းစသော တစ်ထောင်သောအကျိုးကျေးဇူးကို ပြုပေးတတ်သော အမြုတေခါတ်တစ်မျိုး။

နဂါး၊ ဂဠုန်၊ ဆဒ္ဒန်ဆင်မျိုး၊ သိန္ဓဝမြင်း၊ ဝလာဟကမြင်း၊ အာကာသဘိန္နမြင်း၊ ဝလာသဝမြင်း၊ သုဝဏ္ဏသာမမြင်း ဟူသော ဤသတ္တဝါ ရှစ်မျိုးတို့ကား မိမိ၏ ကမ္မဇဒ္ဓိတန်ခိုးဖြင့် မြေလျှိုးမိုးပျံ အထူးထူးသော သဏ္ဌာန်ကို ဖန်ဆင်းနိုင်၏။

၎င်းတို့ကဖြစ်သော အမြုတေခါတ်များကို ၎င်းတို့ သေလျှင် နတ်ဘီလူးကုမ္ဘဏ်တို့က ထုတ်ယူ၍ ဝေဿဝဏ္ဏ နတ်မင်းကြီးထံ ပို့ဆက်ရကုန်၏။ လူတို့မသုံးဆောင်ရကုန်။

သို့ဖြစ်၍ လောက၌ သူများထက်ထူးကဲသော အစွမ်းသတ္တိတန်ခိုးသိဒ္ဓိရှိကြသော လူ၊ ဆင်၊ မြင်း၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ငါး ၊ ကြောင် စသောသတ္တဝါတို့၏ ဦးခေါင်း၌ များသောအားဖြင့် “အမြုတေ”ခေါ် ပုလဲခါတ်တစ်မျိုး ရှိတတ်သည်ဖြစ်၍ သိဒ္ဓိလိုလားသော အမျိုးသားတို့သည် သတိရှေ့ထား၍ စူးစမ်း ရှာမှီးကြရမည်။

မြန်မာစာပေကျမ်းဂန်များတွင် ဖော်ပြထားသော ပုလဲရတနာမှာ ရှစ်ပါးရှိလေသည်။

သာရတ္ထသင်္ဂဟကျမ်းတွင် ဖော်ပြချက်မှာ ဤသို့ဖြစ်





သည်။

* တတ္တိကုမ္ဘ - ရွှေရောင်အဆင်းရှိသောဆင်၏ ဦးကင်း၌ ဖြစ်သောပုလဲ။
* ဝရာဟဒါဌံ - ဝက်စွယ်အဆင်းရှိသည့် ဝက်၏အစွယ်၌ ဖြစ်သောပုလဲ။
* ဝလာဟကံ - တိမ်တိုက်၌ဖြစ်သော နတ်သုံးရတနာ ပုလဲ။
* သုဇင်္ဂသီသံ - စိမ်းညိုရောင်တောက်ပသည့် မြွေ၏ဦးခေါင်းမှဖြစ်သောပုလဲ။
* သင်္ခေါ - ခရုသင်း၌ဖြစ်သောပုလဲ။
* သိပ္ပံ - အဆင်းအရောင် အထူးထူးရှိသည့် ယောက်သွား၌ ဖြစ်သောပုလဲ။
* ဝေဠု - စပျစ်သီးစိမ်းရောင်ရှိသည့် ဝါး၌ဖြစ်သော ပုလဲ။
* မစ္ဆသိရော - ငါး၏ဦးခေါင်း၌ဖြစ်သောပုလဲ။

ဤသို့ ပုလဲအမျိုးအစား ရှစ်ပါးရှိသည်။

အမြုတေတို့က လူတို့အတွက် အကျိုးပြုကြသလို အထက်ဖော်ပြပါ ပုလဲအမြုတေရှစ်ပါးတို့ကလည်း လူတို့ကို များစွာအကျိုးပြုတတ်ကြပေသည်။

ယခု ကုန်သည်များ ဈေးကောင်းပေးဝယ်နေသည့် သစ်မွှေးမှာလည်း သစ်ပင်၌ဖြစ်သော အမြုတေတစ်မျိုးပင်

www.burmeseclassic.com



ဖြစ်ပေသည်။ သို့ကြောင့်လည်း တစ်နေ့တခြား လိုချင်သူများ လာပြီး ဈေးကောင်းပေးဝယ်လာခြင်းဖြစ်သည်။

ယခုလည်း နီမောင်တစ်ယောက်တည်း တောတက်လာခြင်းဖြစ်ပေသည်။ သည်လိုတောများထဲမှာ တစ်ယောက်တည်း သွားလာရသည်မှာ အန္တရာယ်တော့များသည်။

တောကောင်းများက နေရာအနှံ့အပြားတွင် အိမ်မွေးတိရစ္ဆာန်များကဲ့သို့ ပေါများလှပေသည်။

နီမောင်တို့မှာ စီးပွားရေးအခြေအနေက တောင့်တင်းမှုမရှိသေးသောကြောင့် မတတ်သာသည့်အဆုံး တစ်ယောက်တည်း အရဲစွန့်ကာ တက်လာခဲ့ခြင်းဖြစ်သည်။

"အမေက ရောဂါသက်သာသွားပေမယ့် အားပြန်ဖြည့်လာအောင် အစားအသောက်ကောင်းကောင်းတွေ ဝယ်ကျွေးရမယ်၊ ဒါကြောင့်သစ်မွှေးကလေးဘာလေး ရရင်တော့ အဆင်ပြေမှာပဲ"

ဟုတွေးတောရင်း လျှောက်လာရာ. . တစ်နေရာ ရောက်တော့ အန္တရာယ်နှင့် စတင်တွေ့ရလေသည်။

သူသွားမည့်လမ်းရှေ့မှာရှိသော ချုံများထဲမှ တောကောင်ကြီးတစ်ကောင် တိုးထွက်လာသည်။

တောကောင်ကြီးမှာ ကိုးတောင်ကျားကြီးဖြစ်ပြီး သားကောင်ကို အဆင်သင့်စောင့်နေဟန်လည်းရှိသည်။

နီမောင်အတွက်လည်း နောက်ပြန်လှည့်ဖို့ အခွင့်





အရေး မရှိတော့ပေ။

ထို့ကြောင့် အခြားပစ္စည်းများကို ဘေးသို့ချလိုက်ပြီး လှံတစ်ဖက်၊ ကပ်ပါးတစ်ဖက်ကိုင်ကာ စောင့်နေလိုက်သည်။

"မင်းနဲ့ငါနဲ့က ရန်သူမဟုတ်ဘူး၊ မင်းကရန်ရှာရင်တော့ ငါကလည်း တုံ့ပြန်တိုက်ခိုက်ရမှာပဲ၊ နိုင်တဲ့သူက မုဆိုး၊ ရှုံးတဲ့သူက သားကောင်ပေါ့"

တောကောင်က အတော်ကြီးသည်။

တောတွင်းမှာ တောကောင်နှင့်တွေ့ရသည်မှာ အဆန်းမဟုတ်သော်လည်း တောကောင်က အတော်ပင်ကြီးသောကြောင့် သတိထားနေရသည်။

သူသည် နောက်ဘက်မှ ကျားမဝင်စေရန် ကြီးမားသော သစ်ပင်ကြီးတစ်ပင်ကို ကျောပေးပြီးရပ်နေသည်။

ကျားကလည်း လူတစ်ယောက်တည်း ဖြစ်နေသောကြောင့် ကြောက်ရွံ့ဟန်မတူပေ။ မျက်နှာချင်းဆိုင်ဖြစ်နေသောကြောင့် ချက်ချင်းခုန်ဝင်မလာသေးသော်လည်း မနီးမဝေး နေရာရောက်သည်အထိ လာပြီးပတ်ချောင်းနေလေသည်။

"ဝေါင်း"

ကျားထံမှ ဟိန်းသံထွက်လာသည်။ ကျယ်လောင်လှသောကြောင့် ပတ်ဝန်းကျင်မှာ ဟိန်းထွက်သွားလေသည်။

မရှေးမနှောင်းမှာပင် သူ့ကိုယ်တစ်နေရာမှ ထူးထူး



www.burmeseclassic.com

www.burmeseclassic.com



ခြားခြား ကျားဟိန်းသံလို အသံမျိုးသဲ့သဲ့ကြားလိုက်ရသဖြင့် နီမောင် အံ့သြသွားသည်။

နောက်မှသတိရလိုက်သည်။ သူ့အိတ်ထဲတွင် ကျားဖြူရုပ်ကလေး ပါလာသည်လေ။

ပထမ မာန်ဖီပြီး ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည် တောကောင်ကြီးမှာ သူ့ထံမှ အသံထွက်လာသည်နှင့် တုံ့ခနဲ ရပ်တံ့သွားသည်။ ဒေါသထွက်နေသော အမူအယာ ဖြစ်သွားကာ ငြိမ်သွားပြီး မျက်လုံးအပြူးသားဖြင့် လှမ်းကြည့်နေသည်။ ဟင်းခိုးစားနေသော ကြောင်ကို လူမိသွားသောပုံစံမျိုး ဖြစ်သွားလေသည်။

ထိုအခြေအနေကြောင့် နီမောင်က အားရှိလာကာ သူ့အိတ်ထဲမှာပါလာသော ကျားဖြူရုပ်ကလေးကို အပြင် ထုတ်လိုက်လေသည်။ ယခင်က သေသေချာချာမကြည့်မိသေးသော်လည်း ဒီတစ်ခါမှာတော့ ကျားဖြူရုပ်တုကလေးမှာ အသက်ဝင်နေသကဲ့သို့ ဖြစ်နေလေသည်။

မျက်လုံးနှစ်လုံးမှာလည်း နီရဲလျက်ရှိနေချေပြီ။ ထိုကဲ့သို့ ကျားရုပ်ကလေးထုတ်လိုက်သည်နှင့်ပင် မနီးမဝေးမှာရှိနေသော တောကောင်ကြီးမှာ နားရွက်ကုတ်၊ အမြီးကုတ်ကာ တောထဲသို့ ပြန်ဝင်ပြေးသွားလေတော့သည်။

ဒီတော့မှ နီမောင်လည်း သက်ပြင်းချနိုင်ပေတော့သည်။





"ဒီအရုပ်က တယ်လည်းအားကိုးရပါလား"

ဟု ရေရွတ်ကာ ရုပ်တုကလေးကို အိတ်ထဲပြန်ထည့်ထားလိုက်ကာ သစ်မွှေးရှာဖွေသော အလုပ်ကို ဆက်လက်လုပ်ကိုင်လေသည်။

ဒီကနေ့အဖို့တော့ နီမောင့်အတွက် ကံကောင်းနေသည်ဟုပင် ပြောရပေမည်။

တောကောင်ကြီးအန္တရာယ်က ကင်းဝေးပြီးနောက် ဆက်လက်ရှာဖွေရာ ရိုးပြတ်ချောင်းစပ်တစ်နေရာ ရောက်သောအခါမှာတော့ ကြီးမားသော သစ်မွှေးပင်ကြီးတစ်ပင်ကို တွေ့ရလေသည်။

အတွင်း၌ သစ်မွှေးအမြုတေရှိမည်မရှိမည် မသိရသေးသော်လည်း ကြီးမားသော သစ်ပင်အခြေအနေကြည့်ရသည်ကတော့ အားရစရာဖြစ်သည်။

"ဒီလောက်ကြီးတဲ့ သစ်ပင်ဆိုရင်တော့ သစ်မွှေးရှိနိုင်ဘယ်၊ ဒါပေမယ့် လူနှစ်ဖက်လောက်ရှိတဲ့ အပင်ကြီးဆိုတော့ ဘပ်ပါးနဲ့ လှဲလို့မဖြစ်ဘူး၊ လွှနဲ့လှဲဖြတ်မှရမယ်၊ ငါတစ်ယောက်ဘည်းတော့ လှဲနိုင်မှာမဟုတ်ဘူး၊ သစ်ပင်ရှိတဲ့နေရာကို ဘ်ထားခဲ့ပြီး စောထီးတို့နှစ်ယောက် ပြန်လာတော့မှာပဲ ဲ့ရတော့မှာပဲ"

ဟုတွေးတောကာ ပင်စည်ကို မှန်ကပ်လိုက်သည်။ န်ကပ်သည်မှာ မှန်ချပ်ကပ်ခြင်းမဟုတ်ပေ။ ပင်စည်မှ သစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်အချို့ကို မှန်ချပ်သဖွယ် ဖြစ်အောင် အဝိုင်းလိုက် ခွာချထားခဲ့ခြင်းဖြစ်၏။

ထိုသို့ပြုလုပ်ခြင်းမှာ တောသမားအချင်းချင်း အမှတ်အသားပြခဲ့ခြင်းဖြစ်ပြီး အခြားတစ်ဦးတစ်ယောက်က ထိုသစ်ပင်မှာ မှန်ကပ်ထားသည်ကို တွေ့ပါက 'အရင်ဦးထားနှင့်သူရှိကြောင်း' သိရသည်။ ထိုသစ်ပင်မျိုးကို ရှောင်ထားခဲ့ရသည်။ ချန်ထားခဲ့ရသည်။


ဒါက တောထဲမှာလိုက်နာရမည့် စည်းကမ်းပင်ဖြစ်၏။ တောတောင်ထဲမှာ မည်သူကမှ ဥပဒေထုတ်ပြန်ထားခြင်းမရှိသော်လည်း တောသမားများ လိုက်နာရမည့် စည်းကမ်းဆိုလျှင် လိုက်နာကြသည်။

မှန်ကပ်ထားသော သစ်ပင်တွေ့က မလှဲပေ။ အခြားသူပစ်သဖြင့် ဒဏ်ရာဖြင့်သေဆုံးနေသည့် သားကောင်တွေ့သော်လည်း မယူပေ။ အမှတ်အသားပြုထားခဲ့ပြီးသော ပျားအုံတွေ့လျှင်လည်း မဖွပ်ကြပေ။

မမြင်ကွယ်ရာဖြစ်သော်လည်း တောတောင်နှင့်သက်ဆိုင်သော ဓလေ့ထုံးစံ၊ စည်းကမ်းများကိုတော့ တောတက်သူတိုင်းက လိုက်နာပေးကြရလေသည်။







# အခန်း [ ၈ ]

# ပေတလူနှင့် တွေ့ရခြင်း

**နေ့**လည်ဘက်ရောက်တော့ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် နေ့လည်စာ စားသောက်ပြီး ခဏနားနေစဉ် နားထဲမှာ အသံအချို့ကိုကြားလာရလေသည်။

"တုံ့ . . တုံ့ . . တုံ့ . ."

ထိုအသံကြားသောအခါ တစ်ခါက တောထဲမှာ တွေ့ခဲ့သော ထူးထူးဆန်းဆန်း ပန်းပုထုနေသည့် ပေတလူဆို



www.burmeseclassic.com

www.burmeseclassic.com



သည့် လူကြီးကို သတိရလိုက်သည်။

ထို့ကြောင့် နေရာမှထပြီး အသံကြားရာဘက်သို့ ထွက်လာလေသည်။ အသံကြားရသောနေရာမှာ သူရောက်နေသော နေရာနှင့် မဝေးလှပေ။

"တုံ. . တုံ. . တုံ. . "

"တောက်. . တောက်. . တောက်. . "

သူရောက်သွားတော့ ထုပြီးထားသော သရဲရုပ်ထုကြီးကို ဆောက်တစ်လက်ဖြင့် အချောသပ်နေသည့် ပေတလူဆိုသောလူကြီးကို ပြန်တွေ့ရလေသည်။

နီမောင်ရောက်သွားတော့ ပေတလူက လုပ်လက်စအလုပ်များကိုရပ်ကာ လှည့်ကြည့်သည်။

"ဟော. . မင်းပါလား"

"အဘထုတဲ့ သရဲရုပ်က မပြီးသေးဘူးလား"

"ပြီးပါပြီ၊ ခြေလက်အင်္ဂါတော့ ပြည့်စုံသွားပါပြီ၊ အသက်သွင်းရင် ခိုင်းလို့ရပြီ"

"ဘယ်လိုအသက်သွင်းမှာလဲ"

"ဖုတ်သွင်းမှာပေါ့ကွ. . "

"ဖုတ်သွင်းတာ ဘယ်လိုသွင်းမှာလဲ"

"ဒီတောထဲမှာ အသက်သေသွားပြီးနောက်၊ နောက်ထပ်တွယ်မှီရမယ့် ရုပ်ခန္ဓာမရသေးလို့ လေလွင့်နေတဲ့ ဝိညာဉ်တွေအများကြီးရှိတယ်၊ လေလွင့်ဝိညာဉ်တွေထဲက သင့်တော်





မယ့် ဝိညာဉ်ကိုခေါ်ပြီး အသက်သွင်းပေးလိုက်ရင် ဒီအရုပ်ကြီး အသက်ဝင်လာပြီး ခိုင်းချင်ရာခိုင်းလို့ရပြီပေါ့"

နီမောင်မှာ ပထမတစ်ကြိမ် တွေ့စဉ်ကလောက် ကြောက်ရွံ့မှုမရှိတော့ပဲ ထုလုပ်ထားပြီးသော သရဲရုပ်တုကြီးကို အသေအချာကြည့်လိုက်သည်။

လူအရွယ်အစားလောက်ပင်ဖြစ်သော်လည်း ထုလုပ်ထားပုံမှာ လက်ရာကောင်းလှသောကြောင့် တကယ့်သရဲတစ်ကောင်နှင့်မခြား ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုးဖြစ်နေလေသည်။

"ဘာတွေခိုင်းမှာလဲဟင်"

"ခိုင်းချင်တာခိုင်းလို့ရတယ်၊ မင်းခိုင်းမလား"

"ခိုင်းတာကတော့ ဟုတ်ပါပြီ၊ သူ့အတွက် ဘာတွေလုပ်ပေးရမလဲ"

"ခိုင်းရင်တော့ အစားအသောက်ကျွေးရမှာပေါ့၊ ထားတာကတော့ ရွာထဲခေါ်မသွားချင်ရင် တောထဲမှာ ဝှက်ထားခဲ့ရင် ရတာပေါ့"

"အခုလောလောဆယ် သစ်ပင်လှဲဖို့ လူတစ်ယောက်လိုနေတာနဲ့အတော်ပဲ ခေါ်ခိုင်းလို့ရမလား"

"ရတယ်လေ၊ မင်းခိုင်းချင်ရင် ငါအသက်ဝိညာဉ်သွင်းပေးလိုက်မယ်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေတလူက သဘောကျစွာဖြင့် တစ်ချက်ပြုံးလိုက်ပြီး သူထုထားသော သရဲရုပ်တုကို အသက်သွင်းလေတော့သည်။ ထွေထွေထူးထူးတော့ မဟုတ်ပေ။

မန်းမှုတ်ရွတ်ဆိုပြီး လက်ဖြင့် နှစ်ချက်သုံးချက် သပ်ချလိုက်ရုံဖြင့် အသက်ဝင်လာခြင်းဖြစ်သည်။

နီမောင် တစ်သက်မှာတော့ သစ်သားဖြင့် ထုလုပ်ထားသော ရုပ်တုကြီးက လူတစ်ယောက်ကဲ့သို့ လှုပ်ရှားလာသည်မျိုးကို ယခုတစ်ခါမှသာ တွေ့ဖူးကြုံဖူးခြင်းဖြစ်ပေသည်။

မျက်လုံးက ဟိုကြည့်ဒီကြည့်နှင့် ကြည့်လာခြင်း၊ ခြေလက်တို့က လှုပ်ရှားလာခြင်းအပြင် ပါးစပ်ကလည်း အသံထွက်လာသည်။

ခြုံပြီးပြောရလျှင်တော့ အရိပ်အယောင်တွေ့ရခြင်းမျိုးမဟုတ်ပဲ ကြောက်စရာကောင်းသော တစ္ဆေသရဲတစ်ကောင်ကို အနီးကပ်တွေ့နေရသလိုမျိုးပင် ဖြစ်ပေသည်။

"သူ့နာမည်ကို 'ပေတလူ'လို့ပဲ ပေးထားတယ်၊ မင်းခေါ်ချင်၊ ခိုင်းချင်ရင် ပေတလူလို့ပဲခေါ်ပေါ့"

"ဒါထက် ဒီလိုကြောက်စရာကောင်းတာမျိုးကို အိမ်ကိုခေါ်သွားလို့တော့ မဖြစ်ဘူးထင်တယ်"

"အိမ်ကိုခေါ်သွားစရာမလိုပါဘူး၊ မင်းခေါ်သွားချင်ရင်တောင် ရွာစောင့်နတ်၊ အိမ်စောင့်နတ်တွေက ဝင်ခွင့်ပေးမှ ဝင်ရမှာပါ"





"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"သူ့ကို တောထဲမှာပဲထားခဲ့ပေါ့၊ မင်းလာတဲ့အခါကျရင် သူ့အတွက် စားစရာယူလာပြီး ကျွေးပေါ့၊ မင်း တောထဲရောက်လာတာနဲ့ 'ပေတလူရေ ငါလာပြီဟေ့' လို့အသံပေးလိုက်တာနဲ့ ကြားတဲ့နေရာကသူလာပြီး မင်းခိုင်းတာ လုပ်ပေးလိမ့်မယ်"

နီမောင့်စိတ်ထဲမှာ ပထမတော့ ကြောက်လန့်နေသလို ဖြစ်နေမိသည်။ နောက်မှ စိတ်ကိုတင်းပြီး ခေါ်သွားရန် ဆုံးဖြတ်လိုက်သည်။

"မင်းနာမည် နီမောင်မဟုတ်လား၊ မင်းဆီမှာ ကျားဖြူရုပ်ကလေးရှိတယ်မဟုတ်လား"

နီမောင်က အံ့သြစွာဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"အေး. . အဲဒီအရုပ်မျိုးက ဘယ်နေရာမှ မရနိုင်ဘူး၊ မင်းကံကောင်းလို့ရထားတာ၊ သေသေချာချာသိမ်းထား၊ နောက်တော့ မင်းအတွက် အသုံးဝင်လာလိမ့်မယ်"

"အဘက ဘယ်လိုသိတာလဲ"

"သိတာပေါ့ကွာ၊ ပေတလူ မသိတာ ဒီဇဗ္ဗူမှာ ဘာမှမရှိဘူး. . ဟီး . . ဟီ. . ."

"ဒါထက် မေးရဦးမယ် အဘကဘယ်ရွာကလဲ ဘာအလုပ်လုပ်သလဲဟင်"

"ငါကကြုံတဲ့နေရာမှာနေတာပဲ၊ ငါတာဝန်ကတော့



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းစောင့်ပေါ့”

“ဟင်. . ဘယ်သချိုင်းမှာ စောင့်တာလဲဟင်. .”

“မင်းနောက်တော့ သိမှာပေါ့ကွာ၊ ကဲကဲ. . ငါသွားတော့မယ်၊ ငါ့တာဝန်လည်း ပြီးသွားပြီ၊ မင်းလည်းလုပ်စရာရှိတာ သွားလုပ်ပေတော့၊ တစ်ခုတော့ မှာလိုက်ရဦးမယ်၊ ပေတလူရှိနေတာကိုရော မင်းဆီမှာ ကျားဖြူရုပ်တုလေး ရှိနေတာကိုပါ ဘယ်သူမှ မသိကြလေ ပိုကောင်းလေပဲ”

“စိတ်ချပါအဘ”

ထို့နောက် ပေတလူဆိုသော အဘိုးကြီးက ပန်းပုထုသော အသုံးအဆောင်များကိုယူကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

ထိုနေရာမှာတော့ ပေတလူဟု အမည်ပေးထားသော ရုပ်တုသရဲနှင့် သူသာကျန်ခဲ့တော့သည်။ စောစောက အဖော်တစ်ယောက်ရှိနေစဉ်က မသိသာသော်လည်း ယခုကဲ့သို့ သူတစ်ယောက်တည်းကျန်ခဲ့သောအခါ တစ်မျိုးဖြစ်လာမိသည်။

သို့သော် ယခုအခြေအနေရောက်မှတော့ ကြောက်လန့်နေ၍မဖြစ်ပေ။

တစ်ယောက်တည်းအလုပ်မဖြစ်ပဲ ပြန်သွားရမည်နှင့်စာလျှင် စမ်းသပ်ကြည့်မည်ဟု စိတ်ကူးကာ နောက်ဘက်၌ရပ်နေသည့် ရုပ်တုသရဲဘက်သို့လှည့်လိုက်သည်။





ထိုအခါ ရုပ်တုသရဲက သူ့ကိုကြည့်ပြီး. .

“ဟီး. . ဟီး. . ဟီး. .”

ဟု ရယ်ပြလေသည်။

သူက ဘယ်လိုသဘောမျိုးဖြင့် ရယ်ပြသည်မသိသော်လည်း ထိုသို့ရယ်ပြတော့မှ ပိုပြီးကြောက်စရာကောင်းသွားသည်ဟု စိတ်ထဲမှ ထင်မိသည်။

“မင်းနာမည် ပေတလူ နော်. . .”

“ဟုတ်ကဲ့. . .”

လူတစ်ယောက်ကဲ့သို့ပင် ပီပီသသအသံမျိုး ထွက်လာသည်။

“ငါ့နာမည်က နီမောင်လို့ခေါ်တယ်၊ မင်း ငါခိုင်းတာလုပ်ပေးမှာလား”

ခေါင်းညိတ်ပြသည်။

“ကောင်းပြီ. . မင်းဘယ်လောက်လုပ်ပေးနိုင်မလဲ ဆိုတာတော့ ကြည့်ရမှာပေါ့၊ ငါ သစ်မွှေးလိုချင်တယ်၊ ဟိုးဘက်နားမှ သစ်မွှေးပင်ကြီးတစ်ပင် တွေ့ထားတယ်၊ သွားကြရအောင်”

ဟုပြောပြီး နီမောင်က ရှေ့မှထွက်လာသောအခါ ပေတလူကလည်း လူတစ်ယောက်လိုပင် နောက်မှလိုက်လာလေသည်။ ပေတလူ၏ အရွယ်အစားမှာ လူတစ်ယောက်ထက် နည်းနည်းပို၍ ထွားကျိုင်းသော်လည်း မသိလျှင်တော့



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်သွားလာနေသည်ဟု ထင်စရာရှိလေသည်။

ပထမတော့ နီမောင်စိတ်ထဲတွင် ပေတလူကို နောက်မှထား၍ လျှောက်နေရသည်ကိုပင် စိတ်မလုံသလို ဖြစ်မိသော် လည်း အတော်ကြာသည်အထိ မထူးခြားသော အခါမှ စိုးရိမ်စိတ် လျော့ပါးသွားသည်။

သူမှတ်သားထားသော သစ်မွှေးပင်ကြီးရှိသောနေ ရာရောက်တော့ သူမှာလွှမပါသောကြောင့် အခက်တွေ့ရ ပြန်လေသည်။

လူနှစ်ယောက်ရှိသော်လည်း ငမန်းစွယ်ဟုခေါ်သည် နှစ်ဖက်ဆွဲလွှမရှိလျှင် လှဲဖြတ်၍မရပေ။

ထိုသို့အခက်တွေ့နေစဉ်မှာ ပေတလူက ရှေ့သို့တိုး လာပြီး သစ်မွှေးပင်ကြီးကိုမော့ကြည့်ကာ ပြောသည်။

"မင်းလိုချင်တဲ့ သစ်မွှေးက ဒီသစ်ပင်ထဲမှာ မရှိဘူး"

"မင်းဘယ်လိုသိသလဲ"

"ငါကဝိဉာဉ်ပဲ. . ၊ ဝိဉာဉ်က အားလုံးမြင်နိုင်တယ် လေ၊ မင်း သစ်မွှေးလိုချင်ရင် ငါရှာပေးမယ်"

"သစ်ပင်ဘယ်နေရာမှာရှိတာရော သိသလား"

ခေါင်းညိတ်ပြပြီး ရှေ့မှလျှောက်သွားရာ နီမောင် လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ သူ့နောက်မှ လိုက်သွားရပေသည်။

တစ်နေရာရောက်တော့ ပေတလူကရပ်ပြီး သစ်ပင်





တစ်ပင်ကိုပြသည်။ ရှာဖွေတွေ့ရန်မလွယ်သော သစ်မွှေးပင် ဖြစ်ပေသည်။

"ဒီသစ်ပင်ထဲမှာမှ မင်းလိုချင်တဲ့ သစ်မွှေးတွေ အတုံး အခဲလိုက်ရှိနေတယ်"

ကြည့်လိုက်တော့ သစ်ပင်က သိပ်မကြီးပေ. . ။

ကပ်ပါးဖြင့် ခုတ်လှဲလျှင် အလွယ်တကူ လှဲ၍ရသော အရွယ်အစားလောက်သာ ရှိပေသည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ကပ်ပါးကိုပြင်ပြီး သစ်ပင်လှဲရန် ပြင်လေသည်။

"နီမောင် ကပ်ပါးငါ့ကိုပေး၊ ငါလှဲမယ်"

"ဖြစ်ပါ့မလား"

"ငါက မသေခင်က သစ်လှဲသမားတစ်ယောက်ကွ၊ နောက်မှ ကျားဆွဲခံရလို့ သေခဲ့ရတာ၊ အမျှအတန်းဝေပေး မယ့်သူမရှိလို့ ဝိဉာဉ်ဘဝနဲ့ လေလွင့်နေရတာ အတော်ကြာ ပါပြီ"

ထိုစကားကြားတော့ စိတ်မကောင်းဖြစ်သွားမိသည်။

သို့သော်လည်း ပေတလူလက်ထဲသို့ ကပ်ပါးထည့် ပေးလိုက်သည်။ ကပ်ပါးရသည်နှင့် ပေတလူက သစ်ပင်ကို စတင် ခုတ်လှဲလေတော့သည်။

ကပ်ပါးကိုင်တွယ်ပုံ၊ ခုတ်ပုံ၊ သစ်ပင်အနေအထား ကြည့်တတ်ပုံများကို ကြည့်ရုံနှင့်ပင် ကျွမ်းကျင်သော သစ်ခုတ်



www.burmeseclassic.com

www.burmeseclassic.com



သမားတစ်ယောက်ဖြစ်မှန်း သိသာလေသည်။

ထို့ပြင် ပေတလူမှာ သစ်သားဖြင့်ပန်းပုရုပ် ထုထားသည်ဆိုစေကာမူ သန်မာသော လူတစ်ယောက်ကဲ့သို့ပင် အလုပ်လုပ်နိုင်သောကြောင့် အံ့သြနေမိပေသည်။

အတန်ကြာတော့ သစ်ပင်က လဲကျသွားသည် နီမောင်က အပင်ခြေရင်းဘက်ကိုကြည့်တော့ သစ်မွှေးရှိသော အစအနမျှပင် မတွေ့ရပေ။

သစ်မွှေးအမြုတေရှိပါက အနီရောင်သမ်းနေတတ်သည်။ ပေတလူက သစ်ပင်အလယ်လောက်ကို ကပ်ပါးဖြင့် ထစ်ပြသည်။

"မင်းလိုချင်တဲ့ သစ်မွှေးက တခြားနေရာတွေမှာ မရှိဘူး၊ ဒီနေရာမှာရှိတယ်"

"မင်းက ဘယ်လိုသိတာလဲ"

နီမောင်က ထပ်မေးပြန်သည်။

"ငါကဝိညာဉ်လေကွာ ဝိညာဉ်က ဘယ်အရာမဆို မြင်ရတယ်"

ဟု ပြောသည်။

ထို့နောက် . . ပေတလူပြသောနေရာသို့ ကပ်ပါးဖြင့် ပိုင်းကြည့်ရာ အနီရောင်သမ်းနေသော သစ်မွှေးကို စတင်တွေ့ရသည်။ သစ်မွှေးကို ထိုနေရာမှာပင်မယူပဲ သစ်မွှေးရှိသော သစ်တုံးကို အိမ်ရောက်သည်အထိ ထမ်းယူသွားရ





ည်ဖြစ်သည်။ အိမ်ရောက်တော့ စူး၊ ဆောက် စသည်တို့ဖြင့် ်ဘ်ရှည်လက်ရှည် ထုတ်ယူရပေမည်။

သစ်မွှေးကိုထုတ်ယူရာတွင် သစ်မွှေးတုံးအပြင် ဓား ော ဆောက်စာများကိုလည်း လက်ဝါးလက်ဖိဟုခေါ်သော အပိုင်းအစများအဖြစ် ရောင်းရသည်။

နောက်ဆုံး ထင်းပေါက်ကလေးများကိုပင် သူ့စျေးနှင့် သု ရောင်းကြရသဖြင့် တောထဲမှာ ခွဲစိပ်မယူပဲ သစ်တုံးကို အိမ်ရောက်သည်အထိ သယ်ယူသွားပြီးမှ အေးအေးဆေး ဆေး ခွဲစိပ်ယူကြသည်။

သစ်တုံးကို ထမ်းယူရန်ပြင်တော့ ပေတလူက ပြောသည်။

"နီမောင် သစ်တုံးကို မင်းမထမ်းနဲ့ ငါးထမ်းယူခဲ့မယ်၊ ငါး မင်းကို တောစပ်ရောက်တဲ့အထိ လိုက်ပို့ပေးမယ်"

"ကျေးဇူးတင်ပါတယ်ကွာ၊ မင်းကိုရွာထဲခေါ်သွားလို့ ရရင် ငါခေါ်သွားပါတယ်"

နီမောင်က စိတ်ထဲ ရှိသည့်အတိုင်း ပြောလိုက်သည်။

"မရပါဘူးကွာ. . လိုက်ခဲ့လို့မဖြစ်ပါဘူး၊ မင်း နောက် ဘစ်ခေါက်လာရင်သာ ငါစားဖို့ အစားအသောက်တွေပို့ပြီး ည့်ခဲ့ပါ"

"အေး. . ထည့်ခဲ့မယ်၊ ဒီကနေ့ရတဲ့ သစ်မွှေးက မ ည်းဘူး၊ ငါတစ်ယောက်တည်းရှာရင် ဒီလောက်ရှောင်မှရ

www.burmeseclassic.com



မယ်၊ ဒီလောက်ရခဲ့တာ မင်းအကူအညီပေးလို့ရတာ၊ မင်းကျေးဇူးတွေ ငါ့အပေါ်မှာရှိတယ်၊ ငါ နောက်တစ်နေ့ အစားအသောက်တွေယူပြီး တစ်ခေါက်ပြန်လာခဲ့မယ်၊ ဒါထက် ငါပြန်လာရင် မင်းကို ဘယ်လိုရှာရမလဲ”

“မင်းရောက်လာရင်း ငါ့နာမည်ခေါ်လိုက်လေ။ ငါထွက်လာခဲ့ပါ့မယ်”


ဟုမှာလေသည်။

ထိုသို့ပြောရင်း လျှောက်လာကြရာ တောစပ်သို့ ပြန်ရောက်လာကြသည်။ ထိုနေရာရောက်တော့ ပေတလူထမ်းလာသော သစ်မွှေးတုံးကို နီမောင်က တစ်လှည့်ထမ်းပြီး ရွာဘက်သို့ ပြန်သွားလေတော့သည်။

ပေတလူကတော့ တောစပ်မှာရပ်လျက်သား ကျန်နေခဲ့လေသည်။ အတန်ကြာတော့မှ တောတွင်းသို့ ပြန်လှည့်ဝင်သွားလေတော့သည်။







# အခန်း [ ၉ ]

# ထမန်းနက်သချိုင်း

ကမ္ဘာပေါ်တွင် လူမျိုးအသီးသီးရှိကြရာ ၎င်းတို့သေဆုံးသောအခါ လူမျိုးတို့၏ ဓလေ့ထုံးစံအတိုင်း အလောင်းကိုသင်္ဂြိုလ်ကြသည်။ အချို့က မြေမြှုပ်သည်။ အချို့ကျတော့ ရေမျှောသည်။ အချို့က မီးဖြင့်သင်္ဂြိုလ်ပြီး၊ တိဗက်များကတော့ လူတစ်ယောက်သေသောအခါ ဓားဖြင့်အပိုင်းပိုင်းအတစ်စစ်ဖြတ်တောက်ကာ လင်းတစာကျွေးခြင်းဖြင့် အလောင်းကို

www.burmeseclassic.com



ဖျောက်ဖျက်ကြလေသည်။ ခု ခေတ်မီတိုးတက်သည့်အချိန်ကာလရောက်သောအခါမှာတော့ မည်သို့မည်ပုံ သင်္ဂြိုလ်ကြသည်မသိရသော်လည်း ရှေးအခါကတော့ အလောင်းကို ဖျက်ဆီးပြီး လင်းတစာကျွေးခြင်းဖြင့် သင်္ဂြိုလ်ကြသည်။

အချို့နေရာများမှာတော့ ကျောက်တောင်နံရံများတွင် အလောင်းတစ်လောင်းထည့်လောက်အောင် အပေါက်ဖောက်ကာ အလောင်းကို ထိုအထဲထည့်သွင်း၍ အပြင်မှ ကျောက်တုံးဖြင့် ပြန်ပိတ်ထားသည်။

အချို့နေရာများမှာတော့ ကျောက်တလားကြီးများဖြင့်ထည့်ကာ ကျောက်တောင်နံရံများ၌ ချိတ်ဆွဲ၍သော်လည်းကောင်း၊ တင်၍သော်လည်းကောင်း ထားကြသည်။

အချို့ကတော့အလောင်းကို တောထဲ၌ စင်ထိုးပြီး တင်ထားကြသည်။ တစ်ပတ်တစ်ခါလောက် ထိုနေရာသို့သွားကာ နာမည်ခေါ်ပေးရသည်မျိုးလည်းရှိ၏။

မြန်မာနိုင်ငံနယ်နိမိတ်အတွင်းမှာရှိသော လူမျိုးအချို့ကတော့ 'လူသေရွာ' ရှိသည်ဟု ယုံကြည်ကြပြီး လူသေရွာနှင့်ပတ်သက်သော သင်္ဂြိုလ်မှုပြုလုပ်ကြသည်မျိုးလည်း ရှိကြပေသည်။

("Most Fascinating Tombs in the World" by Ahsan Mukhtar) မှ ကောက်နုတ်၍---ကမ္ဘာပေါ်ရှိ ထူးခြားထင်ရှား ဂူသင်္ချိုင်းဗိမာန်များကို အကျဉ်းမျှဖော်ပြပါမည်။





လူသားတို့၏ မြို့ပြအဖွဲ့အစည်းသမိုင်းစဉ်တွင် ကွဲပြားခြားနားသော ယဉ်ကျေးမှုဖြစ်စဉ်များ၊ ကွဲပြားခြားနားသော သေဆုံးခြင်းများ ရှိခဲ့ကြသည်။

အချို့သော တိဘက်ဗုဒ္ဓဘာသာဝင်များ၏ ထုံးတမ်းခလေ့အရမူ သေဆုံးသွားပြီဖြစ်သော အလောင်းကောင်ကို တိရိစ္ဆာန်အစာအဖြစ် အသုံးပြုခြင်း (ကျွေးခြင်း) သို့မဟုတ် မီးရှို့ခြင်းများ ပြုလုပ်တတ်ကြသည်။

များစွာသောယဉ်ကျေးမှုဖြစ်စဉ်များတွင်မူ သေဆုံးသူအား မြှုပ်နှံသင်္ဂြိုလ်လေ့ရှိကြသည်။ တစ်ခါတစ်ရံတွင်မူ ယင်းသေသူ၏အလောင်းအား ဂူသွင်းသင်္ဂြိုလ်မှုပြုကြသည်။ မြေအောက်ခန်းကဲ့သို့သော နေရာနှင့် သင်္ချိုင်းဂူကဲ့သို့သော အထိမ်းအမှတ်မျိုး ပြုလုပ်ထားလေ့ရှိကြသည်။


သို့ဖြစ်၍ကမ္ဘာပေါ်ရှိ ထူးခြားထင်ရှားအုတ်ဂူများ၊ သမိုင်းမတင်မီခေတ်ကတည်းက မြှုပ်နှံပြီးခဲ့သော အုတ်ဂူများ၊ ခမ်းနားကြီးကျယ်သော သင်္ချိုင်းဂူဗိမာန်များကို ဖော်ပြရခြင်းဖြစ်သည်။

**ကာပူချင်း**(Capuchin) **ဂူသင်္ချိုင်းဗိမာန်**

ကာပူချင်းဘုန်းတော်ကြီးများ သေဆုံးသည့်အခါ ၎င်းတို့၏ အလောင်းကောင်ကိုထားရှိရာ နေရာဖြစ်သည်။ ကျန်ရစ်သူများသည် ယင်းလူသေအလောင်းများကို မြှုပ်နှံပြီးနောက်

www.burmeseclassic.com












သေသူ၏အဝတ်အစားများကို နေ့စဉ်နေ့တိုင်း ပြောင်းလဲကာ ဘုန်းတော်ကြီးကျောင်း နံရံဘေးတွင် ခင်းကျင်းပြသထားလေ့ရှိသည်။

နောက်ဆုံးသေဆုံးခဲ့သော ဘုန်းကြီးမှာ(၁၈၀၀) ပြည့်နှစ်က မြှုပ်နှံခဲ့ပြီး ကာပူချင်းဘုန်းတော်ကြီးကျောင်းနံရံတွင် မံမီရုပ်အလောင်းပေါင်း (၈၀၀၀)ကို ရေးဆွဲထားသည်။

## ပါရီမြို့က ရှုသချိုင်းစီမာန်များ

(၁၇၀၀)ပြည့်နှစ် နောက်ဆုံးကာလက ပါရီမြို့သည် ပြင်းထန်သောရောဂါဝေဒနာကြောင့် လူအများသေကျေပျက်စီးကြရာ မသင့်လျော်သော မြှုပ်နှံမှုများနှင့် ဝတ်ကျောင်း





www.burmeseclassic.com

www.burmeseclassic.com




တော်သင်္ချိုင်းဖြစ်ခဲ့ရသည်။

ဒေသတွင်းရှိ လုပ်ပိုင်းခွင့်ရှိသောသူများကမူ သေသူ၏ ထောင်ပေါင်းများစွာသော အရိုးများကို မြေအောက်ခန်းတစ်နေရာသို့ ရွှေ့ပြောင်းထားရှိရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။

**ဂီဇာနက်ခရိုပိုလီ** (Giza Necropolis)

ဂီဇာနက် ခရိုပိုလီသည် အီဂျစ်နိုင်ငံက ပိရမစ် (Pyramid) အဆောက်အအုံပေါင်း (၁၀၀)ကျော်ရှိသော ဂူသင်္ချိုင်း ဗိမာန်ကြီးဖြစ်သည်။

ကိုင်ရို (Cairo)မြို့ရှိ ယင်းဂူသင်္ချိုင်းစုဆောင်းနေရာသည် ကမ္ဘာ့အကြီးဆုံး ဂူသင်္ချိုင်းနှင့် အကျော်ကြားဆုံးနေရာ







လည်း ဖြစ်လေသည်။ ဂီဇာဒေသ၏ အကြီးမားဆုံး ဂူသင်္ချိုင်းဖြစ်သည်သာမက အီဂျစ်ဖာရိုးဘုရင် ခူဖူး(Khufu) သို့မဟုတ် ချီးအော့(ပ)(စ)(Cheops)၏ ဂူသင်္ချိုင်းလည်းဖြစ်သည်။

**နယူးဂရန့်** (Newgrange)**ဒေသက ဂူသင်္ချိုင်း**

အိုင်ယာလန်နိုင်ငံရှိ နယူးဂရန့်ဒေသရှိ တောင်ကုန်းလေးပေါ်တွင် ဂူသင်္ချိုင်းတစ်ခုတည့်ရှိသည်။ ယင်းဂူသင်္ချိုင်းသည် သမိုင်းမတိုင်ခင်ခေတ်ကတည်းက လွန်စွာထင်ရှားကျော်ကြားခဲ့သော ဂူသင်္ချိုင်းတစ်ခုဖြစ်ခဲ့ပြီး (ဘီစီ-၃၃၀၀)-(ဘီစီ-၂၉၀၀)အတွင်းက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့သက်တမ်းအရှည်ဆုံး ဂူသင်္ချိုင်းများအနက် တစ်ခုအပါအဝင် ဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com



**တာ့[ဂျ]မဟာ[လ]**(TajMahal)**ဂူသင်္ချိုင်းဗိမာန်**

အိန္ဒိယနိုင်ငံတွင် ခရစ်နှစ် (၁၆၃၁)ခုနှစ်က Mughal Emperor ဖြစ်သူ ရှက်(ရှ)ဂျဟန်း(Shah Jahan) သည် အချစ်ဂူသင်္ချိုင်းဗိမာန်ကြီးဖြစ်သော တာ့(ဂျ)မဟာ(လ)ကို တည်ဆောက်ခဲ့သည်။ ဘုရင်သည် ယင်း၏ မိဖုရားဖြစ်သူ Mumtaz Mahal က ကလေးမီးဖွားရင်း ကွယ်လွန်သွားရာ ယင်းမိဖုရားအထိမ်းမှတ် အဆောက်အအုံကို အလှပဆုံးနှင့် အခမ်းနားဆုံး ဂူသင်္ချိုင်းတစ်ခုကို တည်ဆောက်ရန် အမိန့် ထုတ်ပြန်ခဲ့သည်။







**ဆတ်[ဒ]လက်**(Sedlec)**ဂူသင်္ချိုင်းဗိမာန်**

ချက်ရီပတ်ဗလစ်(Czech Republic) နိုင်ငံ၌ တည်ရှိသည့် ဆတ်(ဒ)လက်သည် လူအရိုးစုပေါင်း (၄၀၀၀၀)ကို ထိန်းသိမ်းထားရှိရာ ဂူသင်္ချိုင်းကြီးဖြစ်ပြီး အနုပညာဆန်ဆန် ခင်းကျင်းစီစဉ်ထားရှိသည်။



**တာနာတိုရာဂျ**(Tana Toraja)**ဂူသင်္ချိုင်း**


တာနာတိုရာဂျဂူသင်္ချိုင်းမှာ သေသူများအတွက် မြှုပ်နှံရာနေရာဖြစ်သည်။ လူကြီးလူကောင်းများ၏ အရိုးများထားရှိရန် စင်များကိုပြုလုပ်ထားပြီး တစ်ချို့အရိုးများကို စီးကရက်စွပ်တံနှင့် အခြားသော လုပ်ငန်းများအတွက် ပြန်လည်အသုံးချတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com






**တာရာကိုတာစစ်တပ်ကြီး**

(၁၉၇၁)ခုနှစ်က တရုတ်နိုင်ငံ၊ ဆီအန်း(Xi'an) မြို့မှ ဒေသခံလယ်သမားများသည် မြေကြီးအောက်ကစစ်တပ်ကြီးကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ယင်းမြေကြီးအောက်က စစ်တပ်ကြီးကို ရေများဖြင့် ဆေးကြောလိုက်သည့်အခါ စစ်တပ်အခင်းအကျင်းကြီးတစ်ခုသဖွယ် အုံသြဖွယ်ရာတွေ့မြင်ကြရသည်။

ယင်းစစ်သည်များသည် တရုတ်နိုင်ငံ၏ ပထမဆုံးအင်ပါယာကို တည်ထောင်သူကွင် (Qin) မင်းဆက်က ရှီဟွမ်တီ(Shi Huangdi) လက်ထက်တွင် ပေါ်ထွက်ခဲ့သော စစ်တပ်အခင်း အကျင်းဖြစ်ပြီး လယ်သမားများသည် မမျှော်လင့်ဘဲ တူးဆွမိရာမှ တွေ့ရှိကြခြင်းဖြစ်လေသည်။







**ဝ၀်(တ)မင်စတာ**(Westminster)**သီလရှင်ကျောင်း**

ယူနိုက်တက်ကင်းဒမ်း၊ လန်ဒန်မြို့ရှိ ဝပ်(တ)မင်စတာ(Westminster) သီလရှင်ကျောင်းမှာ (၁၀)ရာစုအတွင်း





www.burmeseclassic.com

www.burmeseclassic.com



က ခရစ်ယာန်ဘုန်းတော်ကြီးများက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဂေါသစ်(Gothic = ရောမအင်ပါယာကြီးကို တိုက်ခိုက်သော ဂျာမန်မျိုးနွယ်များ) ဝတ်ပြုကျောင်း (ဘုရားရှိခိုးကျောင်း) ဖြစ်သည်။

အင်္ဂလိပ်များအတွက် တော်ဝင်ဝတ်ပြုကျောင်းလည်းဖြစ်သည်သာမက လူသားတို့အတွက် နောက်ဆုံးလဲလျောင်းရာနေရာလည်းဖြစ်သည်။

**ဘုရင်တို့၏ ဂူသင်္ချိုင်းများ**

(၁၉၂၂)ခုနှစ်က အီဂျစ်ဘုရင်တူတန်ခမန် (Tutankhamun)၏ ဂူသင်္ချိုင်းကို တူးဖော်ဖွင့်ကြည့်ရာမှ အီဂျစ်ဘုရင်များ၏ ဂူသင်္ချိုင်းအစုများကို ရှာဖွေတွေ့ရှိကြရသည်။

ယင်းဂူသင်္ချိုင်းတွင် "သေခြင်းတရားသည် သင့်ထံသို့ အတောင်ပံတစ်စုံနှင့်အတူ လာ၏။ ယင်းသည် သင်၏ငြိမ်း







ချမ်းခြင်း သို့မဟုတ် ဘုရင်တစ်ပါး၏ ငြိမ်သက်ခြင်းကို ဖျက်ဆီးခြင်းမည်၏" ဟုသတိပေးကာ ရေးသားဖော်ပြထားသည်။

အထက်ပါ သက်ဆိုင်ရာ ဓာတ်ပုံများနှင့် ရေးသားဖော်ပြပေးခဲ့သော သင်္ချိုင်းဂူများမှာ လူသိများထင်ရှားသော သင်္ချိုင်းဂူများပင်ဖြစ်ကြပေသည်။

ထို့ပြင်အခြား နေရာအနှံ့အပြားမှာလည်း မရေမတွက်နိုင်သော သင်္ချိုင်းဂူများစွာတို့ ရှိနေကြပေသေးသည်။

ရှေ့၌ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း မြန်မာနိုင်ငံအတွင်းမှာလည်း သူ့နေရာနှင့်သူ သင်္ချိုင်းဂူများရှိနေကြပေသည်။ ထိုသင်္ချိုင်းဂူများထဲတွင် ထမန်းမျိုးနွယ်တို့၏ သင်္ချိုင်းဂူလည်း တစ်နေရာပါဝင်ပေလိမ့်မည်။

ထိုသင်္ချိုင်းဂူနှင့် ပတ်သက်သော ထူးခြားမှုအချို့ကိုလည်း ရေးသားဖော်ပြပေးရပေမည်။

ထမန်းသင်္ချိုင်းကို ထမန်းနက်သင်္ချိုင်းဟုခေါ်ဝေါ်ကြသည်။ ၎င်းသင်္ချိုင်းမှာ ထမန်းမျိုးနွယ်များ (လူများကျားအသွင်ပြောင်းလဲနိုင်သည်)သာ မြှုပ်နှံသောသင်္ချိုင်းဖြစ်ပြီး ထိုသင်္ချိုင်းသို့သွားပါက တစ်ကိုယ်လုံး အဝတ်နက်များခြုံသွားကြရသောကြောင့်ဖြစ်သည်။

၎င်းတို့အယူအဆမှာ သင်္ချိုင်းသို့သွားသည့်အခါ မျက်နှာကို အဝတ်မည်းဖုံးအုပ်သွားရခြင်းမှာ ၎င်းတို့မျက်နှာကို အခြားသူများ မမြင်စေရန်သော်လည်းကောင်း၊ သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး သူတို့၏ ဝိညာဉ်များမမြင်စေလိုသဖြင့်လည်းကောင်း၊ နောက်တစ်ခုက သချိုင်းစောင့်သရဲက ၎င်းတို့မျက်နှာကို မမြင်တွေ့စေလိုသောကြောင့်ပင် ဖြစ်ပေသည်။

အခြားသူများ မမြင်တွေ့စေလိုသည်မှာ စုန်းမများကို လူသိမည်စိုးသကဲ့သို့ ၎င်းတို့ကို ထမန်းမျိုးနွယ်မှန် အခြားသူများ မသိကြစေလိုသောကြောင့်ဖြစ်သည်။

သေဆုံးခဲ့ပြီးသော ဝိညာဉ်များ မမြင်တွေ့စေလိုခြင်းမှာ ဝမ်းနည်းပူဆွေးမှုများဖြစ်မည် စိုးသောကြောင့်ပင်၊ သချိုင်းစောင့်သရဲ မမြင်တွေ့စေလိုခြင်းမှာ မျက်နှာကိုမြင်ပြီး မှတ်မိသွားပါက လာရောက်ခေါ်မည်ကို စိုးသောကြောင့် သချိုင်းသို့သွားသောအခါ မျက်နှာနှင့်ကိုယ်ပေါ်သို့ အဝတ်နက်များဖုံးအုပ်ကာ သွားလာကြခြင်းဖြစ်ကြပေသည်။

ထိုအချက်များအပြင် အခြားအချက်များလည်းရှိပေသေး၏။ အခြားတော့မဟုတ်ပေ။

အလောင်းများထားသော ထမန်းနက်သချိုင်းအတွင်းမှာ လူအသွင်မှ ကျားအသွင်ပြောင်းစေနိုင်သည့် ရှေးဟောင်းမှတ်တမ်းများရှိကြလေသည်။

ထိုမှတ်တမ်းများကိုတော့ ထမန်းမျိုးနွယ်ခေါင်းဆောင်များသာသိကြပြီး အခြားသူများ မကြည့်ကြရပေ . ။

ထိုမှတ်တမ်းများရှိသောကြောင့် ထမန်းနက်သချိုင်း၌ အစောင့်တစ်ဦးထားကာ အခြားသူများ ဝင်ခွင့်မပေးပေ။





အကယ်၍ ၎င်းတို့မသိအောင် ခိုးကြောင်ခိုးဝှက်ဝင်ပါကလည်း ပြန်ထွက်လာနိုင်သူမရှိကြပေ။ သချိုင်းဂူအတွင်းမှာပင် ဘေးအန္တရာယ်နှင့်တွေ့ သေကြေပျက်စီးကြရသည်။

သို့ကြောင့် မည်သူမှ မဝင်ဝံ့ကြပေ။

ထမန်းမျိုးနွယ်သေဆုံးလျှင် သာမန်သူသဿန်မှာ မြေမမြှုပ်ပဲ ထမန်းနက်သချိုင်းအထိ သယ်ဆောင်လာပြီးမှ ကျောက်ဂူအတွင်းမှာထားကြလေသည်။

ထို့ပြင် အခြားသာမန်လူများက ညနေပိုင်းအချိန်တွင် အလောင်းသဂြိုလ်သောအလုပ်ကို မလုပ်ဝံ့ကြပေ။

နေဝင်ရီတရောအချိန်တွင် အလောင်းကိုသဂြိုလ်ပါက ဖုတ်ဝင်တတ်သောကြောင့်ပင်ဖြစ်လေသည်။

ထမန်းမျိုးနွယ်များကတော့ အခြားအချိန်တွင် အလောင်းမသဂြိုလ်ပဲ ညနေစောင်း နေဝင်ရီတရောအချိန်၊ သို့မဟုတ် ညဦးပိုင်းအချိန်ရောက်မှ သချိုင်းဂူရှိရာသို့ သယ်ဆောင်သွားကြပြီး သဂြိုလ်ကြလေသည်။






www.burmeseclassic.com

www.burmeseclassic.com







# အခန်း [ ၁၀ ]
# ဖုတ်ဝင်နေသော သမန်းကျား

အချိန်က နေဝင်ရီတရောအချိန် ရောက်နေပေပြီ။ နေဝင်သွားပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် အလင်းရောင်မရှိသလောက် နည်းသွားပေပြီ။

သို့သော် တစွန်းတစကျန်နေသေးသော ဆည်းဆာရောင်များကြောင့် အတန်အသင့်တော့ မြင်နိုင်ပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မျိုး ရောက်လာပြီဆိုလျှင် ထိုနေရာတစ်ဝိုက်တွင်ရှိကြသော ရွာများ၌ နေကြသူအတော်များများက အပြင်မထွက်သလောက် နည်းကြလေသည်။

အဘယ်ကြောင့်ဆိုသော် ရွာများနှင့် တဆက်တစပ်တည်းရှိသော တောများအတွင်းမှ တောကောင်ကြီးများ ဆင်းလာကြကာ လူနှင့်တိရစ္ဆာန်တို့ကို ဝင်ဆွဲတတ်ကြသောကြောင့်ဖြစ်ပေသည်။

ထိုအချိန်ရောက်တော့မှ ထမံသီရွာအနောက်ဘက်သို့ သွားသောလမ်းပေါ်တွင် လူတစ်စုသွားနေကြလေသည်။

စုစုပေါင်း (၉)ယောက်ခန့်ရှိပြီး အားလုံးအဝတ်နက်ကြီးများခြုံထားကြလေသည်။ ရှေ့ဆုံးမှ ဦးဆောင်ပြီးသွားနေသူမှာ အမျိုးသမီးတစ်ယောက်ဖြစ်သည်။ မျက်နှာမမြင်ရသော်လည်း အသက်အရွယ်က မကြီးသေးပေ။

သူနောက်မှာလည်း အသက်ကြီးသူရော ငယ်သူပါ မိန်းမလေးယောက် ပါသေးသည်။ ၄င်းတို့လက်ထဲတွင် မီးတုတ်များကိုင်ထားကြရာ ထိုအလင်းရောင်နှင့်ပင် လမ်းကိုမြင်ကြရသည်။

အခြားနေရာမှ လှမ်းကြည့်လျှင်တော့ အချိန်မတော်မှ ကျတ်များ အိမ်ပြောင်း၊ ရွာပြောင်းလုပ်နေကြသည်ဟုပင် ထင်ကြပေလိမ့်မည်။

မိန်းမငါးယောက်နောက်မှာတော့ ယောကျ်ားကြီး





လေးယောက်ပါလာကြသည်။ ၄င်းတို့ကတော့ အဝတ်နက်ဖုံးထားသည့် အလောင်းတစ်လောင်းကို ဝါးကပ်ပေါ်တင်ကာ လေးယောက်ထမ်းလာကြခြင်းဖြစ်သည်။

ထိုနယ်မှာ အနေကြာသူများကတော့ ထိုမြင်ကွင်းကို လှမ်းမြင်သည်နှင့် ထမန်းမျိုးနွယ်များ အလောင်းသယ်လာကြခြင်းဖြစ်သည်ကို သိကြပေသည်။ ထိုမြင်ကွင်းမျိုးတွေ့လျှင် မည်သူမှ အနားမသွားဝံ့ကြပဲ အဝေးမှ ရှောင်တိမ်းသွားလေ့ရှိကြသည်။

ထမန်းမျိုးနွယ်များကတော့ မည်သူ့ကိုမှလည်း ဂရုမစိုက်။ မည်သည့်တောတိရစ္ဆာန်တို့ကိုမှလည်း မကြောက်ရွံ့ပဲ မီးတုတ်များကိုကိုင်ကာ ထမန်းနက်သချိုင်းရှိရာသို့ ဦးတည်သွားနေကြလေသည်။

အလောင်းသယ်လာသော အဖွဲ့မှာ ရွာအပြင်ဘက်မှာရှိသော လယ်ကွင်းများကိုကျော်သွားသောအခါ တောတွင်းသို့ ရောက်သွားကြသည်။ ညအချိန်ရောက်တော့မှ မီးရောင်တထိန်ထိန်နှင့် တောထဲလာသူများကိုတော့ ညအချိန်ရောက်မှ အစာရှာထွက်လာကြသည့် တောကောင်ကြီးများက မြင်တွေ့ကြသည်။

သို့သော် ရန်မူဖို့မဆိုထားနှင့်၊ အနားပင်မကပ်ဝံ့ကြပေ။ တွေ့သည်နှင့် အဝေးသို့ရှောင်သွားကြသည်။

တောတွင်းသို့ရောက်သည်နှင့် တောလမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သွားကြရာ ကျောက်တောင်တစ်ခုသို့ရောက်သောအခါ အပေါ်သို့ တက်သွားကြသည်။ နောက်ဆုံးတော့ ကျောက်ဂူပေါက်ဝတစ်ခုသို့ ရောက်သွားကြသည်။

၄င်းတို့ရောက်လာတော့ ဂူအတွင်းမှ မီးတုတ်ကိုင်ထားသော လူကြီးတစ်ယောက်ထွက်လာကာ ရှေ့ဆုံးမှရပ်နေသည့် အမျိုးသမီးကို ဦးညွှတ်ပြီး အရိုအသေပေးလိုက်လေသည်။

ထိုလူကြီးမှာလည်း အဝတ်မည်းကြီးတစ်ထည်ကို ဦးခေါင်းပေါ်မှာ ခြုံထားလေသည်။

"အလောင်းသင်္ဂြိုလ်ဖို့ပါတယ်၊ ဂူထဲသွားကြရအောင်"

ဟု အမျိုးသမီးကပြောတော့ ခေါင်းညိတ်ပြကာ နောက်သို့ ပြန်လည်ဝင်သွားလေရာ ကျန်လူကိုးယောက်ကလည်း နောက်မှလိုက်သွားကြလေသည်။

ဂူမှာကျောက်ဂူအမျိုးအစားဖြစ်ပြီး အတွင်း၌ အတော်ပင်ကျယ်လေသည်။ သို့သော်လည်း ထူးထူးခြားခြားတော့ ဘာမှမရှိပေ။ လူသွားလာရန်လမ်းများပြုလုပ်ထားသော်လည်း အခြားနေရာများမှာတော့ ကျောက်တုံးကျောက်ချွန်များသာရှိသည်။

ထို့ပြင် မီးရောင်ရောက်နိုင်လောက်သည့်နေရာများလောက်သာ အလင်းရောင်ရပြီး အခြားနေရာများမှာတော့ အမှောင်ရိပ်များသာရှိပေသည်။





အလောင်းသယ်ယူလာသော လူတစ်စုသည် ထိုဂူအတွင်းသို့ရောက်သောအခါ ကျောက်တံခါးတစ်ချပ်ဖြင့်ပိတ်ထားသော ဂူပေါက်ဝသို့ရောက်သွားကြသည်။

ထိုနေရာရောက်တော့ ရှေ့ဆုံးမှသွားသော အဘိုးကြီးက ဂါထာမန္တာန်အချို့ကို ခတ်တိုးတိုးရွတ်ဆိုပြီးနောက် ကျောက်တံခါးကို လက်ဖြင့်တွန်းလိုက်ရာ တကျိကျိဖြင့်ပွင့်သွားလေတော့သည်။

ထိုအပေါက်မှ အတွင်းသို့ဝင်သွားကြသည်။ ထိုနေရာသည် ထမန်းလူမျိုးတို့သေလျှင် လာရောက်မြှုပ်ကြသည့် ထမန်းနက်သချိုင်းပင်ဖြစ်၏။

အတွင်းမှာတော့ ကျောက်စင်များပေါ်မှာတင်ထားသော အလောင်းများရှိနေကြသည်။ အတော်များများကတော့ အရိုးစုဘဝ ရောက်နေကြပြီဖြစ်ပေသည်။

အချို့အရိုးများက ပုံမပျက်ရှိနေသေးသော်လည်း အချို့အရိုးများကတော့ ပြုတ်ထွက်နေကြလေပြီ။

ထူးဆန်းသောအချက်မှာ အချို့အရိုးစုများမှာ လူတစ်ယောက်၏အရိုးစုဖြစ်သော်လည်း အချို့အရိုးစုများကတော့ လူတစ်ပိုင်းကျားတစ်ပိုင်းအရိုးစုပင်ဖြစ်သည်။ ထိုအထဲတွင် ကျားအရိုးစုအချို့လည်းရှိနေသည်။

ထမန်းနက်သင်္ချိုင်းမှာ ရှေးနှစ်ပေါင်းများစွာကပင်ရှိနေသော သင်္ချိုင်းဟောင်းကြီးတစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသင်္ချိုင်းတွင် အခြားသူများ လာရောက်သင်္ဂြိုလ်လေ့မရှိကြပဲ ထမန်းမျိုးနွယ်များ သေဆုံးသောအခါမှသာ လာရောက်သင်္ဂြိုလ်လေ့ရှိသည်။

လူအဖြစ်နှင့်သော်လည်းကောင်း၊ လူတစ်ပိုင်း ကျားတစ်ပိုင်းဘဝနှင့် သေလျှင်လည်းကောင်း၊ ဒါမှမဟုတ် ကျားအသွင်ပြောင်းထားခိုက်မှာ သေဆုံးခဲ့လျှင်သော်လည်းကောင်း ထိုသင်္ချိုင်းသို့ သယ်ယူလာပြီး အလောင်းကိုလျှို့ဝှက်စွာ ထားကြသည်။

လျှို့ဝှက်ထားသော သင်္ချိုင်းဖြစ်သောကြောင့် အခြားသူများမဝင်ကြရပေ၊ အကယ်၍ ဝင်မိလျှင်လည်း အသက်ရှင်လျက်နှင့် ပြန်ထွက်ခွင့်မရကြပေ။

အလောင်းသယ်လာသူများ ဂူအတွင်းသို့ရောက်သော် အတွင်းဘက်အမှောင်ရိပ်ထဲမှ ကျားဟိန်းသံနှင့် မာန်ဖီသံများ ပေါ်ထွက်လာသည်။

ထို့ကြောင့် ဝင်သွားသူများမှာ ခြေလှမ်းတုံ့သွားကြလေသည်။ ကျားကိုကြောက်၍ ရပ်သွားခြင်းမဟုတ်ပဲ ထူးခြားသောအခြေအနေကြောင့် ရပ်တုံ့သွားကာ အကဲခတ်ကြည့်လိုက်ခြင်းဖြစ်ပေသည်။

ရှေ့ဆုံးမှ ခေါင်းဆောင်အဖြစ်လာသူ အမျိုးသမီးစိတ်ထဲ၌မူ ယခုလာသူများထဲမှာ ထမန်းမျိုးနွယ်မဟုတ်သူတစ်ယောက် ပါလာသည်ကို သိလိုက်သည်။





သို့သော် ဘာမှတော့ ထွေထွေထူးထူး မပြောပေ။

လာသည့်လူများကလည်း အဝတ်နက်များကို ခေါင်းပေါ်မှာခြုံထားသောကြောင့် မျက်နှာများကို မမြင်ရပေ။

ထို့နောက်မှာတော့ သယ်ယူလာသော အလောင်းကို အတွင်းပိုင်းသို့သယ်ယူသွားပြီး လွတ်နေသော ကျောက်စင်တစ်ခုပေါ်သို့ တင်လိုက်သည်။ နေသာ့တကျဖြစ်သွားသောအခါမှာတော့ ၄င်းတို့ဓလေ့ဘာသာစကားဖြင့် ထုံးစံရှိသည့်အတိုင်း ဆုတောင်းသမှုပြုပေးကြသည်။

ထိုအချိန်ထိ အမှောင့်ထဲမှ ကျားမာန်ဖီသံများက ပေါ်ထွက်နေဆဲပင်ရှိသေး၏။

ထို့ပြင် အမှောင်ရိပ်များထဲမှ နီရဲနေသည့် မျက်လုံးများဖြင့်ကြည့်နေလေသည်။

အချိန်ကလည်း ညဦးပိုင်းအချိန်ပင် ကျော်စပြုနေချေပြီ။ ထိုအချိန်၊ ထိုအခြေအနေမျိုးတွင် သာမန်လူတစ်ယောက်သာဆိုလျှင် ကြောက်လွန်းသဖြင့် နှလုံးသွေးရပ်ကာ သေသွားနိုင်သည်။ ထမန်းမျိုးနွယ်များကတော့ မကြောက်ပေ။

ကျားမာန်ဖီနေသောအသံကို ကြားနေရသော်လည်း ကြောင်တစ်ကောင်အော်သံ ကြားရသကဲ့သို့ပင် အေးအေးဆေးဆေးရှိနေကြကာ သူတို့အလုပ် သူတို့လုပ်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းထားခြင်း၊ ဆုတောင်းပေးခြင်းများ ပြီးတော့မှ သင်္ချိုင်းဂူအတွင်းမှ ပြန်ထွက်ရန် ပြင်ကြလေသည်။

သို့သော် ချက်ခြင်းမထွက်သေးပဲ တစ်နေရာမှာ ရပ်၍ ခေါင်းဆောင်အမျိုးသမီးက လေသံမာမာဖြင့် ပြောလိုက်လေသည်။

“ဒီအထဲမှာ လူစိမ်းတစ်ယောက်ပါလာတယ်”

ထိုစကားကြောင့် ဂူအတွင်းမှာ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ တကီးကီးတဂဲဂဲနှင့် ကြားနေရသော ကျားဟိန်းသံလည်း ရပ်တံ့သွားသည်။

ယောကျ်ားလေးယောက်နှင့် မိန်းမလေးယောက်တို့ကတော့ ငြိမ်သက်စွာရပ်နေကြသည်။ သင်္ချိုင်းစောင့်သော အဘိုးကြီးကတော့ မနီးမဝေးမှာရပ်နေသည်။

ခေါင်းဆောင်အမျိုးသမီးက ရပ်နေသူများကို တစ်ယောက်ချင်း လိုက်ကြည့်နေသည်။ တစ်နေရာရောက်တော့ လူတစ်ယောက်ရှေ့မှာ ရပ်လိုက်သည်။

“ထမန်းမျိုးနွယ်မဟုတ်ပဲ လိုက်လာတာ နင်မဟုတ်လား”

ထိုသို့မေးသော်လည်း ဘာမှပြန်မပြောပဲ ငြိမ်နေသည်။

“မှန်မှန်ပြောစမ်း နင်ကဘယ်သူလဲ”

မပြောပေ. .။





“နင် မှန်တာပြောရင် အသက်ချမ်းသာခွင့်ပေးမယ်၊ နင်ဘယ်သူလဲ”

“ငါ့နာမည် ဖိုးတေ. . .”

ထိုလူက လေသံမာမာနှင့်ဝင်ပြောလိုက်သည်။

“နင်ဘာကြောင့် ဒီအထဲလိုက်လာတာလဲ”

“ငါ့ဆရာလွှတ်လိုက်လို့လာတာ”

“နင့်ဆရာကဘယ်သူလဲ”

“ဆရာသာဂရ လို့ခေါ်တယ်၊ သူက တဇုန်းရွာမှာရှိတယ်”

“နင့်ဆရာနေတဲ့နေရာကို ငါမသိချင်ပါဘူး၊ နင့်ဆရာက ဘာကြောင့်ဒီနေရာကို လွှတ်လိုက်တယ်ဆိုတာပဲပြောပါ”

“သင်္ချိုင်းဂူထဲမှာ နင်တို့မှတ်တမ်းတွေထားတယ်ဆိုတာ သူသိတယ်၊ အဲဒါတွေကိုလိုချင်လို့ ငါ့ကိုလွှတ်လိုက်တာ”

ဟုပြောလေသည်။

“ကောင်းပြီလေ နင်က အမှန်အတိုင်းပြောပြမှတော့ ငါဘက်ကပေးထားတဲ့ကတိအတိုင်း နင့်ကိုမသတ်ပါဘူး၊ ဒီဂူထဲမှာ ငါတို့ရဲ့မှတ်တမ်းတွေရှိတယ် ဆိုတာသိရင် နင့်အစွမ်းအစနဲ့ တွေ့အောင်ရှာယူပေတော့”

ဟုပြောဆိုကာ ဖိုးတေဆိုသူကို ဂူထဲမှာတစ်ယောက်တည်းထားခဲ့ပြီး ကျန်လူများက အပြင်သို့ပြန်ထွက်ကာ ကျောက်တံခါးကိုပြန်ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပိတ်လိုက်သည်ကတစ်ကြောင်း၊ မီးရောင်မရှိတော့သည်ကတစ်ကြောင်းကြောင့် ဂူအတွင်းမှာ မှောင်မည်းသွားလေသည်။

ထိုအခါ ဂူထဲမှာ ကျန်နေသူက ခေါင်းပေါ်မှာ စွပ်ထားသောအဝတ်ကို ဖယ်လိုက်လေသည်။ ဒီတော့မှ အသက်ဝအောင် ရှူနိုင်လေတော့သည်။

ထိုသူမှာ အသက်(၃၀)ကျော်အရွယ်လောက်သာရှိသေးပြီး သတ္တိကောင်းသူတစ်ဦးလည်းဖြစ်သည်။

သူ့ခါးမှာ လက်နှိပ်မီးအသေးစားတစ်လက်နှင့် ဓားမြှောင်တစ်လက် ပါလာလေသည်။

အားလုံး အပြင်ထွက်သွားပြီး တံခါးပိတ်လိုက်ပြီးနောက်မှာ ကျားဟိန်းသံကပြန်ပေါ်လာသည်။ အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်တော့ နီရဲနေသော မျက်လုံးနှစ်လုံးကို တွေ့ရသဖြင့် လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။ အစီအရီရှိနေသော အလောင်းများမှလွဲပြီး တခြားတော့မတွေ့ရပေ။

"ဒီအရိုးတွေကတော့ ငါ့ကိုဘာမှ အန္တရာယ်ပေးနိုင်မယ်မထင်ဘူး၊ ဒီအတိုင်းနေပြီး မိုးလင်းတော့မှ အခြေအနေကြည့်ပြီး ထွက်ပေါက်ရှာရမယ်"

ဟု တစ်ယောက်တည်း စဉ်းစားနေစဉ်မှာ အတွင်းမှ ကျားဟိန်းသံ ထပ်ကြားရပြန်သည်။ ဒီတစ်ခါတော့ တဖြည်း





ဖြည်း နီးလာသောကြောင့် မီးရောင်ဖြင့် ထပ်ထိုးကြည့်လိုက်ပြန်သည်။

"ဟင်. ."

ကျားတော့မတွေ့ရပေ. . .။

သို့သော် လူတစ်ယောက်တော့ ထွက်လာနေသည်။

အသေအချာကြည့်တော့ စောစောကမှ တင်ထားခဲ့သော အလောင်းဖြစ်မှန်းသိရသဖြင့် မကြောက်တတ်သူပင် မျက်လုံးပြူးသွားသည်။

ဖုတ်ဝင်ပြီးထလာသောအလောင်းက လူတစ်ယောက်ကဲ့သို့ လျှောက်လာနေခြင်းမျိုးမဟုတ်ပေ။

ကျားတစ်ကောင်လိုဟိန်းကာ ကျားတစ်ကောင်လျှောက်လာသလို လေးဖက်ထောက်ပြီး လာနေခြင်းဖြစ်၏။

"ဟင်. . ဒါ. . ဒါ ဖုတ်ဝင်နေတဲ့ သမန်းကျားပဲ၊ ငါဘယ်လိုလုပ်ရပါ့မလဲ"

ထိုသို့တွေးတောနေစဉ်မှာပင် ဖုတ်ဝင်နေသော သမန်းကျားက ဖိုးတေရှိရာသို့ လွှားခနဲခုန်ဝင်လာလေတော့သည်။ ဖိုးတေးကလည်း ကြောက်ကြောက်လန့်လန့်ဖြင့် လက်ထဲမှ ဓားနှင့်တိုက်ခိုက်လေသည်။

သို့သော် ဖုတ်ဝင်နေသော သမန်းကျားကို ဓားဖြင့်တိုက်ခိုက်သော်လည်း ဘယ်လိုမှ အရာမထင်ပဲ ဖြစ်နေရာ နောက်ဆုံးမှာတော့ သမန်းကျားလက်ချက်နှင့်ပင် ဖိုးတေမှာ



www.burmeseclassic.com

www.burmeseclassic.com



အသက်သေဆုံးသွားရပေတော့သည်။

ထမန်းနက် သင်္ချိုင်းဂူအတွင်းမှ စူးစူးဝါးဝါးအော်လိုက်သောဖိုးတေအသံကိုတော့ အပြင်ဘက်ရောက်သွားပြီဖြစ်သော လူတစ်စုက မကြားကြတော့ပေ။

ဂူအပြင်သို့ရောက်သွားကြသည်နှင့် ခေါင်းဆောင်အမျိုးသမီးက အခြားသူများကို အတော်ဝေးဝေးနေရာမှ စောင့်နေစေပြီး သင်္ချိုင်းစောင့်အဘိုးကြီးအား သိချင်သောအကြောင်းအရာများကို တိုးတိုးတိတ်တိတ် မေးမြန်းနေလေသည်။

"ပေတလူ အခြေအနေဘယ်လိုရှိသလဲ"

"ကျားနက်ရှင်မ စေခိုင်းတဲ့အတိုင်း သူ့ကိုအကူအညီပေးဖို့ ဖုတ်သွင်းတဲ့အရုပ်တစ်ရုပ် ပေးလိုက်ပါပြီ"

"ကောင်းတယ်၊ သူ့ဆီမှာငါပေးထားတဲ့ ရုပ်တုရှိတာရောသိတယ်မဟုတ်လား"

"သိပါတယ်အရှင်မ၊ ဒါကြောင့်လည်း အကူအညီပေးခဲ့တာပါ. . "

"ကောင်းတယ် နောက်ပိုင်း သူတစ်ယောက်တည်း တောထဲလာလို့ရှိရင် နောက်ကနေ မျက်ခြည်မပြတ် လိုက်ကြည့်နေပြီး လိုတဲ့အကူအညီရှိရင် ပေးလိုက်ပါ"

"ကောင်းပါပြီ. . . "

"နောက်တစ်ခုက ဂူထဲမှာ ငါတို့ပိုင်နက်ထဲကို ကျူး





ကျော်လာတဲ့သူ သေနေပြီ၊ ဒါကလည်း သူ့လောဘကြောင့် သူ့အကြောင်းနဲ့သူ သေတာပဲ ငါတို့နဲ့မသက်ဆိုင်ဘူး၊ အလောင်းကို ဂူထဲမှာမထားနဲ့ ဖျောက်ဖျက်ပစ်လိုက်ပါ"

"ကောင်းပါပြီအရှင်မ"

ပေတလူဆိုသော အဘိုးကြီးသည် အလွန်ရိုကျိုးသော အမူအယာဖြင့် ခေါင်းညိတ်ပြပြီး ဂူပေါက်အတွင်းသို့ တစ်ကျော့ပြန်ဝင်သွားလေသည်။


ထိုအခါမှ ကျားနက်ရှင်မဟု ခေါ်ဝေါ်ခံရသော အမျိုးသမီးလည်း သူ့အဖော်များစောင့်နေသော နေရာဘက်သို့ လျှောက်လာလေသည်။

အချိန်ကတော့ ညဦးပိုင်းကျော်လွန်လာခဲ့ပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးလွှမ်းလျက်ရှိနေပေတော့သည်။




www.burmeseclassic.com

www.burmeseclassic.com







## အခန်း [ ၁၁ ]
## ပဟေဠိဆန်သောချစ်သူ

နီမောင်တစ်ယောက်ကတော့ အတော်ကလေးဝမ်းသာနေသည် တောသို့သွားရာ ပေတလူဆိုသော ဖုတ်ဝင်နေသည့်ရုပ်တုက လူတစ်ယောက်ကဲ့သို့ အကူအညီပေးသောကြောင့် သစ်မွှေးတုံးရလာခဲ့သည်။

ထိုသစ်တုံးကို အိမ်ရောက်သည်အထိ သယ်ယူလာပြီး အိမ်ရောက်တော့မှ အေးအေးဆေးဆေးရှာဖွေသောအ



www.burmeseclassic.com

www.burmeseclassic.com



ခါ ဆောလစ်ဟုခေါ်သော သစ်မွှေးအစိုင်အခဲတုံးကို ရလေသည်။ ထိုသစ်မွှေးတုံးအမျိုးအစားက ကုန်သည်များ ဈေးအများဆုံးပေးဝယ်ပြီး လူကြိုက်များသော အမျိုးအစားဖြစ်လေသည်။

"ငါတော့ဟန်ကျပြီ. . . ဒီအတုံးအခဲက တစ်ပိဿာနီးပါးလောက် အချိန်စီးတယ်၊ အခုဈေးနဲ့ဆိုရင်လေးထောင်ငါးထောင်လောက် ရနိုင်တယ်၊ ဒီငွေလောက်ဆိုရင် အမေ့ကိုလည်း ကောင်းကောင်းဆေးကုလို့ရမယ်၊ ငါတို့မိသားစုလည်း ရင်းနှီးစားသောက်လို့ရပြီ. . ."

ဟုဝမ်းသာစွာတွေးမိလေသည်။

ထိုသို့တွေးမိရင်းမှ သတိရသင့်သူများကိုလည်း သတိရနေမိသည်။

"ဒီလိုရတာ ငါတစ်ယောက်တည်းအစွမ်းအစနဲ့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ပထမဆုံး ငါ့အမေကို ဆေးပေးလိုက်တဲ့ ထမံသီရွာကမိန်းကလေးကို ကျေးဇူးတင်ရမယ်၊ သူပေးလိုက်တဲ့ ကျားဖြူရုပ်ကလေးကလည်း တောထဲမှာ ကျားအန္တရာယ် ကကာကွယ်ပေးသေးတယ်၊ သူ့ကိုလည်း ကျေးဇူးတင်ရမယ်၊ သူ့နာမည်က မြလေးတင် ထင်ပါရဲ့"

ဟုတွေးမိလေသည်။

"ဒါ့အပြင် တောထဲမှာပန်းပုထုပေးတဲ့ ပေတလူနဲ့ ငါ့ကို သစ်မွှေးပင်လိုက်ရှာပေးတဲ့ ရုပ်တုပေတလူကိုလည်း ကျေးဇူးတင်ရမယ်၊ ဒီလောက်များတဲ့ သစ်မွှေးအတုံးအခဲတို့ သူကူညီပေးလို့ရတာ သူတို့အတွက်လည်း အစားအသောက်တွေ ယူသွားရမယ်"





ဟု စဉ်းစားကာ ရထားသော သစ်မွှေးခဲကိုရောင်းချရန် ထမံသီရွာသို့ သွားလေသည်။

ထိုရွာသို့ရောက်သောအခါ ကုန်သည်များအား ၄င်းရလာသော သစ်မွှေးခဲအား ပြလေရာ သူ့ထက်ငါ ဈေးပိုပေးပြီး အလုအယက်ဝယ်ကြလေသည်။

နောက်ဆုံး တစ်ပိဿာကို လေးထောင်ကျော် ငါးထောင်ကျပ်နီးပါးရသဖြင့် (၁၉၃၀-ခုနှစ်ဝန်းကျင်က) ရောင်းချခဲ့လေသည်။

ထိုခေတ်အချိန်က တစ်ပဲ၊ တစ်မူး၊ တစ်ပြားနှစ်ပြား၊ သုံးသောခေတ်ဖြစ်ပြီး စပါးတစ်တင်း ငါးမူး၊ သုံးမတ်၊ ရွှေတစ်ကျားသား ၁၄-ကျပ်၊ ၁၅-ကျပ်သာပေးရသောအချိန်မှာ ငွေလေးထောင်၊ ငါးထောင်ကိုင်နိုင်သော အခြေအနေမှာ လူချမ်းသာတစ်ဦးဘဝ ရောက်နိုင်သည့်အခြေအနေမျိုးဖြစ်ပေသည်။

နီမောင်လည်း သူ့ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမှ မရဖူးသော ငွေများကိုရသဖြင့် စိတ်လှုပ်ရှားနေသောကြောင့် လက်တုန်ခြေတုန်ဖြစ်နေသည်။

ရသောငွေများကို ပါလာသောလွယ်အိတ်ဟောင်းအတွင်းသို့အဝတ်ဟောင်းတစ်စဖြင့် ပတ်ထုပ်ကာ ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအခြေအနေကို အကဲခတ်ကြည့်ပြီး ကုန်သည်အဖွဲ့ကမေးသည် ကုန်သည်အဖွဲ့မှာ ကုလားလူမျိုးများဖြစ်ကြလေသည်။

တစ်ဖက်နိုင်ငံကလာကြသည်ဆိုသော်လည်း လူရည်လည်ကြသူများဖြစ်ပြီး ဒီဘက်မှာနေထိုင်သော တိုင်းရင်းသားများစကားနှင့် ဓလေ့စရိုက်များကို ကောင်းစွာသိကြသူများဖြစ်ကြလေသည်။

အိန္ဒိယနိုင်ငံဘက်မှလာသော ကုန်သည်များသည် တစ်ဖွဲ့လျှင် အနည်းဆုံးငါးယောက်၊ ခြောက်ယောက်လာကြပြီး အချို့အဖွဲ့လည်း ထို့ထက်များကြသည်။

သေနတ်စသော လက်နက်ပစ္စည်းများပါကြပြီး တောလမ်းခရီးသွားကြသည့်အခါ အန္တရာယ်ပေးသည့် တောကောင်များနှင့်တွေ့လည်းပစ်သည်။ သူခိုးဓားပြအဖွဲ့များနှင့်တွေ့လျှင်လည်း သေနတ်ဖြင့်ခုခံတိုက်ခိုက်သည်။

နောက်ဆုံး အခြေအနေပေးပါက သေနတ်များကို အသုံးပြုကာ လုယက်တိုက်ခိုက်ကြသည်လည်း ရှိပေသည်။

ယခုလည်း ငွေထုပ်ကိုကိုင်ပြီး လက်တုန်ခြေတုန်ဖြစ်နေသော နီမောင်အခြေအနေကို တစ်ယောက်က အကဲခတ်မိသဖြင့် မေးလိုက်သည်။

"မင်းက ဘယ်ရွာကလာရောင်းတာလဲ"





"ထမန်းတောရွာကပါ"

"တစ်ယောက်တည်းလာတာလား၊ အဖော်တွေ မပါဘူးလား"

"မပါပါဘူး"

ဒါပဲပြောပြီး နီမောင်က ထိုနေရာမှ ထွက်လာခဲ့လေသည်။ ကုန်သည်အဖွဲ့ကတော့ ခေါင်းချင်းဆိုင်ကာ အချင်းချင်းတိုင်ပင်လျက် ကျန်ခဲ့ကြလေသည်။

နီမောင်ကတော့ ထမံသီရွာထဲတွင် ဆိုင်ဖွင့်ပြီး ရောင်းနေသော ဈေးဆိုင်များမှ ဝယ်ယူလိုသော ပစ္စည်းများကို ဝယ်ယူပြီးမှ ပြန်သွားလေသည်။

သို့သော် ထမန်းတောရွာသို့ မပြန်သေးပဲ ရွာအစွန်းဘက်ရောက်တော့မှ ရွာအစွန်ဘက်မှာရှိသော အိမ်မည်းကြီးရှိရာသို့ ချိုးကွေ့သွားလေသည်။

ထိုသို့သွားရင်းနှင့် စိတ်ထဲမှာ လှုပ်ရှားနေလေသည်။

"သူနဲ့ငါနဲ့ကလမ်းသွားရင်း တစ်ခါပဲတွေ့ခဲ့ဖူးသေးတာ သူ့နာမည်လောက်သာသိရပြီး မျက်နှာကိုတောင်မြင်ဖူးသေးတာမဟုတ်ဘူး၊ ငါသွားရင်တစ်မျိုးများ ထင်မလားမသိဘူး၊ မတတ်နိုင်ဘူးလေ သူကငါ့အပေါ်မှာ ကျေးဇူးရှိခဲ့တာပဲ၊ ကြုံကြိုက်တုန်း ကျေးဇူးတင်စကားတော့ ဝင်ပြောရမှာပဲ"

ဟုစိတ်ဝင်ပြီး လျှောက်သွားရာ အတန်ကြာတော့ အိမ်ကြီးရှေ့သို့ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ တံခါးစေ့ထားပြီး လူရိပ်လူခြည် မမြင်ရသဖြင့် အသံပြုလိုက်သည်။

"ဒါ . . မြလေးတင်တို့အိမ် ဟုတ်ပါသလားဗျာ"

ထိုသို့အသံပြုလိုက်တော့မှ အိမ်ထဲမှ ဒေါ်မင်းဇာ ထွက်လာလေသည်။ သူကခြံပေါက်ဝနားရောက်သည်အထိ လျှောက်လာပြီးမှ မေးလိုက်သည်။

"မင်းက ဘယ်သူလဲ"

"ကျွန်တော်က ထမန်းတောရွာကပါ၊ နီမောင်လို့ခေါ်ပါတယ်အဖွား . ."

"နီမောင် . . အော် . . ."

ဟု ရေရွတ်ကာ ခြံတံခါးကိုဖွင့်ပေးသည်။

ထို့နောက် နီမောင်ကိုခေါ်သွားသဖြင့် နောက်မှ လိုက်သွားလေသည်။ အိမ်ကြီးထဲရောက်တော့ အတော် ကျယ်ဝန်းသည်ကို တွေ့ရပြီး တံခါးချပ်များ ပိတ်ထားသော ကြောင့် မှောင်နေသည်။

"ကျွန်တော်မြလေးတင်နဲ့ တွေ့ချင်လို့လာတာပါ၊ သူ မရှိဘူးလားအဖွား"

"သူအပြင်ထွက်သွားတယ်၊ မကြာခင်တော့ ပြန် ရောက်လာပါလိမ့်မယ် တကယ်လို့ မင်းရောက်လာရင် သူ ပြန်လာတဲ့အထိ စောင့်ဖို့လည်း မှာခဲ့သေးတယ်"

ထိုစကားကြောင့် စိတ်ထဲမှာ အံ့ဩသွားလေသည်။





"ငါလာမယ်လို့လည်း ကြိုပြောမထားပဲနဲ့ ဘယ်လိုသိ နေတာပါလိမ့်"

ဟုတွေးမိလေသည်။

အချိန်က နေ့လည်ပိုင်းအချိန်ကျော်နေပေပြီ၊ ညနေ ပိုင်းရောက်လျှင် တစ်ရွာနှင့်တစ်ရွာ သွားလာ၍ မကောင်းသ ဖြင့် စိတ်ပူနေမိသည်။ သို့သော်လည်း ရောက်လက်စ၊ စောင့် လက်စနှင့်မို့ မြလေးတင် ပြန်လာသည်အထိ စောင့်ရန်စိတ် ကူးထားလေသည်။

ဒေါ်မင်းဇာကတော့ သူ့ကိုဧည့်ခန်းမှာထားခဲ့ပြီး အိမ် ထဲသို့ဝင်သွားရာ ပြန်မထွက်လာတော့ပေ။

အချိန်အတော်ကြာမှ မြလေးတင် ပြန်ရောက်လာ သည်။ ထုံးစံအတိုင်း အဝတ်နက်တစ်ထည်ကို ဦးခေါင်းပေါ် မှာ ခြုံထားကာ ကသုတ်ကရက်အမူအယာမျိုးဖြင့် ပြန် ရောက်လာခြင်းဖြစ်သည်။ အိမ်ထဲရောက်လာသောအခါ နီမောင်ကိုမြင်တော့ အံ့ဩသွားဟန်ရှိသည်။

"နီမောင် ရောက်နေပါလား၊ ခဏနော် ငါအဝတ်လဲ လိုက်ဦးမယ်"

ဟုပြောဆိုကာ အိမ်ခန်းတွင်းသို့ ခပ်သုတ်သုတ် ဝင် သွားလေသည်။ အတော်ကြာတော့မှ ပြန်ထွက်လာသည်။

ထိုသို့ပြန်ထွက်လာတော့ အနက်ရောင်အဝတ်များ မဟုတ်တော့ပဲ သာမန်အဝတ်များ လဲလှယ်ဝတ်ဆင်လာ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဦးခေါင်းပေါ်မှာခြုံထားသော ပုဝါလည်း မရှိတော့ပေ။ ထိုအခါမှပင် သူမ၏ ချောမောလှပသည့် မျက်နှာကို မြင်ရလေတော့သည်။

ခါးလောက်အထိရောက်သော ဆံပင်ရှည်ကို တစ်ပတ်လျှိုထုံးပြီး နောက်သို့ချထားရာ ကျောလယ်လောက်အထိ ရောက်နေသည်။ ရှမ်းသားအင်္ကျီလက်စကကို ဝတ်ထားပြီး အညိုရောင် ယောထမီကို ဝတ်ထားသည်။ ဖြူဝင်းသော အသားအရေနှင့် ဝတ်ဆင်ထားသောအဝတ်တို့မှာ လိုက်ဖက်လှသည်။

မျက်နှာပေါ်မှာ သနပ်ခါးရေကျဲ လိမ်းထားသော်လည်း မခြောက်သေးသဖြင့် ကွက်တိကွက်ကျား ဖြစ်နေသေးသည်။

မျက်နှာပေါ်မှာ ထူးခြားသောနေရာမှာ ထူထဲနက်မှောင်သော မျက်ခုံးနှင့် တောက်ပသော မျက်လုံးအစုံတို့ပင် ဖြစ်သည်။ ကိုယ်ခန္ဓာကလည်း အချိုးအဆစ်ကျနေပေရာ တစ်ကိုယ်လုံး ခြုံကြည့်လိုက်လျှင် မိန်းမချော၊ မိန်းမလှတစ်ဦး ဖြစ်ကြောင်း ဝန်ခံရပေမည်။

နီမောင်အတော်ကြာအောင်ကြည့်နေသဖြင့် ရှက်သွေးဖြာသောအမူအယာဖြင့် မေးလိုက်သည်။

"ဘာကြည့်နေတာလဲ"





"နင်. . နင်. . မြလေးတင် ဆိုတာနော်"

"ဟုတ်တယ်လေ. . ဘာဖြစ်လို့လဲ"

"အခုမှ မျက်နှာမြင်ဖူးလို့ မေးကြည့်တာပါ"

မြလေးတင်က တစ်ချက်ပြုံးလိုက်သည်။

"ငါက အပြင်သွားရင် ပုဝါခြုံပြီးသွားလေ့ရှိတယ်၊ နင်ဘယ်တုန်းက ရောက်နေတာလဲ"

"အတော်ကြာပြီ အဖွားက နင်ကစောင့်နေပါလို့ မှာသွားတယ်ဆိုတာနဲ့ စောင့်နေတာ၊ ငါလာမယ်ဆိုတာ ဘယ်လိုသိတာလဲ'

"ဈေးဘက်ကပြန်လာတဲ့သူတွေ ပြောလို့သိတာပါ"

မြလေးတင်ပြောသည်မှာ ယုတ္တိမတန်သော်လည်း ထိုအကြောင်းကို ဆက်မပေးတော့ပေ။

"ငါလာတာ တခြားမဟုတ်ပါဘူး၊ ဟိုတစ်လောက နင်ပေးလိုက်တဲ့ ဆေးကို အမေကိုတိုက်တာ အတော်ကလေး နေကောင်းသွားတယ်၊ နောက်ပြီး ဆေးထုပ်ထဲမှာ ဒီကျားရုပ်ကလေးပါလာတယ်"

နီမောင်ကအိတ်ထဲမှာပါလာသော ကျားဖြူရုပ်ကလေးကို သူမရှေ့သို့ချပေးလိုက်သည်။

မြေးတင်က တစ်ချက်ကြည့်လိုက်ပြီး. . .

"နင့်အတွက် အသုံးဝင်တယ်မဟုတ်လား၊ နင်ပဲသိမ်းထားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောသဖြင့် နီမောင်က ကောက်ယူပြီး အိတ်ထဲ ထည့်ထားလိုက်သည်။

“ဒီအတွက် ကျေးဇူးတင်ကြောင်း ပြောချင်လို့ ငါလာခဲ့တာပါ၊ တလောက တောထဲသွားတော့ သစ်မွှေးအတော်များများရလာတယ်၊ အဲဒါရောင်းတော့ ငွေလည်း အတော်ရလာတယ်၊ ဒါကြောင့် နင်တို့မြေးအဖွားအတွက် အစားအသောက်နဲ့ အသုံးအဆောင်ပစ္စည်းတွေ ငါဝယ်လာခဲ့တယ်၊ နင်သက်ခံပါ”

“ငါတို့က ဒါတွေမလိုပါဘူး၊ ဒါပေမယ့် နင်က စေတနာရှိလို့ တကူးတက ဝယ်လာတော့လည်း ငါယူပါ့မယ်၊ ဒါထက် နင်နေ့လည်စာ မစားရသေးဘူးမဟုတ်လား၊ တစ်ခါတည်း စားကြရအောင်”

“မစားတော့ဘူး မြလေးတင် အပြန်နောက်ကျနေမှာစိုးလို့ ငါသွားတော့မယ်”

ဟုပြောပြီး နေရာမှထတော့ မြလေးတင်က ပြောသည်။

“နင်ပြန်လို့မသင့်သေးဘူးထင်တယ်”

“ဟင် . . ဘာဖြစ်လို့လဲ”

“နင့်မှာ သစ်မွှေးရောင်းရတဲ့ငွေတွေ ပါလာတယ်မဟုတ်လား၊ နင်သွားရင် ဓားပြတွေနဲ့ တွေ့လိမ့်မယ်၊ နင့်ဆီက သစ်မွှေးဝယ်ခဲ့တဲ့သူတွေက နင်အပြန်မှာ ငွေတွေကိုပြန်





လုယူဖို့ စောင့်နေကြတယ်”

နီမောင့်စိတ်ထဲမှာ အံ့ဩသွားသောကြောင့် မြလေးတင်မျက်နှာကို တစ်ချက်ကြည့်လိုက်လေသည်။

“နင်က ငါပြောတာ မယုံလို့မဟုတ်လား၊ နင့်ဆီက သစ်မွှေးဝယ်လိုက်တာ ငါးယောက်၊ ကုလားတွေချည်းပဲ၊ ခေါင်းဆောင်လုပ်တဲ့လူ မုတ်ဆိတ်မွှေး၊ ပါးသိုင်းမွှေးတွေရှိတယ်၊ နင်ပြန်ကာနီးတော့ သူက နင်နေတဲ့ရွာနဲ့ ပြန်မယ့်လမ်းကို မေးလိုက်သေးတယ်မဟုတ်လား”

“ဒါတွေကို နင်ဘယ်လိုသိနေတာလဲဟင်”

“ငါ့မှာလည်း သိနိုင်မယ့်နည်းရှိတာပေါ့၊ နင်ငါပြောတာမယုံလို့ ပြန်သွားရင် အသတ်လည်းခံရမယ်၊ ငွေတွေလည်း ပါသွားလိမ့်မယ်”

ထိုကဲ့သို့ ပြောသဖြင့် မယုံ၍ မဖြစ်တော့ပေ. . .

“ဒါဖြင့် ငါဘယ်လိုလုပ်ရမလဲ”

“ဒီမှာပဲညအိပ်သွားပေါ့၊ မနက်လင်းတော့မှ အေးအေးဆေးဆေးပြန်သွားပါ၊ လမ်းရောက်ရင် အဲဒီဓားပြတွေရဲ့ သတင်းကို နင်ကြားရလိမ့်မယ်”

“ငါပြန်ရောက်မလာရင် ငါ့အမေတို့ စိတ်ပူနေကြလိမ့်မယ်”

“ငါပြန်လာတော့ အဲဒီဘက်ပြန်မယ့်လူကြုံတွေ့တာနဲ့ နင် မနက်မှ ပြန်ရောက်လာမယ့်အကြောင်း မှာလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

နီမောင်က ထွေထွေထူးထူးတော့ မမေးတော့ပေ။

"နင်တို့မြေးဖွားနှစ်ယောက်တည်းနေတဲ့အိမ်မှာ ငါ ညအိပ်တည်းလို့ သင့်ပါ့မလား၊ တော်ကြာ ပတ်ဝန်းကျင်က သိသွားရင် တစ်မျိုးထင်ကြရင်ခက်မယ်"

"ငါတို့နေတဲ့အိမ်ကို ဘယ်သူမှလည်း လာမကြည့်ဝံ့ ကြပါဘူး၊ ဒီအိမ်ထဲမှာ ဘယ်သူတွေနေမှန်းတောင် သိတဲ့သူ သိပ်မရှိပါဘူး၊ စိတ်မပူပါနဲ့"

ဟုပြောလေသည်။

အချိန်ကလည်း နေ့လည်ဘက်အချိန်ကျော်ခဲ့ပေပြီ။ ထိုအချိန်မှပြန်သွားပါက ရွာနှစ်ရွာကြား တောလမ်း ခရီးမှာပင် မှောင်သွားပေလိမ့်မည်။ ထိုအချိန်မျိုးရောက်လျှင် ဓားပြနှင့်မတွေ့တောင်မှ ကျားနှင့်တွေ့နိုင်မည်မို့ မပြန်တော့ပဲ နေရန်စိတ်ဆုံးဖြတ်လိုက်လေသည်။

ညနေပိုင်းရောက်တော့ မြလေးတင်က ထမင်းဟင်း များ ပြင်ဆင်ကျွေးသောကြောင့်စားရပြန်သည်။

စားသောက်ပြီးတော့ လက်ဖက်ရည်ကြမ်းသောက် ရင်းနှင့် စကားပြောကြသည်။

"နင်နဲ့ငါနဲ့က သိတာမကြာသေးပေမယ့် နင့်ရဲ့ ကျေးဇူးတွေကတော့ ငါ့အပေါ်မှာ အတော်များနေပြီ၊ နောက် ပြီး နင့်ကို မေးစရာရှိသေးတယ်"





"မေးလေ. . ."

"နင်တို့က ထမန်းမျိုးနွယ်တွေလားဟင်"

"ဟုတ်ပါတယ်. . နင်ကြောက်နေလို့လား၊ ငါတို့က ထမန်းမျိုးနွယ်တွေဆိုပေမယ့် လူတွေကိုတော့ ဒုက္ခမပေးကြ ပါဘူး"

ဟုအေးအေးဆေးဆေးပင် ပြန်ပြောပြသည်။

"ငါကမကြောက်ပါဘူး၊ စိတ်ဝင်စားလို့မေးကြည့်တာ ပါ"

"နင်က ငါတို့ကိုစိတ်ဝင်စားလို့လား"

"ထမန်းမျိုးနွယ်တွေအကြောင်း စိတ်ဝင်စားတာပါ၊ နင်ပေးထားတဲ့ ကျားဖြုရုပ်ကလေးက အတော်စွမ်းတယ်၊ တောထဲမှာ ကျားနဲ့တွေ့တော့ အဲဒီကျားက ကြောက်ပြီးထွက် ပြေးသွားတယ်"

"နင်က တောထဲတောင်ထဲ သွားနေတဲ့သူဆိုတော့ အမြဲဆောင်ထားပေါ့၊ ဒီအရုပ်မျိုးကို ငါတို့က လူတိုင်းကို မပေးပါဘူး"

"ငါလည်းသိပါတယ်၊ ငါတို့ရွာမှာ ဆရာကြီးတစ် ယောက်ရှိတယ်၊ သူ့ကိုပြောပြလိုက်တော့ သူက ထမန်းမျိုး နွယ်တွေအကြောင်း၊ ကျားဖြုရုပ်ကလေးအကြောင်းကို ပြော ပြပါတယ်"

ထိုစကားကြောင့် မြလေးတင်မျက်နှာပေါ်မှာ ပန်းနု



www.burmeseclassic.com

www.burmeseclassic.com



ရောင်သမ်းသွားလေသည်။

"ဘာတွေ ပြောလိုက်သလဲ"

"ကျားဖြူရုပ်ဆိုတာ ထမန်းမျိုးနွယ်တွေ နှစ်သက်တဲ့ သူကိုမှ ပေးလေ့ရှိတယ်လို့ ပြောတယ်၊ နင်ငါ့ကိုဘာကြောင့် ပေးတာလည်းဟင်"

"အခုထိ သဘောမပေါက်သေးဘူးလား"

မြလေးတင်က သူ့မျက်နှာကို ရဲရဲတင်းတင်းကြည့်ရင်း ပြန်ပြောလေသည်။

"သဘောပေါက်ပါတယ်၊ ဒါပေမယ့် ငါသဘောမပေါက်တာက နင်နဲ့ငါနဲ့က အခုမှတွေ့ကြတာ မဟုတ်လား၊ ငါ့အကြောင်းတွေကိုလည်း နင်ဘာမှမသိသေးဘူးမဟုတ်လား"

"ဒါက နင်ထင်တာကိုး၊ ငါကနင့်အကြောင်းတွေကို သိပါတယ်၊ ဘယ်လိုသိသလဲမေးရင်တော့ ငါပြောပြနိုင်မှာ မဟုတ်ဘူး၊ နင်တောထဲက သစ်မွှေးတွေရလာတာလည်း ငါကူညီပေးနေတာပါ"

"ပေတလူက နင်လွှတ်ပေးထားတာလားဟင်"

သူမက ခေါင်းညိတ်ပြသည်။

"ပေတလူဆိုတဲ့ ဖုတ်ဝင်နေတဲ့ အရုပ်ရော၊ အဲဒီ အရုပ်ကိုပြုလုပ်ပေးတဲ့ အဖိုးကြီးပါ ငါခိုင်းထားတာတွေချည်းပါပဲ၊ အဲဒီ အဖိုးကြီးက တခြားမဟုတ်ပါဘူး ထမန်းနက်





သချိုင်းစောင့်တဲ့ သူပါပဲ"

ဟုပြောပြတော့မှ အားလုံးရှင်းသွားလေတော့သည်။

"ဘာပဲဖြစ်ဖြစ် ငါ့အမေရောဂါပျောက်အောင် ဆေးပေးတာရော၊ သစ်မွှေးတွေအများကြီးရအောင် ကူညီပေးတာရော ကျေးဇူးတင်ပါတယ်၊ ဒီအတွက် ငါ့ဘက်ကဘာမဆို သုပ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် မေးပါရစေဦး ငါတို့က အတက်ကို ဆင်းရဲပါတယ်၊ နင်က ဘာကိုသဘောကျတာလဲ"

"ငါက လက်တွဲဖော်ရွေးတဲ့နေရာမှာ ဆင်းရဲတာ ချမ်းသာတာတွေလည်း မလိုချင်ဘူး၊ ချောတာ လှတာတွေလည်း မလိုဘူး၊ စိတ်နှလုံးဖြူစင်တဲ့သူကိုပဲ ရွေးချင်တာ၊ နင်က စိတ်နှလုံးဖြူစင်ပြီး အားကိုးလောက်တဲ့ အရည်အချင်းမျိုးတွေ ရှိပါတယ်"

ထိုစကားကြားတော့ နီမောင်က တစ်ချက်ပြုံးလိုက်လေသည်။

"ငါ့အတွက် သာသာထိုးထိုး စဉ်းစားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ငါကလည်း နင်ကိုစတွေ့ကတည်းက စိတ်ဝင်စားပါတယ်၊ အခုလို ပွင့်ပွင့်လင်းလင်း ဖြစ်သွားတော့ ပိုကောင်းတာပေါ့"

"ငါတို့ကို ထမန်းမျိုးနွယ်တွေ၊ ကျားမျိုးနွယ်တွေဆိုပြီး လူတွေကကြောက်ကြတယ်၊ အနားတောင် မကပ်ဝံ့ကြဘူး၊ တချို့ကျတော့လည်း မေတ္တာစစ်မေတ္တာမှန်နဲ့မဟုတ်ဘဲ ငါ



www.burmeseclassic.com

www.burmeseclassic.com



ချောတာလှတာကို သဘောကျပြီး ချဉ်းကပ်တော့တွေလည်း ရှိကြပါတယ်၊ နင်ကရော မကြောက်ဘူးလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"မကြောက်ပါဘူး၊ ဒီလို ရုပ်မျိုးမဟုတ်ပဲ ကြောက်စရာကောင်းတဲ့ရုပ်မျိုးဖြစ်နေရင်တောင် ငါ့ဘက်က သစ္စာမပျက်စေရပါဘူး"

"ငါ့ဘက်ကလည်း ဒီလိုပါပဲ နင့်ငါ့ကို တကယ်ချစ်နိုင်ပါ့မလား၊ တစ်သက်လုံးရော လက်တွဲသွားနိုင်ပါ့မလား"

"တစ်သက်လုံး လက်တွဲသွားပါ့မယ်၊ ဘယ်သူဖျက်လို့မှ နင့်အပေါ် သစ္စာမပျက်စေရပါဘူး"

ဟု ကတိပေးလိုက်လေသည်။

ထိုညအဖို့တော့ သူတို့နှစ်ယောက်အတွက် အိပ်စက်ခြင်းမရှိပဲ ချစ်စကားများ ပြောမကုန်အောင် ရှိနေကြလေတော့ သည်။

နီမောင်အတွက်ရော မြလေးတင်အတွက်ပါ ဦးဆုံးတွေ့သောချစ်သူအတွက် ရင်ထဲမှ ပြောစရာစကားများက အဆင်သင့်ပင်ရှိနေကြသဖြင့် ပြောမဆုံးနိုင်အောင် ရှိကြလေတော့သည်။

နောက်တစ်နေ့နံနက်ပိုင်းအချိန် ရောက်တော့မှ မြလေးတင်ကို နှုတ်ဆက်ကာ ရွာသို့ပြန်ခဲ့လေသည်။

ရွာနှစ်ရွာကြားရှိ တောတစ်နေရာသို့ အလောင်းသုံး





လောင်းနှင့် ရွာသားအချို့ကိုတွေ့သဖြင့် မေးကြည့်လိုက်သည်။

"ဘာဖြစ်တာလဲဗျ"

"ရွာကို ဓားပြတိုက်မလို့လား၊ လူကိုဓားပြတိုက်မလို့လားမသိပါဘူး၊ တောထဲကနေစောင့်နေရင်းနှင့် ကျားဝင်ဆွဲလို့ သေကြတာလေ. . ."

ထိုစကားကြောင့် သေနေသူများကိုကြည့်လိုက်သောအခါ သူ့ဆီမှ သစ်မွှေးဝယ်လိုက်ကြသည့် ကုလားကုန်သည်များ ဖြစ်သည်ကိုတွေ့ရလေသည်။

ထိုအခါမှ မြလေးတင်ပြောခဲ့သော စကားများကို ပြန်ပြီးသတိရမိလေသည်။

မြလေးတင်သည် သူ့အတွက်တော့ မဟေဇ္ဇီဆန်သော ချစ်သူဖြစ်ပေသည်။






www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁၂ )

# တောတောင်မာယာနှင့် လှည့်စားမှုများ

တဇုန်းရွာ အတွင်းရှိအိမ်ကြီးတစ်အိမ်အတွင်း၌ ဖြစ်လေသည်။ တဇုန်းရွာမှာ ထမံသီရွာ၊ ထမန်းတောရွာများနှင့် တစ်နယ်တည်းဖြစ်ပြီး နေ့ချင်းရောက်အောင်သွားလာနိုင်သော ခရီးအကွာအဝေးတွင်ရှိလေသည်။

ထိုရွာတွင် နတ်ဆရာသာဂရရှိသည်။ နတ်ဆရာဟုသာ အမည်တပ်ထားသော်လည်း စင်စစ်တော့ အောင်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာတစ်ယောက်သာဖြစ်သည်။

ငှင်းသည် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ဆံပင်ရှည်၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးအရှည်များထားသည်။ ဆံပင်ကို ထိပ်တွင် ထုံးထားပြီး အညိုရောင်ပုဝါဖြင့် ပေါင်းထားသည်။ အဝတ်များကလည်း သစ်ခေါက်ရေဆိုးထားသော အညိုရောင်အဝတ်များသာဖြစ်ကြသည်။

ကြီးမားသော ပုတီးတစ်ကုံးကို လည်ပင်းမှာဆွဲထားကာ ပါးစပ်တွင်း၌ ကွမ်းမပြတ်ဝါးနေတတ်သည်။

ငှင်းသည် အောက်လမ်းပညာ၊ အစီအရင်ပညာ၊ မှော်ပညာတို့ကို ကျွမ်းကျင်စွာတတ်မြောက်ထားသူလည်း ဖြစ်သည်။ အောက်လမ်းပညာ ကျွမ်းကျင်သောကြောင့် တစ္ဆေ၊ သရဲ၊ ဖုတ်၊ ကျတ် စသည်တို့ကို နှိမ်နင်းရာတွင်လည်း နာမည်ကြီးသဖြစ်သည်။

သာဂရသည် ရွာအပြင်ဘက်တွင် တဲအိမ်ကြီးတစ်လုံးဖြင့် သီးခြားနေထိုင်သူဖြစ်ပြီး ငှင်းထံတွင် တပည့်ခံနေသူ နှစ်ယောက်သုံးယောက်ရှိသည်။

ထိုအထဲတွင် သံပချိုင်နှင့် စံနက်ကျော်တို့ကတော့ လက်ရင်းတပည့်လည်းဖြစ်၊ အားကိုးရသော တပည့်များလည်း ဖြစ်ကြလေသည်။

ယခုလည်း သာဂရသည် သူနေသောတဲကြီးအတွင်းတွင် တပည့်နှစ်ယောက်တို့နှင့်အတူ ရှိနေကြသည်။





"ဖိုးတေတစ်ယောက် အခုထိပြန်ရောက်မလာသေးဘူးလား သံပချိုင်"

"မလာသေးဘူး ဆရာကြီး၊ တစ်ခုခုများ ဖြစ်နေမလား မပြောတတ်ဘူး"

"ဟုတ်တယ်ဆရာကြီး၊ ထမန်းနက်သချိုင်းက အဘော့်ကို အန္တရာယ်များတဲ့နေရာမျိုးပဲ၊ အတွင်းရောက်သွားပြီးရင် အသက်ရှင်လျက်နဲ့ပြန်ထွက်လာလို့ မရဘူးလို့ ပြောသံကြားဖူးတယ်"

စံနက်ကျော်စကားကြောင့် သာဂရမျက်နှာပေါ်မှာ မှုံတွသွားလေတော့သည်။

"အလကားပါကွာ လူကနေ ကျားပဲဖြစ်ဖြစ်၊ လင်းတပဲဖြစ်ဖြစ် ဒါမျိုးတွေက မထူးဆန်းပါဘူး၊ သူတို့တွေလည်း သူတွေသာဆိုတာပါ၊ တစ္ဆေသရဲလို့ခေါ်တဲ့ မိစ္ဆာတွေနဲ့ ဘာမှမကွာပါဘူး"

"ဒါပေမယ့် သူတို့နဲ့တွေ့ရင် သေကြတာများတယ် ဆရာကြီး"

"ဒါက ပညာမရှိလို့ သေကြတာပေါ့၊ ငါနဲ့တွေ့ရင် ဘယ်လိုနှိပ်စက်ပြမယ်ဆိုတာလည်း ကြည့်ကြဦးပေါ့"

ဟု လေသံကြွားကြွားနှင့် ပြောလိုက်လေသည်။

"ဒါထက် ဖိုးတေကို ဘာအတွက်လွှတ်လိုက်တာလည်း ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ထမန်းနက်သချိုင်း ဘယ်နေရာမှာရှိတယ်၊ အတွင်းမှာ ဘယ်လိုအနေအထားမျိုးရှိတယ်ဆိုတာ သိချင်လို့ စုံစမ်းခိုင်းလိုက်တာပဲ"

"သိရင် ဘာလုပ်မလဲဆရာကြီး"

"ထမန်းလူမျိုးတွေရဲ့ ရှုပါဝါဟန ပညာတွေ မှတ်တမ်းတွေပါတဲ့ ရှေးဟောင်းကျမ်းဆိုတာရှိတယ်၊ ရှေးကတည်းက အဆက်ဆက်ထားခဲ့တဲ့ မှတ်တမ်းတွေ ပညာတွေပေါ့၊ ထမန်းနက် သချိုင်းဂူထဲမှာ အဲ့ဒီရှေးဟောင်းမှတ်တမ်းကျမ်းရှိတယ်"

"ဟုတ်ကဲ့"

"ငါက အဲဒီကျမ်းကိုလိုချင်နေတာကွ၊ ဒီကျမ်းသာရရင် ထမန်းမျိုးနွယ်တွေရဲ့ လျှို့ဝှက်ချက်တွေကို သိရမယ်၊ သိရရင် သူတို့ကိုလည်း ကြောက်စရာမလိုတော့ဘူးပေါ့၊ ဒါကြောင့် အခြေအနေသိရအောင် ဖိုးတေကိုလွှတ်လိုက်တာပဲ"

"ဖိုးတေက အခုထိပြန်မရောက်လာပုံထောက်တော့ သေပြီထင်တယ်"

"မသေချာသေးပါဘူး၊ တကယ်သေရင်တော့ သူ့ဝိညာဉ်ကိုခေါ်ပြီး အကျိုးအကြောင်း မေးကြည့်ရမှာပဲ"

ဟုပြောဆိုကာ ညအချိန်ရောက်သောအခါ ဖိုးတေ၏ အဝတ်အစားများပေါ်တွင် အစီအရင်ပြုလုပ်ထားသော မီးတိုင်များထွန်းကာ ဖိုးတေ၏ဝိညာဉ်ကို ခေါ်ကြည့်သည်။





အသက်မသေသေးလျှင်တော့ ဝိညာဉ်ကလာနိုင်မည် မဟုတ်ပေ။ အကယ်၍ သေသွားလျှင်တော့ ဝိညာဉ်က နေရာဟောင်းသို့ ပြန်လည်ရောက်လာပေလိမ့်မည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ မိုးတဝါးပုံရိပ်တစ်ခု ရောက်လာသည်။ တဲဝန်းကျင်အနီး ရောက်လာသောအခါ ဖိုးတေ၏ပုံရိပ်မှန်း သိကြရသည်။

ဝိညာဉ်ရောက်လာပြီဆိုတော့ လူကတော့ရှိတော့မည် မဟုတ်ပေ။ စိတ်မကောင်းဖြစ်မိသော်လည်း မတတ်နိုင်ကြတော့ပေ။

"ဖိုးတေ မဟုတ်လား . ."

". . . . . . . . ."

"မင်းဝိညာဉ်ဘာဝရောက်နေပြီလား၊ ဘယ်သူ့လက်ချက်နဲ့ သေခဲ့ရတာလဲ"

". . . . . . . . . . . ."

"ထမန်းကျားတွေရဲ့လက်ချက်နဲ့ ထမန်းနက်သချိုင်းဂူထဲမှာ သေခဲ့ရပြီဆိုတော့ ငါစိတ်မကောင်းပါဘူး၊ ငါလိုချင်တဲ့ ရှေးဟောင်းမှတ်တမ်းတွေရော အဲဒီဂူထဲမှာရှိသလား"

". . . . . . . . . . ."

"မင်းမသိတော့ သိတဲ့လူရော ရှိသလား"

". . . . . . . . . ."

"ဒီလိုဆိုရင် ထမံသီရွာမှာနေတဲ့ မိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က သိတယ်ပေါ့၊ သူက ကျားနက်ရှင်မလို့ခေါ်ကြတယ် ဟုတ်လား”

“. . . . . . . . . . .”

“ကောင်းပြီလေ မင်းပြောသလို သူ့ကိုရအောင်ဖမ်းပြီး စစ်မေးရင် ငါတို့လိုချင်တာရမယ်ပေါ့ ဟုတ်လား”

“. . . . . . . . . . . .”

“မင်းအတွက်စိတ်မကောင်းပါဘူး၊ အသက်သေသွားခဲ့ပြီးတာတောင် ငါသိချင်တာတွေ လာပြောနိုင်သေးတယ်၊ ဒီအတွက် ငါကလည်းမင်းကို ပြန်ပြီးစောင့်ရှောက်ပေးရမှာပေါ့၊ မင်း ဝိညာဉ်ဘဝနဲ့ လျှောက်သွားနေရင်လည်း တခြားမှာနေဖို့ ခက်ခဲလိမ့်မယ်”

“. . . . . . . . . .”

“ဒီတော့ တခြားမသွားတော့ပဲ ငါတဲနားမှာပဲနေပေါ့၊ မင်းကိုကျွေးလည်းကျွေးမယ်၊ ခိုင်းစရာရှိရင်လည်းခိုင်းမယ်၊ ဟိုးနောက်ဘက်က သစ်ပင်မှာသာနေပေရော့”

ဟု ပြောလိုက်သည်နှင့် ဖိုးတေ၏ ဝိညာဉ်လည်း ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

ထို့နောက် တဲအတွင်းသို့ ပြန်ဝင်လာကာ သာဂရက ပြောသည်။

“ဖိုးတေကတော့ အသက်သေတာတောင် သူလုပ်ရမယ့်တာဝန်ကို လုပ်ခဲ့ပြီးပြီ၊ ကျန်တာကတော့ မင်းတို့နှစ်





ယောက်ပဲ ဆက်လုပ်ရမှာပဲ၊ ထမံသီရွာကိုသွားပြီး ကျားနက်ရှင်မနဲ့ပတ်သက်ထဲ့ သတင်းတွေစုံစမ်းရမယ်၊ လိုအပ်တဲ့ ဆေးဝါးပစ္စည်းတွေလည်း တစ်ပါတည်းယူသွားကြ”

“ဟုတ်ကဲ့ဆရာကြီး”

“မင်းတို့ကိုပေးထားတဲ့ ဆေးဝါးလက်နက်တွေက သရဲတစ္ဆေတွေအတွက်ကတော့ ပူစရာမလိုဘူး၊ လူကနေ ကျားအသွင်ပြောင်းထားတဲ့ သမန်းကျားတွေနဲ့တွေ့ရင်တော့ လက်နက်တွေအသုံးပြုပြီး တိုက်ခိုက်ရမယ်”

“စိတ်ချပါ”

“အခွင့်ရေးရတာနဲ့ ကျားနက်ရှင်မကို မိအောင်ဖမ်းပြီး ခေါ်လာကြပေတော့”

“ကောင်းပါပြီဆရာကြီး၊ သမန်းကျားတွေနဲ့တွေ့ရင်လည်း ကြောက်စရာမလိုပါဘူး၊ ကျွန်တော်တို့ နိုင်အောင် တိုက်ခိုက်နိုင်ပါတယ်”

ဟုပြောဆိုကာ သံပချိုင်နှင့် စံနက်ကျော်တို့သည် လိုအပ်သောပစ္စည်းကိရိယာ၊ ဆေးဝါးစသည်တို့ကို ယူဆောင်ကာ တဖုန်းရွာမှ ထွက်ခဲ့ကြလေတော့သည်။

သံပချိုင်နှင့် စံနက်ကျော်တို့သည် သာမန်အရပ်သားများအသွင် ဟန်ဆောင်ပြီး ဦးခေါင်းပေါ်တွင် ခမောက်တစ်လုံးစီဆောင်းထားကာ လွယ်အိတ်ကြီးတစ်လုံးစီ လွယ်ထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၄င်းတို့သည် လမ်း၌တွေ့သမျှလူတို့ကို သမန်းကျား များအကြောင်းနှင့် ကျားနက်ရှင်မအကြောင်းကို မေးမြန်း စုံစမ်းသွားကြလေသည်။

သို့သော် ထိုအရပ်ဒေသမှာတော့ သမန်းကျားများ အကြောင်းကိုမည်သူကမှ မပြောဝံ့ကြပေ။

သို့ဖြင့် ထမ်သီရွာသို့ ရောက်သွားကြသည်။

ထိုရွာရောက်ပြီးနောက် ကျားနက်ရှင်မအကြောင်း ကို စုံစမ်းကြည့်တော့လည်း မသိရပေ။ တစ်ခါမှာတော့ ထိုရွာခံမဟုတ်ပဲ အခြားဒေသမှ လာရောက်နေထိုင်သူတစ်ဦး နှင့် တွေ့သဖြင့် မေးမြန်းကြည်ရာ ၄င်းက သူသိသမျှ ပြောပြ လေသည်။

"ခင်ဗျားတို့က ထမန်းမျိုးနွယ်တွေကို ရှာနေကြတာ လား၊ ကျုပ်သိသမျှတော့ ထမန်းမျိုးနွယ်တွေဆိုတာလည်း သူလိုငါလိုနေကြတဲ့ လူတွေပဲ ဘယ်လိုသိမှာလဲ၊ ကျုပ်သိသ မျှတော့ သူတို့ ကျားအသွင်ပြောင်းတဲ့အချိန်မျိုးနဲ့တွေ့မှသာ သိရမှာပဲ"

ထိုသို့ပြောသဖြင့် စိတ်ပျက်သလို ဖြစ်သွားကြသည်။

"တခြားဘာတွေများ သိထားသေးသလဲ ပြောပါဦး"

"ဒီရွာမှာတော့ ရွာအစွန်ဘက်မှာ အိမ်ကြီးတစ်လုံးနဲ့ နေကြတဲ့ မြေးအဘွားနှစ်ယောက်ရှိတယ်၊ သူတို့က အပြင် တွေဘာတွေလည်း သိပ်မထွက်တော့ မသိကြဘူး၊ သတင်း





ကြားတာကတော့ သူတို့မြေးအဘွားက ထမန်းမျိုးနွယ်တွေ ဆိုလား ပြောသံကြားမိတယ်"

ဟုပြောသွားလေသည်။

သို့ကြောင့် သံပချိုင်နှင့် စံနက်ကျော်တို့လည်း ရွာ အစွန်မှာရှိသော အိမ်မည်းကြီးရှိရာသို့ သွားရောက်ကာ မနီး မဝေးမှ အကဲခတ်ကြည့်ကြလေသည်။

အိမ်ကြီးမှာတစ်အိမ်လုံး ရေနံချေးများ သုပ်ထား သောကြောင့် မည်းမှောင်နေပြီး ဝန်းတံခါးရော ခြံတံခါးရော ပိတ်ထားကာ လူရိပ်လူခြေလည်းမမြင်ရပေ။

"လူရိပ်လူခြေလည်း မတွေ့ရပါလား . . အိမ်ထဲမှာ လူတွေရောရှိကြရဲ့လား"

သူတို့နှစ်ယောက် ရောက်နေသောနေရာမှာ အိမ် ကြီးနှင့် မနီးမဝေးတောစပ်တစ်နေရာ၌ ဖြစ်သည်။

သူတို့နှစ်ယောက်က ရှေ့သို့မဲနေကြစဉ် နောက်မှ လူ တစ်ယောက်ရောက်လာပြီး ရပ်နေသည်ကိုပင် သတိမထားမိ ကြပေ။

"အဟမ်း . . ."

နောက်မှ အသံပေးလိုက်တော့မှ နှစ်ယောက်သား အလန့်တကြားလှည့်ကြည့်ကြလေသည်။

သူတို့နောက်မှာတော့ တစ်ကိုယ်လုံး အဝတ်မည်း ကြီး ခြုံထားသော အဖွားကြီးတစ်ယောက် ရပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာခြောင်းနေကြတာလဲ"

"ခင်ဗျားကဘယ်သူလဲ ထမန်းမျိုးနွယ်တစ်ယောက်လား"

"ငါက ထမန်းမျိုးနွယ်လည်း မဟုတ်ဘူး၊ သမန်းမျိုးနွယ်လည်းမဟုတ်ပါဘူး၊ ဒီရွာမှာနေတဲ့ သာမန်လူတစ်ယောက်ပါပဲ"

ဟုပြောကာ မျက်နှာကိုပြသည်။

စုန်းမကြီးတစ်ယောက်ကဲ့သို့ ပုံပန်းသဏ္ဌာန်ရှိသောမိန်းမကြီးပင်ဖြစ်သည်။

"ခင်ဗျားဘယ်သူလဲ'

"ငါ့နာမည် ဒေါ်မင်းဇာလို့ခေါ်တယ်၊ မင်းတို့ထင်သလို စုန်းမလည်းမဟုတ်ပါဘူး"

"ဒီရွာမှာ ကျားနက်ရှင်မဆိုတာ ရှိသလား"

"ရှိရင် မင်းတို့ကဘာလုပ်မလို့လဲ"

"တွေ့ချင်လို့ပေါ့ဗျ၊ ကျုပ်တို့ကတဖုန်းရွာက ဆရာကြီးသာဂရရဲ့တပည့်တွေလေ၊ တကယ်လို့တွေ့ရင် ပညာလေးဘာလေး စမ်းကြည့်ချင်လို့ပါ"

"ဒါများကွယ် ဒီနေရာကစောင့်လို့တော့ ဘယ်တွေ့ရပါ့မလဲ၊ ဒီအချိန်မျိုးလည်း သူကအပြင်မထွက်ပါဘူး၊ မင်းတို့သူ့ကို တကယ်တွေ့ချင်တယ်ဆိုရင် ညဘက် တောထဲကစောင့်မှ တွေ့ရမှာပေါ့"





ထိုသို့ပြောပြီးနောက် နေရာမှပြန်လှည့်သွားလေသည်။

"ငါတော့ ဒီအဖွားကြီးကို သိပ်မသင်္ကာဘူး စံနက်ကျော်"

"ဘာဖြစ်လို့လဲ"

"သူ့ပုံကြည့်ရတာ သိပ်မဟုတ်ဘူး၊ ထမန်းမျိုးနွယ်ထဲက ဖြစ်မယ်ထင်တယ်"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"သူပြောသလို သွားကြည့်တာပေါ့"

ဟုပြောကာ တောဘက်သို့ တစ်ကျော့ပြန်သွားကြလေသည်။

အချိန်က ညနေပိုင်းအချိန်သို့ ရောက်နေချေပြီ။

နေရောင်ခြည်မရှိတော့သဖြင့် တောတွင်းမှာ အလင်းရောင်သိပ်မရှိတော့ပဲ အမှောင်ရိပ်များ သမ်းစပြုနေချေပြီ။

သူတို့နှစ်ယောက် တောထဲရောက်သွားသော အချိန်မှာပင် သစ်ပင်များနောက်ဘက်မှထွက်လာသော လူသုံးယောက်နှင့် တွေ့ကြရသည်။

သုံးယောက်စလုံး သေနတ်များပါလာကြပြီး သံပချိုင်တို့နှစ်ယောက်ကို တွေ့သောအခါ သေနတ်ဖြင့်ချိန်ထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့က ဓားပြတွေလား၊ ဓားပြတိုက်ဖို့ဆိုရင်တော့ မှားနေပြီ၊ ကျုပ်တို့ကကုန်သည်တွေလည်း မဟုတ်ဘူး၊ အရောင်းအဝယ်သမားတွေလည်း မဟုတ်ဘူး၊ ကျုပ်တို့ကို ဓားပြတိုက်လို့ကတော့ ဘာမှရကြမှာမဟုတ်ဘူး"

သံပချိုင်က ပြောတော့ ခေါင်းဆောင်လုပ်သူက ပြောသည်။

"ငါတို့က ဓားပြတွေမဟုတ်ဘူး၊ သမန်းကျားတွေကို သတ်ဖို့ လိုက်ရှာနေကြတဲ့သူတွေပဲ"

"ဘယ်လိုကြောင့်လဲဗျ"

"တလောက ဒီတောထဲမှာ ငါတို့လူသုံးယောက်ကို သမန်းကျားတွေကိုက်သတ်လို့ သေသွားရတယ်၊ ဒါကြောင့် တွေ့ရင် သတ်မလို့ လိုက်ရှာနေကြတာ. ."

"ဟန်ကျလိုက်တာဗျာ၊ ကျုပ်တို့ကလည်း ဆေးဆရာတွေပဲ၊ သမန်းကျားတွေကိုဖမ်းမလို့ လိုက်ရှာနေကြတာ၊ ခင်ဗျားတို့နဲ့တွေ့ရတာ ဟန်ကျလိုက်တာ. ."

သံပချိုင်က ပြောတော့မှ သေနတ်များကိုပြန်ချလိုက်ကြသည်။ ထိုအဖွဲ့မှာ တစ်ဖက်နိုင်ငံမှလာသော ကုန်သည်အဖွဲ့ဖြစ်ပြီး ဓားပြတိုက်ရန်စောင့်နေစဉ် သမန်းကျားများနှင့် တွေ့သဖြင့် သုံးယောက်သေသွားသဖြင့် သုံးယောက်သာ ကျန်ခဲ့ကြခြင်း ဖြစ်သည်။

သူတို့သည် သမန်းကျားများနှင့် တွေ့ပါက သေနတ်





ဖြင့် ပစ်ခတ်သတ်ဖြတ်ရန် လိုက်လံရှာဖွေနေကြခြင်းဖြစ်၏။ ခေါင်းဆောင်လုပ်သူမှာ ရာဂျာဖြစ်ပြီး ကုလားလူမျိုးဖြစ်ကာ ကျန်နှစ်ယောက်ကတော့ ထန်ကုန်းနှင့် ဂျမားတို့ဖြစ်ကြသည်။ သုံးယောက်စလုံး သေနတ်တစ်လက်စီ ပါလာကြသည်။

"ခင်ဗျားတို့နဲ့တွေ့ရတာအတော်အဆင်ပြေတယ်။ နောက်ပြီး သတင်းတစ်ခုလည်း ပြောစရာရှိသေးတယ်"

သံပချိုင်ကဒေါ်မင်းဇာနှင့် တွေ့ခဲ့ရသော အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ကျုပ်တို့နှစ်ယောက်ကို သတ်ချင်လို့ တမင်ပြောလိုက်တာဆိုရင်တော့ ဒီညသူတို့မုချလာမှာပဲ၊ အဲဒီလိုလာတော့မှ စိတ်ကြိုက်သတ်ကြတာပေါ့"

ဟုပြောပြရာ ရာဂျာကလည်း သဘောတူလေသည်။

ထို့ကြောင့် နေဝင်သွားသောအခါ သေနတ်များကို အဆင်သင့်ပြင်ကာ သင့်တော်သောနေရာမှ စောင့်ကြလေသည်။ သံပချိုင်နှင့် စံနက်ကျော်တို့ နှစ်ယောက်ကတော့ လှံနှင့်ဓားတစ်လက်စီ ပါကြလေသည်။

စုစုပေါင်း ငါးယောက်ဖြစ်သွားသည်ကတစ်ကြောင်း၊ ရာဂျာတို့တွင် သေနတ်သုံးလက်ပါသောကြောင့် ပိုပြီးအားရှိစရာ ဖြစ်သွားကြသည်။

ညဦးပိုင်းအချိန်ရောက်တော့ ကျားဟိန်းသံများ နေရာအနှံ့မှ ကြားလာရသည်။ အသံများက နီးလာသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အကောင်အထည်တော့ မတွေ့ကြရသေးပေ။ သူတို့သည် သစ်ပင်ကြီးများပေါ်တွင် နေရာယူပြီး စောင့်ဆိုင်းနေကြသည်။

ညဥ့်နက်ပိုင်းရောက်တော့ ထိုသစ်ပင်အောက်သို့ လူတစ်ယောက်ရောက်လာသည်။ ပြီးနောက် အပင်အောက်မှ အပေါ်သို့မော့ကြည့်နေသည်။

ထိုအခြေအနေကို မြင်တော့ ထမန်းကျားထင်သဖြင့် သစ်ပင်ပေါ်မှာရှိနေသည့် ဂျမားက သေနတ်ဖြင့် ပစ်လိုက်လေသည်။

"ဒိုင်း . . ."

တိတ်ဆိတ်နေသောအချိန် ဖြစ်သောကြောင့် သေနတ်သံက ကျယ်လောင်စွာပေါ်ထွက်လာလေသည်။

တော်လဲသံကဲ့သို့ ပဲ့တင်ထပ်သံများပေါ်ထွက်လာပြီး မရှေးမနှောင်းမှာပင် ကျီးပြိုသံ၊ တောတိရစ္ဆာန်တို့၏ စူးစူးဝါးဝါး အော်သံများလည်း ပေါ်ထွက်လာလေတော့သည်။ သေနတ်ကျည်ဆံထိမှန်သွားသူက ဒဏ်ရာကို လက်ဖြင့်အုပ်ကာ ကျားတစ်ကောင်မာန်ဖီသောအသံမျိုးဖြင့် တစ်ချက်ဟိန်းလိုက်ပြီး တောထဲသို့ ဝင်ပြေးသွားလေသည်။

"လာ . . လိုက်ကြစို့"

"ဖြစ်ပါ့မလား မှောင်နေပြီ"

"ဖြစ်ပါတယ်၊ သေနတ်တွေနဲ့ လက်နှိပ်မီးတွေလည်း ပါသားပဲ"





ဟုပြောဆိုတိုင်ပင်ကာ သစ်ပင်အောက်သို့ ပြန်ဆင်းကြသည်။

"စောစောကတွေ့လိုက်တာ သမန်းကျားပဲ ဒဏ်ရာရသွားတော့ လူလိုမအော်ပဲ ကျားလိုအော်သွားတာ ကြားလိုက်တယ်မဟုတ်လား"

"ဟုတ်တယ်၊ သူ့ကိုမိရင် သမန်းကျားတွေအကြောင်း သိရမယ် လိုက်ကြစို့"

ဟုပြောဆိုတိုင်ပင် မြေပေါ်၌သော်လည်းကောင်း၊ သစ်ရွက်များပေါ်မှာသော်ည်းကောင်း စွန်းပေနေသော သွေး ခက်များကို ခြေရာကောက်လိုက်သွားကြလေသည်။ အတန် ငယ် ဝေးသောနေရာ ရောက်သောအခါမှာတော့ သစ်ချုံ နံဘေးမှာ လဲနေသူတစ်ဦးကို တွေ့ရလေသည်။

သို့ကြောင့် သတိဖြင့် အနားကပ်သွားပြီး မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။

ထိုသို့ မီးရောင်ဖြင့်ထိုးလိုက်တော့မှ လဲနေသူက ထိုင်လာလေသည်။ အခြားတော့မဟုတ်ပေ။

တလောက ထမန်းကျားများလက်ချက်ကြောင့် သေဆုံးသွားခဲ့သည့် သူတို့ကုန်သည်အဖွဲ့မှ လူတစ်ယောက်ပင် ဖြစ်ပေသည်။

"မင်းတို့က အခုမှရောက်လာတယ်၊ ငါတို့က စောင့်နေတာဖြင့် ကြာလှပြီ၊ ဟိုကောင်တွေလည်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောစဉ်မှာပင် တောတိုးလာသံများ ထပ်ကြားရပြီး နောက်ထပ်တောထဲမှ လူနှစ်ယောက်ထွက်လာပြန်သည်။ သေဆုံးခဲ့ပြီးသော ကျန်နှစ်ယောက်ပင်ဖြစ်ပေသည်။

နှစ်ယောက်စလုံး ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြပြီး၊ ခြေကားရား လက်ကားရားနှင့် ထွက်လာကြခြင်းဖြစ်သည်။

"ဟင်. . မင်းတို့ ဖုတ်ဝင်နေတာပဲ"

ပြောပြောဆိုဆိုနှင့် ခေါင်းဆောင်လာသော ရာဂျာက စတင်ထွက်ပြေးလေရာ ကျန်နှစ်ယောက်လည်း ထွက်ပြေးကြလေသည်။

ထိုအခြေအနေကိုမြင်တော့ သံပချိုင်နှင့် စံနက်ကျော်တို့ပါ ခြေဦးတည့်ရာပြေးကြရပေတော့သည်။

ထိုကဲ့သို့ပြေးသောအခါ ဖုတ်ဝင်နေသော အလောင်းများက မလိုက်နိုင်သဖြင့် ကျန်နေခဲ့ကြသော်လည်း ဘယ်နေရာက ရောက်လာမှန်းမသိသော ကျားများက တရကြမ်းလိုက်ဆွဲလေတော့သည်။

ထိုကဲ့သို့ ပြေးလွှားနေသော အချိန်မျိုးတွင် သေနတ်ရှိသော်လည်း ပစ်ခွင့်မသာတော့ပေ။

သံပချိုင်နှင့် စံနက်ကျော်တို့လည်း ဘေးအန္တရာယ်လွတ်ကင်းရာသို့ပြေးကြရာ ကျန်သုံးယောက်နှင့် လူချင်းကွဲသွားကြလေတော့သည်။

သူတို့နှစ်ယောက်မှာ ကံကောင်းထောက်မစွာဖြင့်





အသက်မသေကြသော်လည်း ရာဂျာတို့သုံးယောက်၏ ကံကြမ္မာကိုတော့ မသိကြရတော့ပေ။

တောကြီးမာယာဝက်ပါ ဆိုသည့်အတိုင်း တောတောင်မာယာနှင့် လှည့်စားမှုများက ကြောက်မက်ဖွယ်ကောင်းလှပေတော့သည်။




www.burmeseclassic.com

www.burmeseclassic.com







# အခန်း [ ၁၃ ]

# သာဂရနှင့် သူ၏အကြံအစည်များ

တမူးဘက်မှ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ပြန်ရောက်လာကြသောအခါ အခြေအနေ ပြောင်းလဲသွားသောနီမောင်ကို အံ့ဩနေကြလေသည်။

"နီမောင် ငါတို့တမူးဘက်သွားနေတုန်းမှာ မင်းအခြေအနေ အတော်ကောင်းသွားပါလား၊ ဘယ်လိုများ အခြေအနေ ပြောင်းသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်မရှိတော့ ငါတစ်ယောက်တည်း တောထဲဝင်ပြီး သစ်မွှေးရှာတယ်"

"အတော်သတ္တိကောင်းပါလား"

"အမေကလည်း နေမကောင်းဖြစ်နေ၊ အိမ်မှာလည်း စားဖို့သောက်ဖို့ စားရိတ်ကကုန်ကာနီးနေတာနဲ့ပဲ ဒီနားတစ်ဝိုက်တွေပဲ လှည့်ရှာရင်းနဲ့ သစ်ပင်တစ်ပင်တည်းကနေ သစ်မွှေးတစ်ပိဿာကျော်ကျော်လောက် ရလိုက်တယ်"

နီမောင်က ပေတလူအကူအညီပေးသော အကြောင်းကိုတော့ ပြောမပြတော့ပေ။

"မင်းကံကောင်းတာပေါ့ကွာ၊ တစ်ပင်တည်းကနေ တစ်ပိဿာကျော်ကျော်လောက်ဆိုတော့ ဆောလစ်ခဲဖြစ်မှာပေါ့"

"မင်းကတော့ ဒီမှာနေရင်းထိုင်ရင်း ကံကောင်းနေတယ်၊ ငါတို့နှစ်ယောက်ကတော့ စွန့်စွန့်စားစားနဲ့ တမူးအထိသွားတာတောင် အဆင်မပြေခဲ့ကြပါဘူး"

ဟုနှစ်ယောက်သားစိတ်ပျက်လက်ပျက် အမူအယာဖြင့် ပြောကြလေသည်။

"မင်းတို့မှာ အခက်အခဲရှိရင် ငါ့မှာ သစ်မွှေးရောင်းလို့ရတဲ့ငွေ ပိုနေသေးတယ် ယူသုံးကြပေါ့"

"မယူတော့ပါဘူးကွာ၊ မင်းတို့သာ အဆင်ပြေအောင်သုံးကြပါ"





ဟုပြောဆိုကာ နှစ်ယောက်သား ပြန်သွားကြသည်။

သူတို့နှစ်ယောက်မှာ အတော်ပင် စိတ်ပျက်လက်ပျက်ဖြစ်နေကြသော်လည်း ဒီအတိုင်းနေ၍ မရသဖြင့် နောက်ရက်များရောက်တော့လည်း ကိုယ့်အလုပ်ကိုယ်လုပ်ကြရပြန်လေသည်။ နီမောင်လည်း ပေတလူနှင့်တွေ့ရန် ရှိသောကြောင့် စောထီး၊ ငမဲအောင်တို့နှင့် မလိုက်တော့ပေ။

နောက်တစ်ရက်မှာတော့ ပေတလူအတွက် အစားအသောက်များ ထည့်ယူသွားပြီး တောသို့တစ်ယောက်တည်း သွားလေသည်။

တောတွင်းသို့ရောက်သောအခါ အသံကျယ်ကျယ်ဖြင့် အော်ခေါ်လိုက်သည်။

"ပေတလူရေ ပေတလူ ငါရောက်လာပြီဟေ့"

ထိုသို့အသံကျယ်ကျယ်ဖြင့် နှစ်ခါသုံးခါခေါ်လိုက်ပြီးနောက်တွင် သစ်ပင်ကြီးတစ်ပင်အောက်၌ ထိုင်စောင့်နေလိုက်သည်။ အတန်ကြာတော့ တောတိုးလာသံများ ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ သစ်ပင်များကြားမှ တိုးထွက်လာသော ပေတလူကိုတွေ့ရလေသည်။

အနားရောက်လာတော့ အသံဩဩဖြင့်ပြောသည်။

"မင်းကလည်း ကြာလိုက်တာကွာ"

"ငါလည်း အလုပ်တွေရှုပ်နေလို့ပါကွာ၊ ဒီမှာ မင်းအတွက် အစားအသောက်တွေ ငါယူလာတယ်၊ စားပေတော့



www.burmeseclassic.com

www.burmeseclassic.com



ဟော့"

ဟုပြောဆိုကာ ခြင်းတောင်းထဲမှာ ထည့်ယူလာသော အစားအသောက်များကို ပေတလူရှေ့သို့ ချပေးလိုက်ရာ အားရပါးရ ထိုင်စားနေသေည်။

"မင်းမလာခင်ကတည်းက သစ်မွှေးရှိတဲ့အပင်တွေကို ငါလိုက်ရှာထားတယ်၊ ဟိုးချောင်းဖျားဘက်နားမှာ တစ်ပင်ရှိတယ်၊ ပြီးမှ ငါလိုက်ပြမယ်"

"အခုလို အကူအညီပေးတာ မင်းကိုကျေးဇူးတင်ပါတယ်ကွာ၊ အရင်တစ်ပတ်ကလည်း မင်းကူပြီးရှာပေးလိုက်တဲ့ သစ်မွှေးရောင်းတာ ငွေအတော်ရတယ်"

ထိုအကြောင်းကိုတော့ ပေတလူက စိတ်ဝင်စားဟန်မတူပေ။ စားသောက်ပြီးတော့မှ ပြောသည်။

"နီမောင် အခုတလော မင်းမှာအန္တရာယ်တွေနဲ့ တွေ့နိုင်တယ်. . သွားလာတဲ့အခါမှာ သတိထားပါ"

"ဘယ်လို အန္တရာယ်မျိုးတွေလဲ"

"မင်းနောက်တော့ သိလိမ့်မယ် သူတို့နဲ့တွေ့ရင် ငါလည်း ကယ်နိုင်မှာ မဟုတ်ဘူး"

"စိတ်မပူပါနဲ့ကွာ၊ ငါသတိထားပါ့မယ်"

ထိုသို့ပြောဆိုကြပြီး စားသောက်ပြီးသောအခါ ထိုနေရာမှထွက်လာကြလေသည်။ ချောင်းဖျားဘက်ရောက်တော့ ပေတလူရှာထားသော သစ်မွှေးပင်ကိုလှဲပြီး အတွင်းမှာရှိ





သော သစ်မွှေးကိုထုတ်ယူလေသည်။

ပြီးနောက် ပေတလူကိုထားခဲ့ကာ တောတွင်းမှ ပြန်ထွက်လာလေသည်။ အချိန်က ညနေပိုင်းရောက်တော့မည်မို့ ခတ်သုတ်သုတ်ဆင်းလာရာ တစ်နေရာရောက်တော့ သူသွားမည့်လမ်းပေါ်မှာ ရပ်နေသော လူလေးယောက်ကို တွေ့ရလေသည်။ အခြားသူများမဟုတ်ပေ။

သံပချိုင်၊ စံနက်ကျော်၊ ဂျမားနှင့် ရာဂျာတို့လေးယောက်ပင်ဖြစ်၏။ ထန်ကူန်းဆိုသူမှာ ဖုတ်ကောင်များနှင့် တွေ့သောညက သေခဲ့လေပြီ။

"မင်းတို့ ဘယ်သူတွေလဲ"

"မင်းကိုတွေ့ချင်လို့ စောင့်နေတဲ့သူတွေပေါ့ကွာ"

မင်းကထမန်းတောရွာက နီမောင်မဟုတ်လား"

"ဟုတ်တယ်. . "

"ဟုတ်ရင်တော့ သိချင်တာတွေ မေးရဦးမှာပေါ့. . "

ထို့နောက် နီမောင်ကို ကြိုးဖြင့်တုတ်လိုက်သည်။ နောက်ဘက်မှာလွယ်ထားသော ခြင်းတောင်းထဲမှာတော့ လောလောဆယ်ရှာထည့်ယူလာသော သစ်မွှေးတုံးရှိနေသည်။

"သစ်မွှေးတုံးပါလား၊ မနည်းဘူး. . အရင်တစ်ခါလာရောင်းသွားတဲ့ သစ်မွှေးတုံးလောက်ရှိမယ်တင်တယ်"

ထိုစကားကြားတော့မှ တစ်ခါကမိမိရသော သစ်မွှေး



www.burmeseclassic.com

www.burmeseclassic.com



တုံးကို ဝယ်ယူလိုက်သည့် ကုန်သည်အဖွဲ့မှ နှစ်ယောက်ဖြစ်မှန်း သိရတော့သည်။

သံပချိုင်နှင့် စံနက်ကျော်တို့ကိုတော့ မသိပေ။

"အရင်တစ်ခါတုန်းက မင်းအပြန်မှာ ဓားပြတိုက်မလို့ တောလမ်းကစောင့်နေတာကို ကံကောင်းလို့လွတ်သွားတယ်၊ ဒီတစ်ခါတော့ တည့်တည့်တိုးတာပဲ"

ဟုဆိုကာ ရာဂျာက သစ်မွှေးတုံးကို နှိုက်ယူလိုက်သည်။ ထို့နောက် နီမောင်တစ်ကိုယ်လုံးကို ရှာဖွေရာ အိတ်ထဲ၌ အမြဲထည့်ထားသော ကျားဖြူရုပ်ကလေးကို တွေ့သဖြင့် သံပချိုင်က ယူလိုက်သည်။

"ဟင်. . ဒါ ထမန်းမျိုးနွယ်တွေအသုံးပြုတဲ့ ကျားဖြူရုပ်ပဲ၊ မင်း ဘယ်ကရတာလဲ"

"တောထဲက ကောက်ရတာ. ."

သံပချိုင်က မယုံကြည်ပေ။ သို့ကြောင့် ထပ်မေးသည်။

"မင်း ထမန်းမျိုးနွယ်တစ်ယောက်လား"

"မဟုတ်ဘူး"

"ထမန်းမျိုးနွယ်တွေရဲ့သခင်မ ကျားနက်ရှင်မကို သိတယ်မဟုတ်လား"

"ငါ မသိဘူး"

"ဖြောင်း. . ဖြောင်း. ."

သံပချိုင်က နီမောင်မျက်နှာကို လက်ဖြင့်ရိုက်ချလိုက်





ရာ ပါးစပ်မှ သွေးများကျလာသည်။

"မလိမ်နဲ့၊ ဒီအရုပ်မျိုးက သာမန်ထမန်းမျိုးနွယ်တွေ မကိုင်ဘူး၊ ခေါင်းဆောင်မှ ကိုင်လို့ရတယ်၊ မင်းကိုဘယ်သူပေးတာလဲ"

"ငါမသိဘူး"

"ဖြောင်း. . ဖြောင်း. ."

ထပ်ရိုက်ပြန်သည်။

ထိုအခိုက်မှာပင် တောထဲမှထွက်လာသော ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ သူတို့ရှိရာသို့ လာနေသော ရုပ်တုသရဲကိုတွေ့ကြရသည်။

"သစ်သားရုပ်တုကြီး အသက်ဝင်နေတာပါလား"

"အဲဒါ ဖုတ်သွင်းထားတဲ့ ရုပ်တုသရဲပဲ"

စံနက်ကျော်က ပြောသည်နှင့် ရာဂျာက ကြောက်ကြောက်လန့်လန့်ဖြင့် လက်ထဲမှ သေနတ်ဖြင့် ပစ်ပြန်သည်။

"ဒိုင်း. . ဒိုင်း. ."

ကျည်ဆံထိမှန်သောကြောင့် သစ်သားရုပ်တု၏ ကိုယ်ပေါ်မှာ ဟောင်းလောင်းပေါက်ဖြစ်သွားပြီး ယိုင်လဲကျသွားသည်။ သို့သော် ချက်ချင်း ပြန်ထလာပြန်သည်။

"ဒိုင်း. . ဒိုင်း. ."

ထပ်ပစ်သောအခါ လဲကျသွားပြန်သည်။ ချက်ချင်းပင် ပြန်ထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပစ်နဲ့ . မပစ်နဲ့၊ သစ်သားရုပ်ထုကို သေနတ်နဲ့ပစ်လို့ မရဘူး"

ဟုပြောပြောဆိုဆိုနှင့် သံပချိုင်က လွယ်အိတ်ထဲမှပါလာသော အင်းချပ်တစ်ခုကို ထုတ်ယူပြီး ပစ်ပေါက်လိုက်တော့မှ ဝူးဝူးဝါးဝါးအော်ကာ ရုပ်တုကလဲကျသွားလေတော့သည်။ ဖုတ်သွင်းထားသော ဝိညာဉ်က ပြန်ထွက်သွားသောကြောင့် သစ်သားရုပ်တုကြီးက ငြိမ်သက်စွာ ကျန်နေခဲ့ခြင်းဖြစ်တော့သည်။

နီမောင်မှာ သူ့ကိုအကူအညီပေးနေသော ပေတလူအဖြစ်ကို မြင်သောအခါ စိတ်မကောင်းဖြစ်သွားမိသည်။ သို့သော် သူကိုယ်တိုင်လည်း ကြိုးတုပ်ခံနေရသောကြောင့် မည်သို့မှ မတတ်နိုင်တော့ပေ။

ရုပ်တုသရဲကပါ လာရောက်အကူအညီပေးသည်ကို မြင်တော့ နီမောင်အပေါ်မှာပိုပြီး သံသယဝင်သွားသောကြောင့် ထပ်မံစစ်ဆေးကြပြန်သည်။

နီမောင်ကလည်း မပြောပေ။

မပြောသဖြင့် ထပ်မံရိုက်နှက်ပြန်ရာ တစ်ကိုယ်လုံးသွေးချင်းချင်းနီနေပေတော့သည်။

နောက်ဆုံး ဘယ်လိုမှ မေးမရတော့မှ လက်လျှော့သွားကြသည်။

"ဘယ်လိုမေးလို့မှ ပြောမှာမဟုတ်ဘူး၊ ဘယ်လိုလုပ်





ကြမလဲ"

"ငါတို့လိုချင်တာရပြီဆိုတော့ သူ့ကို ကြိုးတုပ်ပြီးသာထားခဲ့ပေါ့။ ငါတို့ထွက်သွားတာနဲ့ ကျားရောက်လာပြီး ဆွဲသွားတာနဲ့ သေမှာပဲ"

ထို့နောက် သံပချိုင်တို့နှစ်ယောက်က ရာဂျာနှင့်ဂျမားကိုပါ တစ်ပါတည်းခေါ်ပြီး တဇုန်းရွာသို့ ပြန်သွားကြလေတော့သည်။ သာဂရအလိုရှိသော ကျားဖြူရုပ်ကို ရခဲ့ပြီဖြစ်သောကြောင့် သူတို့နှစ်ယောက်ကတော့ များစွာကျေနပ်နေကြလေသည်။

အချိန်က ညဦးပိုင်းသို့ရောက်လာချေပြီ။

တောတွင်းမှာ တဖြည်းဖြည်းနှင့် အမှောင်ရိပ် များလာပေပြီ။ ညအချိန်အစာရှာထွက်လာသော တောကောင်ကြီးများအော်သံများ ပေါ်ထွက်လာသည်။ ကျားဟိန်းသံများက နေရာအနှံ့မှ ကြားနေရသည်။

ခြေလက်တို့ကို ကြိုးတုပ်ခံထားရသော နီမောင်ကတော့ နေရာမှာပင်ကျန်ခဲ့ပြီး မလှုပ်နိုင်ပေ။ အရိုက်အနှက်ခံထားရသောကြောင့် တစ်ကိုယ်လုံး နာကျင်နေကာ သွေးများလည်း နီရဲနေလေသည်။

သူနှင့် မနီးမဝေးမှာတော့ ဝိညာဉ်မရှိတော့သည့် သရဲရုပ်တုက လဲကျနေလျက်ရှိသည်။

"ငါ့ကိုမင်းက အကူအညီပေးခဲ့တယ်၊ မင်းကိုခုရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါကအကူအညီမပေးနိုင်ဘူး၊ ငါစိတ်မကောင်းပါဘူး ပေတလူရယ်"

ဟု ရေရွတ်နေမိသည်။

အတန်ကြာတော့ တောထဲမှ ခြေသံအချို့ကြားလာရပြန်သည်။ တောကောင်ကြီးများ ရောက်လာလေပြီလားဟု ထင်သဖြင့် ကြည့်လိုက်ရာ မမျှော်လင့်သူနှစ်ယောက်ကို တွေ့ရလေသည်။

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ပင်ဖြစ်သည်။ သူတို့နှစ်ယောက်က ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ပြီး နီမောင်အနားသို့ ရောက်လာကာ ကြိုးဖြေပေးလိုက်ကြသည်။

"မင်းတို့က ဘယ်လိုရောက်လာကြတာလဲ"

"ငါတို့နှစ်ယောက်တောထဲက ပြန်ဆင်းလာတော့ ဒီဘက်က သေနတ်သံတွေကြားရလို့ အခြေအနေလာကြည့်ကြတာ ဒီရောက်တော့မှ မင်းကိုနှိပ်စက်နေကြတာ မြင်လို့ တစ်နေရာကစောင့်နေကြတာ၊ မင်းကိုနှိပ်စက်နေတာ ဘယ်သူတွေလဲ"

"ဓားပြတွေလို့ထင်တာပဲ၊ ငါရှာလို့ရတဲ့ သစ်မွှေးတုံးတောင်ယူသွားကြတယ်၊ နောက်ပြီးကျားဖြူရုပ်ကလေးလည်း ပါသွားပြီ"

"သာမန်တွေ့လို့ တိုက်တဲ့ဓားပြတွေတော့ ဟုတ်ပုံမရ





ဘူး၊ မင်းနဲ့ပတ်သက်တဲ့အကြောင်းတွေကို တစွန်းတစသိလို့ နောက်ကလိုက်ခြောင်းနေကြတာ ဖြစ်မယ်၊ ပစ္စည်းပါသွားဘာတော့ ပါပေါ့ကွာ အသက်အန္တရာယ်မဖြစ်ရင် ပြီးတာပါပဲ၊ မှောင်လာပြီ ဒီမှာကြာကြာနေလို့ မကောင်းဘူး သွားကြရအောင်"

ထိုသို့ပြောပြီး သုံးယောက်သား ထိုနေရာမှ ပြန်ထွက်ရန်ပြင်ကြစဉ် စောထီးက တောစပ်မှာ လဲကျနေသော သရဲရုပ်တုကြီးကို တွေ့သွားသည်။

"ဒီမှာ သရဲရုပ်တုကြီးပါလား၊ ဘယ်လိုဖြစ်တာလဲ"

နီမောင်က အကျိုးအကြောင်း ပြောပြလိုက်သည်။

"မင်းကိုအကူအညီပေးမလို့ လာတာဖြစ်မယ်၊ ဒီရောက်တော့မှ သူကိုနိုင်တဲ့သူနဲ့တွေ့ပြီး ဖုတ်ပြန်ထွက်သွားတာဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် သူကအကူအညီမပေးနိုင်ခဲ့ပေမယ့် သူကိုပစ်တဲ့ သေနတ်သံကြောင့် ငါတို့ရောက်လာနိုင်ကြတာ၊ ဘာပဲဖြစ်ဖြစ် သူက အကူအညီပေးတယ်လို့ပဲ ယူဆရတော့မှာပဲ"

ဟုပြောကာ စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်က နီမောင်ကိုတွဲကာ တောထဲမှ ပြန်ထွက်သွားကြလေသည်။

နီမောင်စိတ်ထဲမှာတော့ သူ့တွင်ရန်သူများရှိနေပြီကို သိသဖြင့် စောထီးနှင့် ငမဲအောင်တို့အား အကျိုးအကြောင်း ပြောပြပြီး အကူအညီတောင်းရမည်ဟု တွေးမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းအချိန်ကျော်တော့မှ သံပချိုင်တို့လေး ယောက်လည်း တဇုန်ရွာသို့ ပြန်ရောက်သွားကြလေသည်။ သာဂရနှင့်တွေ့သောအခါ သူတို့ရလာသော ကျားဖြူရုပ် ကလေးကို ပေးလိုက်ကာ အကြောင်းစုံပြောပြလိုက်လေ သည်။

"ဟန်ကျလိုက်ပလေ၊ ဒီကျားဖြူရုပ်မျိုးဆိုတာ ကျား နက်ရှင်တွေသာ အသုံးပြုတဲ့ ရုပ်တုမျိုးပဲ၊ ကျားမာန်စွယ်နဲ့ ထုလုပ်ထားပြီး သိဒ္ဓိရှိတယ်၊ ဒီရုပ်တုရှိနေရင် ဘယ်ကျားမှ ကိုယ့်နားကို မလာဝံ့ဘူး"

"တယ်ဟန်ပါလား"

"ဒီအတိုင်းဆိုရင် ဒီရုပ်တုရှိတဲ့သူဟာ ကျားနက်ရှင်မ နဲ့အဆက်အသွယ်ရှိတဲ့ သူပဲဖြစ်ရမှာပေါ့၊ ဒီအတိုင်းဆိုရင် တော့ စုံစမ်းရတာသိပ်မခက်တော့ဘူး၊ ဒါထက် ကျားဖြူရုပ်ရ ထားတဲ့သူက ဘယ်သူတဲ့လဲ"

"ထမန်းတောရွာမှာနေတဲ့ နီမောင်လို့ပြောတယ် ဆရာကြီး"

"ဒါဆိုရင် သူကိုယ်တိုင်က ထမန်းမျိုးနွယ်ဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ ကျားနက်ရှင်မနဲ့ အဆက်အသွယ်ရှိတဲ့သူဆို တာသေချာသွားပြီ၊ ဒီလောက်သိရရင်တော့ စုံစမ်းရတာ သိပ် မခက်တော့ပါဘူး၊ ထမန်းမျိုးနွယ်တွေရဲ့ ရှေးဟောင်းမှတ် တမ်းတွေကိုလည်း ရနိုင်ဖို့ နီးစပ်လာပါပြီ"





ဟုကျေနပ်သောအသံဖြင့် ပြောလေသည်။

ထိုအခါ သံပချိုင်က ကျားဖြူရုပ် ယူလာသဖြင့် မျက် နှာကောင်းရနေသည်ကတစ်ကြောင်း၊ ဆရာဖြစ်သူ စိတ် သက်ကြည်သာနေသောအချိန်ဖြစ်သဖြင့် သိလိုသော်လည်း ယခင်ကမမေးဝံ့သော အကြောင်းအရာတို့ကို မေးလိုက်လေ သည်။

"အဲဒီမှတ်တမ်းတွေနဲ့ ထမန်းမျိုးနွယ်တွေအကြောင်း သိသင့်သလောက်သိချင်ပါတယ် ဆရာကြီး"

ထိုအခါ သာဂရက မှတ်တမ်းများ၌ရှိသော အ ကြောင်းအရာအချို့ကို ပြောပြလေသည်။

၎င်းပြောပြသော အကြောင်းအရာအချို့မှာ . .

တစ်ခါက ထိုနယ်တွင် ထမန်းလူမျိုးအများအပြား နေထိုင်ကြပြီး ရှင်မထီးဆိုသူ ရွာသူကြီးတစ်ဦးက အုပ်ချုပ်လေ သည်။ ထမန်းလူမျိုးတို့၏ အကြီးအကဲမှာ ဒေါ်မင်းရှေးဆို သော မိန်းမကြီးတစ်ယောက်ဖြစ်ပြီး စုန်းအတတ်၊ ကဝေအ တတ်များသာမကပဲ ရုပ်ပြောင်းနာမ်ခွာ ဘူတာဝါဟနပညာ ရပ်ကို အထူးကျွမ်းကျင်စွာ ပြောင်းလဲနိုင်သူဖြစ်သည်။

ထမန်းလူမျိုးများက ဒေါ်မင်းရှေးကို များစွာကြောက် ရွံ့ကြလေသည်။

အချို့ကလည်း သူမထံမှ ရုပ်ပြောင်းနာမ်ခွာ ဘူတာ ဝါဟနပညာကို ချဉ်းကပ်ပြီးသင်ယူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့်ရန်သူကို ကလဲစားချေသတ်ဖြတ်နိုင်ရန်နှင့် သားကောင်ရှာဖွေဖမ်းဆီးရန်အတွက် လူမှကျား အသွင် ပြောင်းလဲနိုင်သည့် ပညာကိုသာသင်ယူကြလေရာ နှစ်ပေါင်းများစွာကြာသောအခါ ထမန်းလူမျိုးတိုင်း လူမှကျား အသွင် ပြောင်းနိုင်သောပညာကို တတ်ကျွမ်းကြသည်။

နောက်ပိုင်း မြန်မာနိုင်ငံ အင်္ဂလိပ်မျက်နှာဖြူများ သိမ်းပိုက်ခဲ့ကြပြီး အထက်ချင်းတွင်းခရိုင်ကို မစ္စတာဂရန့်ဗရောင်းဆိုသူက လာရောက်အုပ်ချုပ်လေသည်။

ခရိုင်အတွင်းဝန်အဖြစ်နှင့် လာရောက်အုပ်ချုပ်သော ဂရန့်ဗရောင်းသည် လူသတ်မှုဖြင့် ထင်ရှားသော ထမန်းမျိုးနွယ်တစ်ဦးကို ကြီးလေးသောအပြစ်ဒဏ်ပေးလိုက်သည်။

ထိုသို့အပြစ်ပေးသည်ကို မကျေနပ်သဖြင့် ထမန်းမျိုးနွယ်များက သွားလေရာလိုက်ပြီး ရန်ရှာကြသည်။

တစ်ခါမှာတော့ ထမံသီသစ်တောများအတွင်း လှည့်လည်စစ်ဆေးနေစဉ် ကျားများလာရောက်နှိမ်နင်းသဖြင့် သေနတ်ဖြင့်ပစ်ခတ်နှိမ်နင်းရာ တစ်ကောင်ကိုကျည်ဆံထိမှန် သွားလေသည်။

လိုက်လံရှာဖွေသောအခါ ခါးအထက်ပိုင်းကလူသားတစ်ယောက်ဖြစ်နေပြီး ခါးအောက်ပိုင်းက ကျားတစ်ကောင်အသွင်ဖြင့် အသက်သေဆုံးနေသော သမန်းကျားကို တွေ့ကြရလေသည်။





ထိုအချိန်ကစပြီးဂရန့်ဗရောင်းသည် သမန်းကျားများအကြောင်းကို သိသွားပြီး ထိုပညာတတ်သူများကို လိုက်လံဖမ်းဆီးခဲ့လေသည်။

ထိုအကြောင်းကို သိသောအခါ ဒေါ်မင်းရေးသည် သမီးဖြစ်သူကိုခေါ်ကာ ထိုနေရာမှ ခြေရာဖျောက်သွားလေတော့သည်။ သူနှင့်အတူ ရုပ်ပြောင်းနာမ်ခွာ ဘူတာဝါဟန ပညာများလည်း ပါသွားလေတော့သည်။

ခေတ်ပညာတတ်သော ဂရန့်ဗရောင်းကတော့ ထိုပညာမှာ ကဝေအတတ်ပညာများမှ ပွားလာသော ဗျူဟရူပဗေဒပညာသာဖြစ်ကြောင်း၊ အာဖရိကတိုက်ရှိ ထရန်စဖော်နယ်အူဗန်ရို(ခေါ်)တိုင်းရင်းသားများနေထိုင်သော ရွာတစ်ရွာတွင် လူတစ်ပိုင်း ခြင်္သေ့တစ်ပိုင်း ဖြစ်နေသော အရိုးစုတစ်စုကို တွေ့ခဲ့ဖူးသောကြောင့် ထမန်းလူမျိုးများအသုံးပြုသော ရုပ်ပြောင်းနာမ်ခွာမှာ အာဖရိကဘက်မှ လူမျိုးစုများ အသုံးပြုသော ပညာမျိုးဖြစ်နိုင်ကြောင်း မှတ်ချက်ချကာ မှတ်တမ်းရေးထားခဲ့သည်။

အထက်ဒေသမှ ခြေရာဖျောက်လာသော ဒေါ်မင်းရေးသည် ထမန်းလူမျိုးများ အနေများသော ထမံသီဘက်မှ ရွာတစ်ရွာတွင် လျှို့ဝှက်စွာနေခဲ့ရာမှ အသက်အရွယ်ကြီးသောအခါ သေဆုံးသွားခဲ့လေသည်။

၄င်းသေသောအခါ သမီးတစ်ယောက်ကျန်ခဲ့ပြီး ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



မင်းရေးတတ်သော ပညာများကို သမီးအား အမွေပေးခဲ့သောကြောင့် ရလိုက်လေသည်။

ဒေါ်မင်းရေးသေဆုံးသည်မှာ ကာလကြာခဲ့ပြီဖြစ်သောကြောင့် သမီးဖြစ်သူပင် အသက်(၅၀) ကျော်အရွယ်ခန့် ရှိပေလိမ့်မည်။

မည်သူမည်ဝါမှန်းမသိရသော်လည်း ထမံသီရွာ၌ပင် နေထိုင်မည်ဟု ခန့်မှန်းရလေသည်။

ဒေါ်မင်းရေးလက်ထက်ကတည်းက အသုံးပြုခဲ့တဲ့ မှတ်တမ်းများကိုလည်း ထမန်းမျိုးနွယ်များ သေသောအခါ မြှုပ်နှံလေ့ရှိသည့် ထမန်းနက်သင်္ချိုင်းဂူအတွင်း၌ လျှို့ဝှက်စွာ သိမ်းဆည်းထားကြောင်း. . .

စသည်ဖြင့် သာဂရက အရေးကြီးသောအကြောင်းများကို ပြောပြရာ သံပချိုင်နှင့် စံနက်ကျော်တို့သာမကပဲ နောက်မှပါလာသော ရာဂျာနှင့် ဂျမားတို့ကပါ စိတ်ဝင်စားနေကြသည်။

"ဆရာကြီးပြောပြတဲ့ မှတ်တမ်းတွေအရဆိုရင် ကျွန်တော်တို့ စုံစမ်းရခဲ့တာတွေနဲ့ ကိုက်တယ်"

"ဘယ်လိုကိုက်တာလဲ. ."

"ထမံသီရွာမှ ဒေါ်မင်းဇာဆိုတဲ့ အဖွားကြီးတစ်ယောက်ရှိတယ်၊ အသက်(၅၀)ကျော်လောက်ပဲရှိသေးတယ်၊ သူ့မှာ မြေးတစ်ယောက်လား၊ သမီးတစ်ယောက်လားရှိ





တယ်၊ သူတို့နှစ်ယောက်စလုံးကို ထမန်းမျိုးနွယ်တွေက အခတော်ကလေး ကြောက်ရွံ့ကြတယ်"

"ဟုတ်တယ်ဆရာကြီး၊ ထမန်းမျိုးနွယ်မဟုတ်တဲ့ သူတွေကလည်းကြောက်လို့ ဘယ်သူမှ အဆက်အဆံမလုပ်ကြပဲ ရွာအစွန်ဘက်မှာ အိမ်ကြီးတစ်လုံးနဲ့နေကြတယ် ဆရာကြီး၊ ကျွန်တော်အထင်ပြောရရင်တော့ ဒေါ်မင်းရေးရဲ့ အဆက်အနွယ်ဆိုတာ အဲဒီဒေါ်မင်းဇာပဲ ဖြစ်မယ်ထင်တယ်"

ဟု စံနက်ကျော်ကပါ ဝင်ပြောလေသည်။

"အေးလေ. . ဒီလိုသိရပြီဆိုတော့ မခက်တော့ပါဘူး၊ သူတို့မြေးအဖွားကို တစ်ယောက်မဟုတ်တစ်ယောက် ဖမ်းခေါ် သွားပြီး စစ်လိုက်ရင်ပေါ်မှာပါ"

"ဖြစ်ပါ့လား ဆရာကြီး၊ သူတို့မှာ လူကနေ ကျားဖြစ်နိုင်တဲ့ သမန်းကျားတွေရှိနေတော့ အန္တရာယ်တော့ကြီးမယ် ထင်တယ်"

"စိတ်မပူကြပါနဲ့ကွာ၊ မင်းတို့ရလာတဲ့ ကျားဖြုရုပ်က သာမန်မဟုတ်ဘူး၊ ထမန်းမျိုးနွယ်ခေါင်းဆောင်တွေသာ ဆောင်ခွင့်ရှိတဲ့ သိဒ္ဓိရှိတဲ့ အဆောင်မျိုးပဲ၊ ကျားမာန်စွယ်နဲ့ ပြုလုပ်ထားတာမို့ သမန်းကျားတွေလည်း အနားမကပ်နိုင်ဘူး၊ သာမန်ကျားတွေလည်း ဒီရုပ်ထုကိုမြင်တာနဲ့ ပြေးကြလိမ့်မယ်"

"ဟန်ကြလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အတွက် ပိုပြီးအဆင်ပြေတာကတော့ မင်းတို့နဲ့ ပါလာတဲ့ လူနှစ်ယောက်မှာ သေနတ်နှစ်လက်ပါလာတယ်၊ ဒီတော့ ဘယ်လိုရန်သူမျိုးနဲ့တွေ့လို့မှ ကြောက်စရာမလိုတော့ဘူးပေါ့"

"အမှန်ပါပဲ"

"မင်းတို့နှစ်ယောက်ကိုလည်း ပြောရဦးမယ်၊ ငါတို့ကိစ္စတွေ အောင်မြင်သွားရင် မင်းတို့လိုချင်တဲ့ သစ်မွှေးနဲ့ ရွှေငွေတွေ ငါပေးလိုက်ပါ့မယ်"


ထိုစကားကြားတော့ ရာဂျာတို့နှစ်ယောက်လည်း ဝမ်းသာသွားကြလေသည်။

သူတို့နှစ်ယောက်မှာ လာစဉ်က(၆)ယောက်ဖြစ်သော်လည်း ယခုနှစ်ယောက်တည်းကျန်တော့သဖြင့် အခက်တွေ့နေကြစဉ် သံပချိုင်တို့နှင့်တွေ့သောအခါ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင် ဆွဲမိသကဲ့သို့ဖြစ်ကာ မထူးဇာတ်ခင်းပြီး လိုက်လာကြခြင်းဖြစ်သည်။

ယခု သာဂရနှင့် တွေ့သောအခါမှာတော့ သူ့အစီအစဉ်များအတိုင်းလိုက်ကာ အခြေအနေအရ မီးစင်ကြည့်ကရုံသာ ရှိပေတော့သည်။







# အခန်း ( ၁၄ )

# ကြွေလွင့်ခဲ့ရသောပန်းတစ်ပွင့်

**အ**ချိန်က ညဦးပိုင်းအချိန် ကျော်လာခဲ့ပေပြီ၊ လရောင်မရှိသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေလေသည်။ ယခုကဲ့သို့ အမှောင်ဖုံးသောညအချိန် ရောက်သောအခါ ထမံသီရွာတွင်းမှာပင် အကြောင်းကြီးငယ်မှုံ နှင့် အပြင်သို့ အသွားအလာမပြုကြတော့ပေ။

တောနှင့်တစ်ဆက်တည်းရှိသော ရွာအပြင်ဘက်၌



www.burmeseclassic.com

www.burmeseclassic.com



သော်လည်းကောင်း၊ ရွာအစွန်ဘက်၌သော်လည်းကောင်း လူသွားလူလာမရှိသလောက်ဖြစ်ကာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ရွာအစွန်ဘက်မှာတော့ ဒေါ်မင်းဇာတို့ မြေးအဖွားနေသည့် အိမ်ကြီးရှိသည်။ မီးရောင်မရှိသောကြောင့် အမှောင်ရိပ်ထဲမှာ မကောင်းဆိုးဝါးကြီးငုတ်တုတ်ထိုင်နေသကဲ့သို့ ရှိပေသည်။

နေ့အချိန်မှာပင် ထိုနေရာဘက်သို့ လူသွားလူလာမရှိသလောက်နည်းပေရာ ညအချိန်ရောက်သောအခါမှာတော့ ဘယ်သူမှ မလာဝံ့တော့သဖြင့် တိတ်ဆိတ်ငြိမ်သက်နေခြင်းဖြစ်သည်။

ယခင်ကတော့ အိမ်ကြီးတစ်လုံးနှင့် မိန်းမသားနှစ်ယောက်တည်းနေသောအိမ်ကြီးကို တစေ့တစောင်းလာပြီး အကဲခတ်ကြည့်ကြဖူးသည်။

သို့သော် ထိုနေရာရောက်သည်နှင့် အမှောင်ထဲမှ ကျားဟိန်းသံများ ကြားရခြင်း၊ သွားလာနေသော မည်းမည်းသဏ္ဌာန်များကိုတွေ့ကြရသည်။

အချို့ အရဲစွန့်ကာ ခြံဝန်းထဲဝင်ကြည့်ကြသူအချို့ ကျားဆွဲခံရသဖြင့် သေကြရပြီးနောက်မှာတော့ နောက်ထပ်မည်သူမှ မဝင်ဝံ့ကြတော့ပေ။

ယခုလည်း အမှောင်ရိပ်ထဲမှာ ထိုအိမ်ကြီး၏ ပတ်





ဝန်းကျင်၌ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေချေသည်။

ထိုအချိန်ရောက်တော့ ခြံဝန်းအနီးသို့ လူတစ်စု ချဉ်းကပ်လာလေသည်။ ဦးခေါင်းပေါ်မှာ အဝတ်မည်းကြီးများခြုံထားကြသဖြင့် အမှောင်ထဲတွင် မကောင်းဆိုးဝါးများ သွားလာနေသကဲ့သို့ ရှိလေသည်။

ထိုလူစုမှာ စုစုပေါင်း ငါးယောက်ဖြစ်ပြီး ဓားလှံအပြင်သေနတ်များပါ ပါလာကြလေသည်။

၎င်းတို့သည် ခြံဝန်းအနီးသို့ရောက်သည်နှင့် အခြေအနေကြည့်နေကြစဉ် ခြံဝန်းအတွင်းမှ ကျားဟိန်းသံများ ကြားကြရသည်။ အမှောင်ရိပ်ထဲမှ နီရဲနေသော မျက်လုံးများကိုတွေ့သဖြင့် အချို့ကြောက်လန့်နေကြသည်။

"ဘာမှမကြောက်ကြနဲ့"

ရှေ့ဆုံးမှလာသူက ပြောပြောဆိုဆိုနှင့် လွယ်အိတ်ထဲမှ အရာဝတ္ထုတစ်ခုကို ထုတ်လိုက်သည်။

ကျားဖြူရုပ်တစ်ခုပင်ဖြစ်သည်။

ထိုရုပ်တုကိုမြှောက်ပြလိုက်သည်နှင့် စောစောကမာန်ဖီနေသောကျားဟိန်းသံများမှာ မီးကိုရေဖြင့်ဖျန်းလိုက်သကဲ့သို့ တိတ်ဆိတ်ငြိမ်သက်သွားကြလေသည်။

အမှောင်ထဲမှာ မြင်နေရသော အနီရောင် မျက်လုံးများလည်းပျောက်သွားပေတော့သည်။

"တယ်ဟုတ်ပါလား ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရုပ်တုပါလာရင် ရိုးရိုးကျားပဲဖြစ်ဖြစ်၊ သမန်းကျားပဲဖြစ်ဖြစ် အနားမကပ်ဝံ့ဘူး၊ ဒီတော့ ဘာမှမကြောက်ကြနဲ့"

ဟုလေသံတိုးတိုးဖြင့် ပြောဆိုကာ ခြံဝန်းအတွင်းသို့ ဝင်သွားကြလေသည်။ ထိုအချိန်ရောက်သည်အထိတော့ မည်သည့်အနှောက်အယှက်မှ မတွေ့ကြရပေ။

ငါးယောက်သား တံခါးပေါက်ဝရောက်သောအခါ တံခါးချပ်ကို ခက်ခက်ခဲခဲမဖွင့်ရခင်မှာ အလိုလိုပွင့်သွားကြသည်။ အတွင်းမှာတော့ အသက်အရွယ်ကြီးလှပြီဖြစ်သော အဖွားကြီးတစ်ယောက် ရပ်နေလေသည်။

အမှောင်ထဲမှာရပ်နေသည်ကတစ်ကြောင်း၊ အဝတ်နက်ကြီးကို ဦးခေါင်းပေါ်မှာ ခြုံထားသဖြင့် မျက်နှာတော့ မမြင်ရပေ။

"ခင်ဗျားဘယ်သူလဲ"

"ငါက ဒီအိမ်မှာနေတဲ့ ဒေါ်မင်းဇာပဲ"

"ဒေါ်မင်းဇာဆိုတာ နာမည်တော့ကြားဖူးပါရဲ့၊ လူတော့ အခုမှတွေ့ရတော့တယ်"

"နင်တို့ ဘာလာလုပ်တာလဲ"

"လိုချင်တာရှိလို့ လာတာပေါ့ဗျာ၊ ခင်ဗျားက ထမန်းနက်ခေါင်းဆောင်လား"

"မဟုတ်ဘူး"

"ဒါဖြင့်. . ဘူတာဝါဟနမှတ်တမ်းတွေ ဘယ်မှာရှိသ





လဲ"

"ငါမသိဘူး"

"ကောင်းကောင်းမေးလို့မရရင်တော့ ရတဲ့နည်းနဲ့မေးရမှာပဲ"

ဟုပြောနေစဉ်မှာ အိမ်ကြီးအတွင်းမှ နောက်ထပ်တစ်ယောက် ထွက်လာပြန်သည်။ ဦးခေါင်းပေါ်မှာ အဝတ်နက်ခြုံထားသော်လည်း ပုံပန်းသဏ္ဌာန်ကြည့်ရုံနှင့် ငယ်ရွယ်သူတစ်ယောက်ဖြစ်မှန်း သိရပေသည်။

"နင်တို့က ငါတို့ရဲ့ ကျားဖြူရုပ်ကို ရထားပြီးတော့ ငါတို့မြေးအဖွားကို လာပြီးဒုက္ခပေးနေတာကိုး"

"နင်ကဘယ်သူလဲ"

"ငါကဘယ်သူလဲဆိုတာ ပြောနေစရာမလိုဘူး၊ နင်တို့ ဘာလိုချင်လို့လဲ"

"ငါတို့လိုချင်တာ ထမန်းမျိုးနွယ်တွေရဲ့ ဘူတာဝါဟန မှတ်တမ်းတွေပဲ"

"အဲဒီမှတ်တမ်းတွေက ငါတို့ဆီမှာ မရှိဘူး"

"ဘယ်မှာရှိတယ်ဆိုတာတော့ သိတယ်မဟုတ်လား၊ မပြောရင် ဒီအဖွားကြီးကို နင့်ရှေ့မှာသတ်ပစ်မယ်"

"လက်စသပ်တော့. . ဆရာစုတ်က ပညာလေးမတောက်တစ်ခေါက်နဲ့ လာပြီးလူပါးဝနေတာကိုး၊ နင်လိုချင်တဲ့ ရှေးဟောင်းမှတ်တမ်းတွေက ထမန်းနက်သချိုင်းဂူထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ နင်မှာ ပညာအစွမ်းရှိတယ်ဆိုရင် သွားယူပေါ့"

"ဒီလိုတော့ ဘယ်ရမလဲ၊ နင်တို့ထားတဲ့ပစ္စည်းကို နင်ကိုယ်တိုင် လိုက်ယူပေးရမယ်"

ဟု အကျပ်ကိုင်လေသည်။

နဒါမင်းဇာနောက်နားမှာရပ်နေသော မြလေးတင်က အတော်ကြာအောင် စဉ်းစားနေသေးသည်။

ပြီးမှာ လိုက်သွားရန်ပြင်လေသည်။

ရှေ့မှာရပ်သော ဒေါ်မင်းဇာကတော့ မြလေးတင် လိုက်သွားမည်ပြင်နေသောလည်း ဘာမှဝင်မပြောပဲ ကြည့်ရုံသာ ကြည့်နေလေသည်။

အတန်ကြာသောအခါ လူငါးယောက်နှင့်အတူ အပြင်သို့ထွက်လာလေသည်။

အချိန်က ညဦးပိုင်းအချိန် ကျော်လာပြီဖြစ်သောကြောင့် အမှောင်ရိပ်များက ပိုများလာသည်။ သို့သော် ကြယ်ရောင်များ ရှိနေသောကြောင့် ပိုးတဝါးတော့ မြင်ရလေသည်။

မြလေးတင်က သာဂရတို့အဖွဲ့ကို ဦးဆောင်လျက် ရှေ့မှသွားနေလေသည်။ သူမသည် ညအချိန်မတော်ကြီး ယောကျ်ားများနှင့် တောလမ်းခရီးမှာ သွားနေရသော်လည်း ကြောက်ရွံ့ဟန်မရှိပေ။ ထို့ကြောင့် နောက်မှပါလာသော ယောကျ်ားများကပင် အံ့သြနေကြသည်။

တောတွင်းရောက်တော့ ညအချိန်အစာရှာထွက်





လာသော တောကောင်ကြီးများနှင့် ရင်ဆိုင်တွေ့ရသည်။

သို့သော် ရန်မမူဝံ့ကြပဲ မြင်သည်နှင့် အဝေးသို့ ရှောင်ပြေးသွားကြလေသည်။

သန်းခေါင်ယံ အချိန်ရောက်သောအခါမှာတော့ ထမန်းနက်သချိုင်းသို့ ရောက်သွားကြသည်။

သူတို့ရောက်သွားတော့ သချိုင်းစောင့်ပေတလူက ရပ်စောင့်နေလေသည်။ မြလေးတင်ကိုမြင်သည်နှင့် အရိအသေပေးလိုက်သည်။

"လူသေအလောင်းလည်း မမြင်ပါလား"

"လူသေအလောင်းတွေက နောက်မှတွေ့ရလိမ့်မယ်၊ ဂူတံခါးလိုက်ဖွင့်ပေးတော့"

မြလေးတင်ကပြောလိုက်သည်နှင့် ထွေထွေထူးထူး ထပ်မပြောတော့ပဲ မီးတိုင်းတစ်ခုကို မီးထွန်းကာ ရှေ့မှဦးဆောင်ခေါ်သွားလေသည်။

ဂူမှာအတော်ပင်ကျယ်ဝန်းပြီး တိတ်ဆိတ်နေသည်။ အတွင်းမှာမှောင်မည်းနေပြီး လင်းနို့များပျံနေကြသည်။ မီးရောင်ဖြင့် လူသွားလမ်းကိုမြင်ရသဖြင့် ထိုလမ်းအတိုင်းသွားကြရာ ထမန်းနက် သချိုင်းဂူအပေါက်ဝရှိရာသို့ ရောက်သွားလေသည်။

ကျောက်တံခါးချပ်က ပိတ်လျက်သားရှိနေသည်။

ထိုနေရာရောက်တော့ ပေတလူက ရွတ်ဆိုနေကြ



www.burmeseclassic.com

www.burmeseclassic.com



ဂါထာမန္တန်များကိုရွတ်ဆိုရာ ကျောက်တံခါးချပ်က တဖြည်းဖြည်း ပွင့်သွားလေသည်။

"ဒါ ငါတို့ရဲ့ ထမန်းနက်သချိုင်းပဲ၊ နင်တို့လိုချင်တဲ့ မှတ်တမ်းတွေ အဲဒီထဲမှာရှိတယ်၊ ဝင်ယူကြပေတော့"

ဟုပြောသည်။

"ဒီလိုဘယ်ရမလဲ၊ ဒီအထဲမှာ ဘယ်လိုအန္တရာယ်မျိုးတွေ ရှိနေမှန်းမှမသိတာ၊ နင်ကိုယ်တိုင်လိုက်ပြပေတော့"

ထိုသို့ပြောပြီး မြလေးတင်ကိုပါခေါ်ကာ ဂူအတွင်းသို့ ဝင်သွားကြလေသည်။ သူတို့ဝင်သွားပြီးနောက်တွင် အပြင်မှာကျန်နေသော ပေတလူက ဂါထာမန္တာန်များ ရွတ်ပြန်ရာ ကျောက်တံခါးချပ်က ပြန်ပိတ်သွားလေတော့သည်။

ထိုအခြေအနေကိုသိတော့ သံပချိုင်က အထိတ်တလန့် ပြောလိုက်သည်။

"ဂူပေါက်တံခါး ပြန်ပိတ်သွားပြီဆရာကြီး"

"စိတ်မပူပါနဲ့ကွာ သူတို့သခင်မတောင် ဒီအထဲမှာရှိနေတာပဲ ပြန်ဖွင့်ပေးရမှာပေါ့"

ဟုပြောကာ သချိုင်းဂူအတွင်းသို့ ဝင်သွားကြလေသည်။ အပြင်ဘက်မှာကျန်ခဲ့သော ပေတလူကတော့ အေးအေးဆေးဆေးနှင့်ပင် အပြင်သို့ ပြန်ထွက်သွားလေသည်။ ဂူအပြင်ရောက်သည်နှင့် အသံကျယ်ကျယ်ဖြင့် ခေါ်လိုက်လေသည်။





"ပေတလူရေ. . ပေတလူ. . ."

"ဒီလိုလာခဲ့ဟေ့. . ဒီလိုလာခဲ့"

ထိုသို့ခေါ်ပြီး မကြာမီ ပေတလူဟု အမည်ပေးထားသော သရဲရုပ်တုရောက်လာလေသည်။

ထိုရုပ်တုကို သချိုင်းစောင့်ကြီးက ဖုတ်ပြန်သွင်းပေးထားခြင်းဖြစ်ပေသည်။ အနားရောက်လာတော့ သချိုင်းစောင့်ကြီးကပြောသည်။

"ပေတလူ ထမန်းတောရွာက နီမောင်ဆီသွားပြီး ငါ့ဆီကို ခေါ်လာခဲ့ပေတော့"

ဟုပြောသည်နှင့် ပြန်ထွက်သွားလေသည်။

ထိုရက်က နီမောင်မှာ ဒဏ်ရာဒဏ်ချက်များရထားသောကြောင့်အိမ်မှာပင် နားနေလေသည်။ မြလေးတင်ပေးထားသော ကျားဖြူရုပ်ကလေး ရန်သူများယူသွားသောကြောင့် စိတ်မကောင်းဖြစ်နေသည်။

မည်သည့်နည်းဖြင့် ပြန်ရအောင်လုပ်ရမည်ကိုလည်း အမျိုးမျိုးတွေးတောနေလေသည်။

ထိုအချိန်တွင် အိမ်နံရံကို လာပုတ်နေသော အသံကြားရသဖြင့် တစ်အိမ်သားလုံး နိုးလာကြသည်။

"နီမောင်. . နီမောင်. ."

အသံကြားသည်နှင့် မှတ်မိသွားသောကြောင့် အိမ်သားများကို အပြင်မထွက်စေပဲ သူတစ်ယောက်တည်း ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ အမှောင်ထဲမှာရပ်နေသော ပေတလူကို တွေ့သောအခါ ဝမ်းသာသွားလေသည်။

“ပေတလူ. . . မင်းပြန်ကောင်းသွားပြီလား”

“ကောင်းသွားပြီ ငါ မင်းကိုလာခေါ်တာ. .”

ပေတလူက သချိုင်းစောင့်ကြီး မှာလိုက်သောစကား များကို ပြန်ပြောပြလိုက်ရာ မျက်လုံးပြူးသွားလေသည်။

“ဒီလိုဆိုရင် မြလေးတင်ဒုက္ခရောက်နေပြီပေါ့။ ငါ လိုက်ခဲ့မယ်၊ ဒါပေမယ့် ငါတစ်ယောက်တည်းတော့ မရဘူး ငါ့အဖော်နှစ်ယောက်ပါ ခေါ်ခဲ့ရမယ်”

ဟုပြောဆိုကာ လေးမြားလက်နက်တို့ကို ယူကာ စောထီးနှင့် ငမဲအောင်တို့ရှိရာသို့ သွားလေသည်။

၎င်းတို့နှစ်ယောက်ကလည်း နီမောင်ထံမှ အကျိုးအကြောင်းသိရသည်နှင့် လေးမြားလက်နက်တို့ကိုပြင်ကာ လိုက်လာကြသည်။

ထို့နောက်မှာတော့ ညတွင်းချင်း ထမန်းနက်သချိုင်းရှိရာသို့ တစ်ကျော့ပြန်တက်ခဲ့ကြလေသည်။

ဂူအတွင်းမှာတော့ မြလေးတင်နှင့် လူငါးယောက်တို့ ရှိနေကြသည်။

“နင်တို့ရဲ့မှတ်တမ်းတွေ ဘယ်မှာလဲ”

“ထားတဲ့နေရာငါမသိဘူး၊ နင်တို့ ဖာသာရှာယူကြပေါ”





မြလေးဟင်က လေသံမာမာနှင့်ပင် ပြန်ပြောလေသည်။

“နင်က အခုထိ လေသံက မာတုန်းပါလား၊ သေချင်လို့လား”

“ငါသေတော့ရော ဘာထူးမှာလဲ၊ နင်တို့လည်းမကြာခင် သေကြရတော့မှာပဲ၊ ဒီဂူထဲမှာ အလောင်းတွေနဲ့အတူ နေကြရတော့မှာ စိတ်မပူပါနဲ့”

ထိုသို့ပြောသောအခါ သာဂရက အနားရောက်သွားပြီး မြလေးတင်ခေါင်းပေါ်မှ ခြုံထားသော အဝတ်စကို ဆွဲဖယ်ချလိုက်သည်။

ထိုအခါ ချောမောလှပသည့် မျက်နှာက ပေါ်လာသည်။

“ဒီစုန်းမက အတော်ချောတာပဲ၊ သတ်ပစ်ရမှာတာ နှမြောစရာပဲ”

ဟုပြောကာ မျက်နှာကိုလက်ဖြင့် ကိုင်ကြည့်ရာ မြလေးတင် လက်နှစ်ဖက်က မြောက်တက်လာပြီး သာဂရပါးကို ရိုက်ချလိုက်သည်။

“ဖြန်း. . ဖြန်း. .”

“အော် နင်ကဒီလိုလား”

ဟုပြောကာ မြလေးတင်လက်နှစ်ဖက်ကို နောက်ပြန်ကြိုးဖြင့် တုပ်ထားလိုက်သည်။

"ကဲ့ . ဘာတတ်နိုင်သေးလဲ၊ ရှေးဟောင်းမှတ်တမ်းတွေ ဘယ်နေရာမှာထားသလဲ မှန်မှန်ပြော.."

"ငါမသိဘူး"

"နင် ခေါင်းမာနေတော့လည်း ငါ့အစွမ်းအစကို ပြရတော့မှာပေါ့"

ဟုပြောကာ ကျန်လေးယောက်ကို ထိုနေရာမှာထားခဲ့ပြီး သာဂရက မြလေးကိုပွေ့ကာ အမှောင်ထဲသို့ ခေါ်သွားလေတော့သည်။


ထို့နောက်မှာတော့ အမှောင်ထဲမှ မြလေးတင်၏ အော်သံအချို့ ပေါ်ထွက်လာလေသည်။

အတန်ကြာတော့ သာဂရပြန်ထွက်လာပြီး ကျန်လေးယောက်တို့မှာ တစ်ယောက်ပြီးတစ်ယောက် အမှောင်ထဲသို့ ဝင်သွားကြလေသည်။

ပထမတော့ မြလေးတင်အော်သံအချို့ ပေါ်ထွက်လာသေးသည်။ အတော်ကြာတော့ အသံပင်မထွက်နိုင်တော့ပေ။ အမှောင်ဖုံးနေသော ထမန်းနက်သချိုင်းဂူအတွင်းမှာတော့ ရာဂအမှောင်ဖုံးနေသည့်လူတစ်စုကြောင့် ပန်းတစ်ပွင့်တော့ ကြွေလွင့်သွားခဲ့ရရှာပေပြီ . . ။







# အခန်း ( ၁၅ )

# နာကျည်းချက်များနှင့်အတူ

အချိန်က နံနက်ပိုင်းအချိန် ရောက်နေပေပြီ။ သို့သော် ထမန်းနက်သချိုင်းဂူအတွင်းမှာတော့ အလင်းရောင်ဝင်ပေါက် မရှိသဖြင့် မှောင်နေဆဲပင်ရှိသေးသည်။ ဝင်ပေါက်မှ ကျောက်တံခါးကလည်း ပိတ်လျှက်သားပင် ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သာဂရတို့အဖွဲ့ကတော့ မြလေးတင်ကိုလက်နောက်ပြန်ကြိုးတုပ်ထားသည်။ လူငါးယောက်က တစ်လှည့်စီ အနိုင်ကျင့်ခဲ့ကြသောကြောင့် အဝတ်အစားများစုတ်ပြဲနေပြီး တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာဒဏ်ချက်များဖြင့် သွေးချင်းချင်းနီရဲနေပေပြီ။

သို့သော် မြလေးတင်မှာ ယခုအချိန်ထိ မလျှော့သေးပေ။ သာဂရတို့ကနည်းအမျိုးမျိုးနှိပ်စက်ပြီး မေးသော်လည်း မပြောသေးပေ။

"နင်တို့လိုချင်တဲ့မှတ်တမ်းတွေ ဘယ်နေရာမှာရှိတယ်ဆိုတာ ငါမသိဘူး၊ နင်တို့အစွမ်းအစနဲ့ ရှာယူကြပါလား"

"နင်က အတော်ခေါင်းမာနေပါလား၊ ဒီလောက်နှိပ်စက်တာတောင် မလျှော့သေးဘူး၊ အသက်သေမှာ မကြောက်ဘူးလား"

"ငါသေတော့လည်း ဘာထူးမှာလဲ၊ နင်တို့လည်း မကြာခင်ဒီဂူထဲမှာ သေကြရမှာပဲ၊ ပိတ်ထားတဲ့ကျောက်တံခါးက နင်တို့ပညာနဲ့ ဘယ်လိုမှပြန်ဖွင့်လို့မရနိုင်ဘူး၊ ဒီတော့ ငါသေသလို နင်တို့လည်း မကြာခင်သေကြရတော့မှာပဲ"

ထိုစကားကြောင့် သာဂရအပါအဝင် ဂူထဲသို့ရောက်နေသူများမှာ စိုးရိမ်စိတ်ဝင်သွားကြသည်။

"ဆရာကြီးမှတ်တမ်းတွေမရခင် သေသွားရင်ခက်





မယ်၊ သူ့ကို ဂူပေါက်ဝပြန်ဖွင့်ခိုင်းရင် ကောင်းမယ်"

ဟု သံပချိုင်ကတိုးတိုးကပ်ပြောလိုက်သဖြင့် သာဂရက မြလေးတင်ကို ဂူပေါက်တံခါးကို ဖွင့်ခိုင်းပြန်လေသည်။

မြလေးတင်က ဖွင့်မပေးပေ။

ထိုအခါ သာဂရက လွယ်အိတ်ထဲမှ အခြောက်ခံထားသော ကျားလက်သည်းကို ထုတ်လိုက်သည်။

"ဒီမှာတွေ့လား၊ ကျောက်တံခါးဖွင့်မပေးရင် နင့်ရဲ့ချောမောလှပတဲ့မျက်နှာကို ကျားလက်သည်းနဲ့ ကုတ်ခြစ်ပြီး ဖျက်ဆီးပစ်လိုက်မယ်"

"ဖျက်ဆီးပစ်လိုက်ပေါ့၊ ငါ့ဘဝတောင် အဖျက်ဆီးခံခဲ့ရပြီးမှတော့ ဒီမျက်နှာပျက်စီးသွားတော့လည်း ဘာအရေးလဲ"

"ဒီလောက်ခေါင်းမာလှတာ ကိုင်းဟာ. ."

သာဂရက လက်ထဲမှာကိုင်ထားသော ကျားလက်သည်းဖြင့် မြလေးတင်မျက်နှာကို ကုတ်ခြစ်ချလိုက်သည်။

ကျားလက်သည်းက ချွန်ထက်လှသောကြောင့် မျက်နှာပေါ်မှာ အစင်းကြောင်းကြီးများ ပေါ်လာပြီး သွေးများစီးကျလာလေသည်။

မြလေးတင်ကတော့ ဒေါသမျက်လုံးဖြင့်ကြည့်နေသော်လည်း တစ်ချက်ကလေးမှ အသံမထွက်သဖြင့် သာဂရပင် အံ့ဩသွားလေသည်။ ထို့ကြောင့် မြလေးတင်ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ မေးလိုက်သည်။

"နင် လူရောဟုတ်ရဲ့လား"

"ဟင်း. . ဟင်း. ."

မြလေးတင်က ဘာမှပြန်မပြောပဲ မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။ သာဂရတော့ လက်ထဲမှာကိုင်ထားသော ကျားလက်သည်းကိုကြည့်ရင်း ဘာလုပ်ရမှန်းမသိပဲ ရှိနေစဉ် တစ်နေရာရာမှ ထွက်ထွက်လာသော အဆိပ်လူးမြားတံတစ်ချောင်းက သာဂရကျောကို ဖောက်ဝင်သွားလေတော့သည်။

"ဝှစ် . ." "ဒုတ် . ." "အား. . ."

မြားဖြတ်လာသံ၊ ထိမှန်သံ၊ သာဂရ၏ အော်ဟစ်ညည်းညူသံတို့က တစ်ဆက်တည်းပေါ်လာပြီး ဒူးညွတ်ကျသွားလေသည်။ ထိုအချိန်မှ ဂူအတွင်းမှအသံတစ်သံ ပေါ်ထွက်လာသည်။

"မိန်းမတစ်ယောက်ကို ကြိုးတုပ်ပြီးမှ နှိပ်စက်ဝံ့တဲ့ သူရဲ့ကောင်းတွေ အခုတော့ မင်းတို့အလှည့်ပြန်ရောက်ပြီပေါ့ ဟားဟားဟားဟား. ."

ကျယ်လောင်စွာရယ်လိုက်သော ရယ်သံကြီးက ပဲ့တင်သံများကြောင့် နေရာအနှံ့မှ ပေါ်ထွက်လာလေတော့သည်။ ထိုအသံကြောင့် သံပချိုင်တို့မှာ မျက်လုံးပြူးသွားကာ နေရာအနှံ့ကြည့်သော်လည်း မှောင်နေသောကြောင့် ဘာမှ မမြင်ရပေ။ သူတို့အနီးတွင် မီးတိုင်တစ်တိုင်စိုက်ထားသော်





လည်း ထိုနေရာတစ်ဝိုက်သာ မြင်ရသည်။

"ပညာလေး မတောက်တခေါက်နဲ့ ငါတို့နေရာကို လာတဲ့ ပယောဂဆရာတွေ သေဖို့သာပြင်ပေတော့"

"ဟား. . ဟား. . ဟား. . ဟား. ."

ရယ်သံကြီးနှင့်အတူ အလောင်းကောင်များက အသက်ဝင်လာကြကာ နေရာအနှံ့မှ ထလာကြလေတော့သည်။

ထိုအခြေအနေကိုမြင်တော့ ရာဂျာနှင့် ဂျမားတို့မှာ လက်ထဲမှာကိုင်ထားသော သေနတ်များဖြင့် ပစ်ခတ်ရာ ဂူထဲမှာ ဆူညံနေလေသည်။

ထိုအခိုက်မှာပင် တစ်နေရာမှ ထွက်လာသော မြားတံနှစ်ချောင်းက ရာဂျာနှင့် ဂျမားတို့ကို ထိမှန်ပြန်သဖြင့် လဲကျသွားလေတော့သည်။

သံပချိုင်နှင့် စံနက်ကျော်တို့နှစ်ယောက်သာ ကျန်တော့သည်။ သူတို့နှစ်ယောက်အနီးသို့ အလောင်းကောင်များက ခြေကားရား လက်ကားရာဖြင့် ချဉ်းကပ်လာရာ သူတို့တွင်ပါလာသော ဓားလှံတို့ဖြင့် ထိုးခုတ်၍ မရသဖြင့် မီးတုတ်တစ်ချောင်း စီကိုင်ကာ ရိုက်ထုတ်ကြရသည်။

"သွား. . သွား မိစ္ဆာကောင်တွေ အလောင်းကောင်တွေ ငါတို့နားမလာကြနဲ့"

ထိုသို့ပြောနေစဉ်မှာ အချို့လည်း အနားရောက်လာကြသည်။ နှစ်ကြာနေပြီးဖြစ်သော အလောင်းကောင်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



မီးနှင့်ထိသည်နှင့် မီးစွဲလောင်ကြလေသည်။

ထိုမှတစ်ဆင့် အခြားအလောင်းကောင်များပါ မီးစွဲပြီး မီးတောက်ကြီးများ ထလာလေတော့သည်။

သံပချိုင်နှင့် စံနက်ကျော်တို့နှစ်ယောက်မှာလည်း ဂူအတွင်းပိုင်းသို့ ဝင်ပြေးကြလေသည်။

သို့သော် ပြေးစရာထွက်ပေါက်တော့မရှိပေ။

ကြိုးတုပ်ခံထားရသော မြလေးတင်အနားမှာလည်း မီးတောက်များထလာကာ မီးဟပ်ခြင်းခံနေလေပြီ။

ထိုအချိန်တွင် ကျောက်တုံးများကြားတွင် ပုန်းနေသော နီမောင်၊ စောထူးနှင့် ငမဲအောင်နှင့် သင်္ချိုင်းစောင့်အဖိုးကြီးပါ ထွက်လာသည်။

နီမောင်က အပြင်သို့ရောက်သည်နှင့် မြလေးတင်ကို ကြိုးဖြေပေးကာ မီးလွတ်ရာသို့ ခေါ်လာသည်။

သင်္ချိုင်စောင့်ကြီးက သေဆုံးနေပြီးဖြစ်သော ဇာဂရထံမှ ကျားဖြူရုပ်ကလေးကိုပြန်ယူလာပြီး နီမောင်ကိုပေးသဖြင့် ယူထားလိုက်ရသည်။

မြလေးတင်မျက်နှာပေါ်မှာ ကျားလက်သည်းဖြင့် အခြစ်ခံထားရသောဒဏ်ရာ၊ မီးဟပ်ထားသောဒဏ်ရာများကြောင့် သွေးသံရဲရဲဖြင့်ဖြစ်နေတာ မြင်ရက်စရာပင် မရှိတော့ပေ။

"ဖြစ်ရဲလေမြလေးရယ်၊ ငါတို့အရောက်နောက်ကျ





သွားလို့ နင်ဒီလိုဖြစ်ရတာ. ."

နီမောင်က ဆို့နင့်စွာဖြင့် ရေရွတ်လိုက်လေသည်။

ထို့နောက်တွင် မြလေးတင်ကို အပြင်ကို သယ်ထုတ်လာကြပြီးနောက် ဂူပေါက်ဝမှ ကျောက်တံခါးချပ်ကို ပြန်ပိတ်ထားလိုက်လေသည်။

ဂူအတွင်းမှာတော့ မီးတောက်ကြီးများက တဖြည်းဖြည်းနှင့် ပိုမိုများပြားကာ နေရာအနှံ့လောင်ကျွမ်းနေရာ နှစ်ပေါင်းများစွာကထားသော အလောင်းများကို မီးလောင်တိုက်သွင်းကာ သင်္ဂြိုလ်ပေးလိုက်သကဲ့သို့ ရှိပေသည်။

အတွင်းသို့ဝင်ပြေးသော သံပချိုင်နှင့် စံနက်ကျော်တို့နှစ်ယောက်မှာတော့ ထွက်ပေါက်မရှိသော ဂူထဲတွင် မီးခိုးငွေ့များဖြင့် မွန်ပြီးလဲကျသွားရာမှ မီးတောက်များက ဝါးမြိုသွားပေတော့သည်။

နီမောင်တို့က ဒဏ်ရာဒဏ်ချက်များကြောင့် သတိမေ့နေပြီဖြစ်သော မြလေးတင်ကို သယ်ယူသွားကြပြီး ဒေါ်မင်းဇာထံသို့ ပို့ပေးလိုက်ကြသည်။

"ကံတရားပေါ့လေ၊ ဝဋ်ကြွေးကံပါလာတော့လည်း ဒီလိုပဲဆပ်ပေးရမှာပေါ့၊ သူ့ရဲ့ကုသိုလ်ကံရှိသေးရင်တော့ အသက်ရှင်ဦးမှာပေါ့"

ဟုပြောသည်။

"သူ့ဒဏ်ရာတွေကအတော်များတယ်၊ ရွာကဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ခေါ်ခဲ့ရမလားအဖွား"

"နေပါစေကွယ်၊ ငါ့မှာလည်း ဆေးဝါးတွေရှိပါတယ်၊ ငါပဲကုပေးလိုက်ပါ့မယ်"

ဟုပြောသဖြင့် မြလေးတင်ကိုထားခဲ့ပြီး ပြန်ခဲ့ကြရလေသည်။ တကယ်တော့ နီဝမောင်က ထိုအိမ်မှာနေပြီး ပြုစုစောင့်ရှောက်ပေးချင်သော်လည်း သူနှင့် ဘာမှမသက်ဆိုင်သေးသောကြောင့် နေခွင့်မရရှာပေ။

သို့သော် နောက်ပိုင်းရက်များမှာလည်း မကြာခဏသွားရောက်သတင်းမေးရသည်။ ထိုသို့သွားပြန်တော့လည်း ဒေါ်မင်းဇာနှင့်သာ တွေ့ရပြီး မြလေးတင်ကိုတော့ မတွေ့ရတော့ပေ။

နောက်ပိုင်းရက်အတော်ကြာတော့မှ မြလေးတင်နှင့်တွေ့ရလေသည်။ သို့သော် မျက်နှာတစ်ခုလုံး အဝတ်ဖြင့်ဖုံးအုပ်ထားသောကြောင့် မမြင်ရပေ။

"မြလေးတင် . . နင် နေကောင်းသွားပြီလားဟင်"

မေးသာမေးရသည်။ စိတ်ထဲမှာတော့ အားမရှိလှပေ။

"ငါ့မျက်နှာတစ်ခုလုံးကတော့ ကျားလက်သည်းဒဏ်ရာရော မီးဟပ်ထားတဲ့ဒဏ်ရာတွေကြောင့် ပျက်စီးသွားပါပြီ အရင်လိုပြန်မရနိုင်တော့ပါဘူး"

ဟု ဝမ်းနည်းသောအသံဖြင့် ပြောလေသည်။





"ငါလည်းစိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်ပါတော့မလဲ၊ ဒါပေမယ့် အားမငယ်ပါနဲ့ မြလေးတင်ရယ်၊ နင်ဘယ်ဘဝရောက်နေနေ၊ ဘယ်လိုမျက်နှာမျိုးပဲဖြစ်နေပါစေ ငါတစ်သက်လုံး လက်တွဲသွားပါ့မယ်"

"နင့်ဆီက ဒီစကားကြားရတာ ငါဝမ်းသာပါတယ်၊ ဒါ. . ဒါပေမယ့်. . ငါ နင်နဲ့ဘယ်နည်းနဲ့မှ လက်တွဲလို့ မဖြစ်တော့ပါဘူး"

"ဟင်. . ဘာဖြစ်လို့လဲဟင်"

"ဂူထဲမှာ ငါ့မျက်နှာသာမကဘူး၊ ငါ့ဘဝပါ လူယုတ်မာတွေရဲ့ ဖျက်ဆီးတာ ခံလိုက်ရတယ်"

"ဖြစ်ရလေး မြလေးတင်ရယ်၊ ဒါပေမယ့် ဒါတွေက အရေးမကြီးပါဘူး၊ ငါ့ဘဝမှာ နင့်အချစ် နင့်မေတ္တာက လွဲလို့ ဘာမှ တန်ဖိုးထားစရာမရှိပါဘူး၊ နင်ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ငါလက်တွဲပါ့မယ်"

"တကယ်ပြောရရင် ငါကဘယ်ယောက်ျားနဲ့မှ လက်ထပ်လို့ မဖြစ်ပါဘူး၊ နင့်ကိုချစ်ခဲ့တယ်ဆိုတာလည်း ဟန်ဆောင်ပြီးချစ်ခဲ့တာပါ"

"ဟင်. . နင် တကယ် တကယ်ပြောတာလားဟင်"

"တကယ် ပြောတာပေါ့၊ ငါ့ဘဝမှာ ဘယ်ယောက်ျားကိုမှ တကယ်မချစ်ခဲ့ပါဘူး"

ထိုစကားကြောင့် နီမောင့်ရင်ထဲမှာ ဟပ်ပွင့်ထသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျှော်လင့်ချက်တစ်ခု ပြိုကွဲသွားသလို ခံစားလိုက်ရသည်။ အဆိုးဆုံးက မိမိအချစ်၊ မိမိမေတ္တာကို အစော်ကားခံလိုက်ရသကဲ့သို့ ခံစားရခြင်းပင်ဖြစ်သည်။

"နင်တကယ်ပြောတာဆိုရင်တော့ ငါဘာမှမတတ်နိုင်တော့ပါဘူး၊ ငါ့ဘဝမှာတော့ နင်ကို ပထမဆုံးချစ်ခဲ့မိတာပါ၊ ငါက မေတ္တာကို တန်ဖိုးထားပါရက်နဲ့ ငါမေတ္တာကို တန်ဖိုးထားမခံရတာတော့ ငါ့ရဲ့ကုသိုလ်ကံပဲလို့ပဲ သတ်မှတ်ရတော့မှာပေါ့၊ ငါသွားတော့မယ်"

နီမောင်က သူ့အိတ်ထဲမှာပါလာသော ကျားဖြူရုပ်ကလေးကို မြလေးတင်ရှေ့သို့ ချပေးခဲ့ပြီး ပြန်ထွက်သွားလေတော့သည်။ ထိုအကြောင်းကို စောထီးနှင့် ငမဲအောင်တို့သိသောအခါ နှစ်သိမ့်ပေးကြသည်။

"သူနဲ့မင်းနဲ့က တွေ့ကြတာမကြာသေးတော့ မင်းအပေါ်မှာ တကယ်မချစ်ဘူးဆိုတာလည်း ဟုတ်ချင်ဟုတ်မှာပါ၊ မင်းဘက်က သစ္စာပျက်ခဲ့တာမှမဟုတ်တာ၊ ဒီလောက် စိတ်ထဲမှာမထားပါနဲ့တော့ကွာ. . "

နီမောင်ကတော့ဘာမှ ပြန်မပြောတော့ပေ။

မြလေးတင်နှင့် တွေ့ဆုံစက သူ့စိတ်ထဲမှာ မျှော်လင့်ချက်တွေအများကြီးထားခဲ့သည်။ စိတ်ကူးဖြင့် ပုံဖော်ခဲ့သော အနာဂတ်အတွက် ရည်မှန်းချက်တွေလည်း ရှိခဲ့သည်။

ယခုတော့ တစ်စစီ ပြိုလဲခဲ့ရပေပြီ။





စိတ်ထိခိုက်ရုံမှလွဲပြီး ဘာမှမတတ်နိုင်တော့ပါချေ။

တစ်နေ့တော့ ငမဲအောင်ရောက်လာပြီး ပြောသည်။

"ငါတို့ ထမံသီရောက်တော့ လူတစ်ယောက်က မင်းအတွက် လူကြုံပါးလိုက်တယ်"

ဟုပြောကာ အထုပ်တစ်ထုပ် ပေးသွားသဖြင့် ဖြေကြည့်လိုက်တော့ မြလေးတင်ရေးလိုက်သောစာနှင့် ကျားဖြူရုပ်ကလေးကို ပြန်တွေ့ရလေသည်။

စာထဲမှာတော့ သူနှင့်လာတွေ့ရန် ရေးသားထားသော စာဖြစ်သည်။ သို့သော် မသွားတော့ပေ။

နောက်တစ်နေ့ ရောက်တော့ ကျားဖြူရုပ်ကလေးကို အိတ်ထဲထည့်ကာ တောသို့သွားလေသည်။

တောထဲရောက်တော့ ပေတလူနှင့်တွေ့ရမလားဟု ခေါ်ကြည့်လိုက်သည်။

"ပေတလူရေ ပေတလူ ငါလာပြီဟေ့"

ထိုသို့နှစ်ခါသုံးခါ ခေါ်သော်လည်း ပေတလူက ရောက်မလာပေ။

"မြလေးတင်နဲ့အဆက်အသွယ်မရှိတော့ သူလည်း ငါ့ဆီမလာတော့ဘူးထင်ပါရဲ့"

ဟုတွေးတောကာ နောက်ထပ်မခေါ်တော့ပဲ တစ်ယောက်တည်းပင် သစ်မွှေးပင်လိုက်ရှာလေသည်။

တစ်နေ့ရာရောက်တော့ ထူးခြားသောအသံကြားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"တုံတုံတုံ. . . တောက်. . တောက်. . တောက်"

ထိုအသံကို သူကောင်းစွာ မှတ်မိလေသည်။

သင်္ချိုင်းစောင့်ကြီး ပန်းပုထုနေသောအသံဖြစ်မှန်း သိသဖြင့် အသံကြားရာဘက်သို့ လျှောက်သွားလေသည်။

တစ်နေရာရောက်တော့ သစ်တုံးတစ်တုံးဖြင့် အရုပ်ထုနေသော သင်္ချိုင်းစောင့်ကြီးကိုတွေ့ရလေသည်။

သူ့ကိုမြင်တော့ သင်္ချိုင်းစောင့်ကြီးက အလုပ်ရပ်လိုက်သည်၊

"မင်းက ပေတလူကိုလိုက်ရှာနေတယ်၊ ပေတလူက မရှိတော့ဘူးကွ၊ ကျွတ်ရာလွတ်ရာ ရောက်သွားပြီ"

"အဲဒါ ဘာအရုပ်ထုနေတာလဲအဘ"

"မင်းအတွက် နောက်ထပ်အရုပ်တစ်ရုပ်ထုပေးနေတာလေ. .၊ ဒီတစ်ခါတော့ သရဲရုပ် မထုတော့ပါဘူး၊ ဘယ်နေရာပဲထားထား အဆင်ပြေမယ့် လူတစ်ယောက်ပုံစံမျိုး ထုပေးလိုက်မယ်"

"ဒါထက် အဘက သင်္ချိုင်းစောင့်မလုပ်တော့ဘူးလား"

"သင်္ချိုင်းဟောင်းတစ်ခုလုံး မီးလောင်သွားတော့ ငါစောင့်စရာမလိုသေးဘူး၊ ဒီနေရာကလူသိသွားပြီဆိုတော့ နောက်နေရာသစ်ရှာပြီး သင်္ချိုင်းအသစ်လုပ်ပြီးတော့မှ သင်္ချိုင်း





စောင့်တာဝန်ပြန်လုပ်ရတော့မှာပေါ့"

ဟုပြောပြလေသည်။

နီမောင်ကတော့ သင်္ချိုင်းစောင့်ကြီးနှင့် မနီးမဝေးမှာ ဝင်ထိုင်လိုက်သည်။

"ဒီအရုပ်ထုက မြလေးတင်လုပ်ပေးခိုင်းတာလား"

ခေါင်းညိတ်ပြသည်။

"သူ လုပ်ပေးခိုင်းတဲ့ ရုပ်တုဆိုရင်တော့ ကျွန်တော် မသုံးတော့ပါဘူး၊ သူနဲ့ကျွန်တော်နဲ့က ဘာမှမပတ်သက်တော့ပါဘူး"

"ဒါပေမယ့်. . မင်း သူနဲ့တော့သွားတွေ့လိုက်ပါဦး၊ ကျန်းမာရေးအခြေအနေက သိပ်မကောင်းဘူး၊ သူကမင်းကို တွေ့ချင်နေတယ်"

ဟုပြောကာ ရုပ်ထုကို ဆက်ထုနေပြန်လေသည်။

နီမောင်ကတော့ ဘာမှပြန်မပြောတော့ပဲ သင်္ချိုင်းစောင့်ကြီးအား နှုတ်ဆက်ပြီး ထိုနေရာမှ ထွက်လာခဲ့လေသည်။ စိတ်ထဲမှာတော့ မြလေးတင်နှင့် သွားတွေ့ရကောင်းမလား မတွေ့ပဲနေရလျှင် ကောင်းမလား ဝေခွဲမရဖြစ်နေမိလေသည်။






www.burmeseclassic.com

www.burmeseclassic.com







# အခန်း [ ၁၆ ]

# သိင်္ဂါရအလှနှင့် ဘဝချစ်သူ

မလေးတင်ကမှာသော်လည်း ထမံသီရွာသို့မသွားတော့ဟု ဆုံးဖြတ်ထားသော်လည်း ရက်အနည်းငယ်ကြာတော့ စိတ်က တစ်မျိုးပြောင်းသွားလေသည်။

"သူနဲ့ငါနဲ့က ချစ်သူတွေမဟုတ်ကြတော့ပေမယ့် သူ့အကူအညီပေးခဲ့တာတွေက ငါ့အပေါ်မှာ အများကြီးရှိတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အခု သူမှာ ဘေးအန္တရာယ်တွေ့ခဲ့ပြီးတဲ့နောက် ဒုက္ခရောက်နေပုံပဲ၊ ဘာပဲဖြစ်ဖြစ် ငါအနေနဲ့ အကူအညီပေးသင့်တယ်၊ အရင်ကဖြစ်ခဲ့တဲ့ နာကျည်းတာတွေကို မေ့ထားပြီး ကျေးဇူးရှိခဲ့တဲ့ မိတ်ဆွေတစ်ယောက်ကို အကူအညီပေးတဲ့အနေနဲ့တော့ သွားပြီးအကူအညီပေးရမယ်"

ထိုသို့စဉ်းစားပြီး ထမံသီရွာသို့ သွားရန်ပြင်သေည်။

သို့သော် သူတစ်ယောက်တည်းတော့ မသွားပေ။ မြလေးတင်မျက်နှာပေါ်မှာ ဒဏ်ရာဒဏ်ချက်များကို ဆေးကုပေးရန်အတွက် ဆရာကြီး ဦးဗန်ကောင်းကိုပါ အကျိုးအကြောင်းပြောပြပြီးခေါ်ရာ ဆေးလွယ်အိတ်ကိုယူပြီး ချက်ချင်းလိုက်လာလေသည်။

ထမံသီရွာမှ မြလေးတင်တို့အိမ်ရောက်တော့ ဒေါ်မင်းဇာရော မြလေးတင်ပါ မြေးအဖွားနှစ်ယောက်စလုံး တွေ့ရလေ သည်။ မြလေးတင်ကတော့ ယခုအထိ မျက်နှာပေါ်မှာ အဝတ်ဖုံးထားသောကြောင့် ဒဏ်ရာများကို မမြင်ရပေ။

နီမောင်တို့ရောက်သွားတော့ ကောင်းမွန်စွာပင်ဧည့်ခံကြသည်။

"ကျုပ်က ဟိုဘက်ရွာမှာနေတဲ့ ဆေးဆရာ ဦးဗန်ကောင်းပါ၊ ခင်ဗျားက ဒေါ်မင်းဇာမှတ်တယ်"

"မှန်ပါတယ် ဆရာကြီး၊ ကျွန်မ ဒေါ်မင်းဇာပါ၊ ဆရာကြီးသတင်းကိုတော့ ကြားမိပါရဲ့"





"ဘာသတင်းတွေများလဲဗျ"

"ဆေးကုတာ တော်တဲ့အကြောင်း၊ ဆေးစွမ်းထက်တဲ့အကြောင်းတွေပါ"

ဦးဗန်ကောင်းက ကွမ်းအစ်ထဲက ကွမ်းတစ်ယာစားနေရင်းမှ ပြန်ပြောလိုက်သည်။

"ကျုပ်လည်း ခင်ဗျားသတင်းတွေတော့ ကြားသင့်သလောက်ကြားမိပါတယ်"

"ဘယ်လိုသတင်းမျိုးတွေများလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ထမန်းမျိုးနွယ်တွေနဲ့ ပတ်သက်တဲ့ပညာရပ်တွေအကြောင်းပါ"

"ကျွန်မလည်း အသက်အရွယ်ကြီးလာတော့ ဒါတွေလည်း မလုပ်ချင်ပါဘူး၊ စွန့်လွှတ်ချင်လှပါပြီ"

ဟု စိတ်ထဲရှိသည့်အတိုင်း ပြောသည်။

"တစ်လောက နီမောင်ဆီက သတင်းကြားရတယ်။ ထမန်းနက်သချိုင်းဂူတစ်ခုလုံး မီးလောင်သွားပြီဆိုတော့ ခင်ဗျားတို့ ထမန်းမျိုးနွယ်တွေရဲ့ မှတ်တမ်းဟောင်းတွေ ပါသွားပြီးပေါ့နော် . . နှမြောစရာဗျာ . ."

"ဆရာကြီးကိုတော့ နီမောင်နဲ့ပတ်သက်ပြီး ကိုယ့်လူချင်းတစ်ယောက်လိုပဲ သဘောထားပါတယ်၊ ဒါကြောင့် အမှန်အတိုင်းပြောပြပါ့မယ်၊ မှတ်တမ်းဟောင်းတွေက သချိုင်းမှာထားတာ မဟုတ်ပါဘူး၊ ကျွန်မဆီမှာပဲ သိမ်းထားတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်”

“ဒီလိုဆိုတော့ အဆင်ပြေရင် ကြည့်ချင်ပါတယ်”

“ကြည့်ခွင့်ပေးပါတယ်၊ တကယ်လို့ ဆရာကြီး စိတ်ဝင်စားမယ်ဆိုရင်တော့ ဒီမှတ်တမ်းတွေကို ဆရာကြီးကိုပဲ တစ်ခါတည်းလွှဲပေးလိုက်ပါ့မယ်၊ ကျွန်မက အသက်ကြီးပြီဆိုတော့ အေးအေးပဲနေချင်တော့လို့ပါ”

ဟုပြောပြီး မြလေးတင်ကို မှတ်တမ်းများသွားယူရန် စေခိုင်းလိုက်ရာ နေရာမှထသွားလေသည်။

အတန်ကြာတော့ အဝတ်နက်ဖြင့် ပတ်ထားသော မှတ်တမ်းထုတ်ကိုယူလာပြီး ဒေါ်မင်းဇာကိုပေးသည်။

ဒေါ်မင်းဇာကမှ ဦးဗန်ကောင်းကိုလှမ်းပေးသဖြင့် ယူကာဖြေကြည့်လိုက်သည်။

ဘူတာဝါဟနပညာမှာ စုန်းပယောဂ၊ စိတ်နှင့် သက်ဆိုင်သော ပညာမျိုးဖြစ်သည်ကို တွေ့ရသည်။

ထမန်းမျိုးနွယ်များ အသုံးပြုသော ရုပ်ပြောင်းနာမ်ခွာ ပညာမှာ ဂန္ဓဗ္ဗနတ်တို တန်ခိုးမျိုးနှင့်ယှဉ်သောကြောင့် ရုပ်ကို ပြောင်းလဲခြင်းဖြစ်စေသည်။

ရူပက္ခန္ဓာဟုခေါ်သော ရုပ်ကြမ်းကိုမမြင်ရသော ဝေဒနက္ခန္ဓာ သို့မဟုတ် ဇောတိခန္ဓာက ပြောင်းလဲမှုဖြစ်အောင် စေခိုင်းသော ပညာမျိုးပင်ဖြစ်၏။

ဇောတိခန္ဓာက စေစားသည့်အတိုင်း ရူပက္ခန္ဓာက





ပြောင်းလဲခြင်း (ဥပမာ-လူမှ ကျားအသွင်ပြောင်းခြင်း၊ ခြင်္သေ့အသွင်ပြောင်းခြင်း၊ ဘီလူးသဘက်အသွင်ပြောင်းခြင်း စသည်ဘို့) ဖြစ်ရလေသည်။

သို့သော် ရုပ်နှင့်နာမ်နှင့်ကတော့ ဆက်သွယ်မှုရှိကြလေသည်။ မည်သို့မည်ပုံဆက်သွယ်မှုရှိသည်ကို ဥပမာပေးရလျှင် လိပ်ပြာဝိညာဉ်ဟုခေါ်သော လိပ်ပြာကြိုးသည် (အသက်ဆက်ဇီဝမျှင်) စွန်နှင့် ရစ်ဘီးကိုကြိုးဖြင့် ဆက်သွယ်ထားသကဲ့ သို့ရှိလေသည်။

လိပ်ပြာဝိညာဉ်ရှိနေသရွေ့ ရုပ်ခန္ဓာပြောင်းလဲသော်လည်း သေဆုံးခြင်းမဖြစ်ပဲ အချိန်တန်ပါက ရုပ်နှဲင့်နာမ်ပြန်ကပ်ပြီး မူလအတိုင်းပင် ပြန်ဖြစ်ရလေသည်။

မဟာဂန္ဓာရီ ပညာရှင်တို့လေ့လာတွေ့ရှိသော အချက်မှာ ဝံပုလွေအသွင်၊ ကျားအသွင်၊ ခြင်္သေ့အသွင် ပြောင်းလဲလိုသူတို့သည် မိမိရုပ်ခန္ဓာမှ ဝိညာဉ်ခန္ဓာကိုထွက်စေပြီးမှ ပြောင်းလဲနိုင်ကြသည်။

အချို့က ရုပ်ခန္ဓာကမပြောင်းပဲ စိတ်သာပြောင်းနိုင်သည်၊ ကျားစိတ်ကျားမာန်ဝင်လာပြီးနောက် သားကောင်ကို ကျားတစ်ကောင်ကဲ့သို့ ဖမ်းဆီးသတ်ဖြတ်နိုင်ကြသည်၊ အဆင့်မြင့်သော ပညာရှင်များ (ဥပမာ-၁၂ ကြိုးကဝေပညာကဲ့သို့ လိုသောရုပ်အသွင် ပြောင်းလဲနိုင်ခြင်း)ကတော့ ရုပ်ရော နာမ်ပါ အသွင်ပြောင်းနိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်က ကျားစိတ်ကျားဟန်ဝင်လာသလို ရုပ်ခန္ဓာကပါ ကျားအသွင်ပြောင်းနိုင်ကြသည်။

ရှေးအခါက စုန်းကဝေပညာသည်တို့မှာ ဝံပုလွေအသွင်၊ နဂါးအသွင်း၊ လင်းတအသွင်ပြောင်းလဲကာ လိုသောနေရာသွားနိုင်ကြသည်။

ထမန်းကျားနှင့်ပတ်သက်ပြီး အနောက်တိုင်း ဂန္ဓာရီပညာရှင် 'လီပီ'ဆိုသူကောက်ချက်ချထားသော မှတ်တမ်းအချို့မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

(၁) သမန်းကျားအကိုက်ခံရသဖြင့် သေဆုံးသောသူတို့ကို စစ်ဆေးသောအခါ ကျားကိုက်သကဲ့သို့ ဒဏ်ရာဒဏ်ချက်များမတွေ့ရပဲ အကြောက်လွန်ကာ နှလုံးသွေးရပ်ကာ သေရသည်ကများသည်။

(၂) သမန်းကျားတို့ကို သေနတ်၊ ဒူးလေး၊ မြား စသည်တို့နှင့် ပစ်ခတ်၍ ထိမှန်သွားသော်လည်း လူသူမမြင်နိုင်လောက်သည့်နေရာ ရောက်သည်အထိ ပြေးသွားပြီးမှ သေဆုံးကြလေ့ရှိသည်။

(၃) တစ်ခါတစ်ရံ သေဆုံးနေစဉ်မှာ ပစ်ခတ်စဉ်က တွေ့မြင်လိုက်ရသကဲ့သို့ ကျားအသွင်၊ ဝံပုလွေအသွင်ဖြင့်သာတွေ့ရခြင်း၊ ခန္ဓာကိုယ်မှာတော့ ရရှိထားသောဒဏ်ရာဒဏ်ချက်များတွေ့ရသည်။

၎င်းမှာ ရူပက္ခန္ဓာမှ ဇောတိခန္ဓာသို့လည်းကောင်း၊ ဇောတိခန္ဓာမှ မူလရုပ်ခန္ဓာသို့လည်းကောင်း ပြောင်းလဲခြင်းပင် ဖြစ်ပေသည်။





လီပီမှတ်ချက်ချထားသည်မှာ ရုပ်ခန္ဓာကို ထားခဲ့ပြီး ဝိညာဉ်ခန္ဓာကပင် အများမြင်အောင် ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲပြနိုင်ခြင်းဖြစ်သည်ဟုလည်း ဆိုသည်။ ထို့ကြောင့်ဘူတာဝါဟနပညာမှာ ဂန္ဓဗ္ဗနတ်တို့နှင့် တူသော၊ စုန်းကဝေပညာရှင်တို့၏ ပညာနှင့်တူသော အတတ်ပညာဖြစ်သည်ဟုရေးသားခဲ့ခြင်းဖြစ်၏။

၎င်းနှင့်ပတ်သက်သည့် အတတ်ပညာအစွမ်းတို့မှာ အစောမဂ္ဂဝါဒီ စူဠဂန္ဓာရီအနွယ်၊ ဂန္ဓဗ္ဗနတ်တို့၏ အစွမ်းအာနုဘော်တို့နှင့် ယှဉ်ကြဲခြင်းကြောင့် တစ်ဖက်သားစိတ်ကိုသော်လည်းကောင်း၊ မိမိစိတ်နှင့် ရုပ်ကိုသော်လည်းကောင်း စွမ်းဆောင်နိုင်ကြခြင်းပင်ဖြစ်ပေသည်။

ဒေါ်မင်းဇာပေးသော မှတ်တမ်းများထဲတွင် ထိုပညာများအပြင် ရုပ်ပြောင်းနာမ်ခွာပြုလုပ်ပုံများနှင့် လိပ်ပြာခေါ်ခြင်းဟုခေါ်သော ဝိညာဉ်ခေါ်ခြင်း၊ ဝိညာဉ်သွင်းခြင်း (အရုပ်အခေါ် ဖုတ်သွင်းခြင်း) ပညာများလည်းပါလေသည်။

ဦးဇန်ကောင်းနှင့် ဒေါ်မင်းဇာတို့က မှတ်တမ်းများမှာပါသော အချက်အလက်များကို စိတ်ဝင်စားစွာဖြင့် ပြောဆိုဆွေးနွေးနေကြစဉ် မြလေးတင်က နီမောင်ကို သူ့အခန်းဘက်သို့ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းရောက်တော့ နီမောင်က မေးလိုက်သည်။

"မျက်နှာပေါ်ကဒဏ်ရာတွေ သက်သာသွားပြီလား"

သူမကခေါင်းညိတ်ပြသည်။

"ငါ့ကိုမှာတာ ဘာကိစ္စရှိလို့လဲ"

"မေးစရာရှိလို့ပါ"

"မေးလေ. ."

"ငါ့ကိုလက်ထပ်မယ်ဆိုတာ တကယ်ပြောတာလား ဟင်"

ထိုစကားကြောင့် နီမောင်က အံ့ဩသွားသော အမူအယာဖြင့် ကြည့်လိုက်သည်။

"နင်တကယ်မချစ်တဲ့လူကို ဘာကြောင့် ဒီစကားမေးရတာလဲ"

"ငါက အရင်လိုမလှတော့ဘူး၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ မျက်နှာမျိုးနဲ့ မိန်းမတစ်ယောက်ကို တစ်သက်လုံး ချစ်နိုင်ပါ့မလား"

"ငါက နင့်ကို လှလို့ချစ်တယ်လို့များ နင်ထင်နေလို့လား"

"ဒါဖြင့် ငါ့ကိုလက်ထပ်မှာလား"

"နင်လက်ခံပေးရင် ငါနင့်ကိုလက်ထပ်ပြီး သစ္စာရှိရှိနဲ့ လက်တွဲသွားနိုင်ပါတယ်"

"ဒီလိုဆိုရင် ငါ့မျက်နှာကိုကြည့်ပါဦး"





ဟုပြောပြီး မျက်နှာကို ရှေ့တိုးပေးသဖြင့် နီမောင်က မရဲတရဲဖြင့် မျက်နှာပေါ်မှ အဝတ်ကိုဖယ်ချလိုက်သည်။

"ဟင်. . ."

မြင်တွေ့ရသည်က ကိုယ့်မျက်စိကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားမိသည်။

မြလေးတင် မျက်နှာပေါ်မှာ ဒဏ်ရာဒဏ်ချက်များ လုံးဝမရှိတော့ပဲ ယခင်အတိုင်း ချောမောလှပနေပေသည်။

"နင့်မျက်နှာပေါ်က ဒဏ်ရာဒဏ်ချက်တွေ ဘယ်ရောက်သွားပြီလဲ"

"အစကတည်းက ငါဘာမှမဖြစ်ပါဘူး၊ ဖြစ်တာက တစ်ယောက်ပါ၊ ဟိုမှာကြည့်လေ"

မြလေးတင်ပြသဖြင့် ကြည့်လိုက်တော့ အိပ်ယာခြေရင်းတွင်ထောင်ထားသော အရုပ်တစ်ရုပ်ကို တွေ့ရသည်။

ထိုအရုပ်၏ မျက်နှာပေါ်မှာတော့ ဒဏ်ရာဒဏ်ချက်များကရှိနေသည်။ ထိုအရုပ်၏မျက်နှာမှာ မြလေးတင်မျက်နှာနှင့် အတော်ပင်တူလှလေသည်။

"လူဆိုးတွေရောက်လာတော့ ဒီအရုပ်ကို အသက်သွင်းပြီးထည့်ပေးလိုက်တာလေ၊ ဒါကြောင့် ငါဘာမှမဖြစ်တာပေါ့၊ နင်ဝမ်းမသာဘူးလားဟင်"

"နင်ဘာမှမဖြစ်တာ ငါဝမ်းသာပါတယ်၊ ဒါပေမယ့် ငါပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ဘာ . . ဘာဖြစ်လို့လဲ"

"ငါတို့က ဆင်းရဲပေမယ့် ရိုးသားဖြူစင်တာကိုပဲ သဘောကျတယ်၊ နင်က ရုပ်ချောပေမယ့် ရိုးသားမှုမရှိဘူး၊ ငါက နင့်ရဲ့ချောမောလှပတဲ့ မျက်နှာကို ချစ်တာမဟုတ်ပါဘူး"

ထိုသို့ပြောပြီး အခန်းထဲမှ ပြန်ထွက်ရန်ပြင်တော့ မြလေးတင်က ရှေ့မှာလာရပ်ပြီး တောင်းပန်သည်။

"ငါနင့်အပေါ်မှာ လှည့်စားခဲ့တာမဟုတ်ပါဘူး၊ ငါ့အပေါ်မှာ ဘယ်လောက်ချစ်သလဲဆိုတာ သိချင်လို့ တမင်စမ်းခဲ့တာပါ၊ နင်ဒီလောက်စိတ်ထိခိုက်သွားရင် ငါတောင်းပန်ပါတယ်"

ဟု မျက်ရည်အဝိုင်းသားဖြင့် တောင်းပန်လေသည်။ နီမောင်ကတော့ဘာမှ ပြန်မပြောပဲ ကြည့်ရုံသာကြည့်နေလေသည်။

"ဒီမျက်နှာနဲ့ဆိုရင် နင်လက်မထပ်တော့ဘူးဆိုတာ တကယ်ပြောတာလား၊ ဒီလိုဆိုရင် နင်လက်ထပ်ချင်တဲ့ မျက်နှာမျိုး ဖြစ်သွားအောင် ငါတကယ်လုပ်ပေးပါ့မယ်"

ထိုသို့ပြောပြောဆိုဆိုနှင့် သူမအိပ်ယာနံဘေးမှ ချိတ်ထားသော ကျားလက်သည်းကိုဖြုတ်ယူရာ ထိုအခါမှ နီမောင်မှာ စိုးရိမ်သွားပြီး နောက်မှလိုက်ဆွဲထားရလေသည်။

မြလေးတင်က သူ့ရင်ခွင်ထဲရောက်လာတော့ ငိုရင်း





ပြောလေသည်။

"မိန်းကလေးတစ်ယောက်အတွက် တကယ်ချစ်တဲ့ ဘဝလက်တွဲဖော်သာ အရေးအကြီးဆုံးပါ၊ ငါနင့်ကိုတကယ်ချစ်ပါတယ်၊ ငါ့ဘဝမှာနင်နဲ့လက်တွဲရရင် ကျန်တာတွေ ဘာမှ မလိုပါဘူး၊ နင်ကအကျည်းတန်တဲ့မျက်နှာမှ ချစ်မယ်ဆိုရင် နင့်ရှေ့မှာတင် ဖျက်ဆီးပစ်ပါ့မယ်"

နီမောင်က မြလေးတင်ကိုယ်လေးကို တင်းတင်းဖက်ထားလိုက်လေသည်။

"မလုပ်ပါနဲ့ မြလေးရယ်၊ ငါနင့်ရဲ့ အချစ်နဲ့မေတ္တာကို ယုံပါပြီ၊ ဘယ်လိုမျက်နှာမျိုးနဲ့ပဲဖြစ်ဖြစ် ငါချစ်ပါ့မယ်"

"တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပေါ့၊ နင်သဘောတူရင် လူကြီးမိဘတွေကို အသိပေးပြီးတော့ အခုရက်ပိုင်းအတွင်းမှာပဲ လက်ထပ်ပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ အခုမှပဲ စိတ်အေးရတော့တယ်"

မြလေးတင်က နီမောင်ရင်ခွင်ထဲတိုးဝင်ကာ ဖက်ထားလေသည်။

"ငါမေးပါရစေဦး၊ နင်ကငါနဲ့လက်ထပ်ပြီးရင်တော့ ကျားနက်ရှင်မလုပ်ဦးမှာလား"

"ဟင့်အင်း . . မလုပ်တော့ပါဘူး၊ အဖေကတောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်တွေကိုစွန့်လွှတ်တော့မယ်ဆိုပြီး ထမန်းမျိုးနွယ်တွေရဲ့ မှတ်တမ်းတွေကိုတောင် ဆရာကြီးကိုပေးနေမှပဲ၊ ငါလည်း ဒီလောက်အန္တရာယ်များတဲ့အလုပ်တွေကို မလုပ်ချင်တော့ပါဘူး၊ နင်နဲ့လက်ထပ်ပြီးရင် ကျားနက်ရှင်မတော့ မလုပ်တော့ဘူး၊ အိမ်ထောင်ရှင်မပဲ လုပ်တော့မယ်လေ မကောင်းဘူးလား"

ဟု အပြုံးဖြင့်မေးရာ နီမောင်က သဘောကျစွာဖြင့် ရယ်လိုက်သည်။

"ကောင်းပါတယ်. . ကောင်းပါတယ်၊ ငါ့အတွက်ကတော့ ဒီအစီအစဉ်က ပိုကောင်းပါတယ်"

ဟုပြောဆိုကာ နှစ်ယောက်သား ကြည်နူးစွာဖြင့် ရယ်မောလိုက်ကြလေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ထမန်းနက်သချိုင်း) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမှတ် အဆုံးသတ်ပြီဖြစ်ပေတော့သတည်း ။ ။

အနိယာဟောတု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန် ။ ။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၄)ရက်၊ ထနင်္လာနေ့၊ နံနက် (၁၁) နာရီ

☺ အောင်မြင်စာပေ ☺

